မြဝတီ နေ့စဉ်

သတင်းစုံသည်၊ မှန်သည်၊ မြန်သည် အားလုံးအတွက် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၃၀)

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်
၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၆ ရက်၊ အင်္ဂါနေ့

မြတ်ဗုဒ္ဓ၏အဆုံးအမတရား

အနာရောဂါကင်းခြင်းသည် အကြီးဆုံးလာဘ်ဖြစ်၏။ တင်းတိမ်ရောင့်ရဲခြင်းသည် အကောင်းဆုံးဥစ္စာဖြစ်၏။ အကျွမ်းတဝင်ချစ်ခင်သောသူသည် အကောင်းဆုံးဆွေမျိုးဖြစ်၏။ နိဗ္ဗာန်သည် အမြတ်ဆုံးချမ်းသာဖြစ်၏။ **ဓမ္မပဒ**

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု စဉ်ဆက်မပြတ်တိုးတက်၍ ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်(၄/၂၀၂၅) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နိုင်ငံတော်၏စီးပွားရေးလျင်မြန်စွာဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများသည် မြန်မာနိုင်ငံရှိ တိုင်းရင်းသားပြည်သူအများစု၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သကဲ့သို့ နိုင်ငံ့စီးပွားရေး၏ အသက်သွေးကြောလည်းဖြစ်



စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်(၄/၂၀၂၅)အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဩဂုတ် ၂၅

စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်၏ (၄/၂၀၂၅) အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ **စာမျက်နှာ ၅ ကော်လံ ၁** ■



အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၆ ရက်)

သစ်တောများဖြင့် စိမ်းလန်းစိုပြည်စေရေး

မြန်မာနိုင်ငံတစ်ဝန်း တောတောင်ရေမြေအနှံ့ဇရိယာအတော်များများတွင် သစ်တောဖုံးလွှမ်းပြီး သစ်၊ ဝါး၊ ကျေးငှက်သာရကာသားရဲမျိုးစုံပေါကြွယ်သည်။ မြန်မာပြည်အလယ်ပိုင်းဒေသသည် သစ်တောသစ်ပင်များအား အကြောင်းအမျိုးမျိုးဖြင့် အလွန်အကျွံထုတ်ယူသုံးစွဲခြင်းများကြောင့် တောတောင်များပြုန်းတီးပြီး တဖြည်းဖြည်းပူပြင်းခြောက်သွေ့ကာ မိုးနည်းရေရှားရပ်ဝန်းဖြစ်လာရသည်။ မျက်မှောက်ကာလတွင် မြန်မာနိုင်ငံအလယ်ပိုင်းစိမ်းလန်းစိုပြည်ရေးဆောင်ရွက်မှုများကြောင့် အထိုက်အလျောက်သစ်တောဖုံးလွှမ်းလာသော်လည်း အပူပိုင်းဒေသအဖြစ်ရှိနေသေးသည်။

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဩဂုတ်လ ၁၉ ရက်ကကျင်းပသည့် အပူပိုင်းဒေသ(၁၃)ခရိုင်စိမ်းလန်းစိုပြည်ရေး ၂၀၂၅ ခုနှစ် နိုင်ငံတော်အဆင့် ဒုတိယအကြိမ်လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲကို မင်းဘူးမြို့နယ် မင်းဘူး-ပဒါန်း-အမ်းကားလမ်းတွင်ကျင်းပရာ တမာပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးခဲ့သည်။ နှစ်စဉ်မိုးရာသီကာလများတွင် သစ်ပင်စိုက်ပျိုးပွဲများကို နိုင်ငံတော်အကြီးအကဲကိုယ်တိုင်ဦးဆောင်၍ စိုက်ပျိုးပေးလျက်ရှိသည်။ အထူးသဖြင့် အပူပိုင်းဒေသများတွင် ရာသီဥတုပိုမိုပူပြင်းလာသည်ကို သတိပြုမိသည့်အတွက် ဧပြီလ ၁၁ ရက်က မိတ္ထီလာခရိုင်တွင် ပထမအကြိမ်သစ်ပင်စိုက်ပျိုးပွဲကိုကျင်းပခဲ့ပြီး အပူပိုင်းဒေသ ၂၉ မြို့နယ်တွင်လည်း သစ်ပင်စိုက်ပွဲတော်များကို တစ်ပြိုင်တည်းကျင်းပဆောင်ရွက်ပေးခဲ့သည်။ ပထမအကြိမ်တွင် သစ်ပင်စုစုပေါင်း ၃၅၀၀၀ ခန့်စိုက်ပျိုးခဲ့သည်။

ယခုဒုတိယအကြိမ်တွင် သစ်မျိုး ၇ မျိုး၊ ပျိုးပင်ပေါင်း ၁၀၀၀ ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးခြင်းဖြစ်သည်။ မင်းဘူးဒေသသည် အပူပိုင်းဒေသများတွင်ပါဝင်ပြီး မိုးရွာသည့်ပုံစံများမှန်ကန်မှုမရှိခြင်း၊ မိုးရွာသွန်းမှုနည်းပါးခြင်း၊ အပူချိန်အတက်အကျများလွန်းခြင်းများဖြစ်ပေါ်လျက်ရှိသည်။ ရာသီဥတုဒဏ်မခံစားရစေရန်မှာ သစ်ပင်များစိုက်ပျိုးပေးခြင်းသည် အကောင်းဆုံးဖြစ်သည်။ သစ်ပင်များမရှိပါက မြေဆီလွှာများပျက်သုဉ်းလာပြီး သစ်ပင်များရှင်သန်မှုများနည်းပါးကာ ကန္တာရဆူးပင်များဖြင့် ပြည့်လာမည်ဖြစ်သည်။ ထိုသို့မဖြစ်ပေါ်စေရန်အတွက် သစ်ပင်များစိုက်ပျိုး၍ ကြိုတင်ကာကွယ်ကြရမည်ဖြစ်သည်။

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အပူပိုင်းဒေသ(၁၃)ခရိုင်စိမ်းလန်းစိုပြည်ရေး နိုင်ငံတော်အဆင့် ဒုတိယအကြိမ် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတွင် အမှာစကားပြောကြားစဉ် **"သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းကြောင့် အရိပ်အာဝါသများရရှိခြင်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ခြင်းများဖြစ်ပေါ်ရရှိလာမည်ဖြစ်ကြောင်း၊ ယခုဒေသတွင် သစ်ပင်များစိုက်ပျိုး၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ပိုမိုဆောင်ရွက်သင့်ကြောင်း၊ "သစ်တစ်ပင်ကောင်းပါက ငှက်တစ်သောင်းနားခိုနိုင်သည်"ဟု ပြောကြားကြကြောင်း၊ ကျေးငှက်သာရကာများလာရောက်နားခိုကြပြီး ၎င်းတို့သယ်ဆောင်လာသည့်သစ်စေ့များမှ သစ်ပင်များ ထပ်မံပေါက်ရောက်၍ သဘာဝပတ်ဝန်းကျင်ကိုစိမ်းလန်းစိုပြည်စေကြောင်း"**ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ၂၀၀၅ ခုနှစ်က သစ်တောဖုံးလွှမ်းမှုအနေဖြင့် ၄၉ ရာခိုင်နှုန်းရှိခဲ့ပြီး ယခုအခါ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းသာရှိတော့သည့်အတွက် ၇ ရာခိုင်နှုန်းခန့် လျော့နည်းသွားသည်။ သစ်တောဖုံးလွှမ်းမှု ၅၀ ရာခိုင်နှုန်းခန့်တိုးတက်စေရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အပူပိုင်းဒေသ(၁၃)ခရိုင်စိမ်းလန်းစိုပြည်ရေးအတွက် ၂၀၂၅-၂၀၂၆ မှ ၂၀၂၉-၂၀၃၀ အထိ ၅ နှစ်စီမံကိန်းတွင် ပျိုးပင်များထပ်မံစိုက်ပျိုးသွားရန်စီမံဆောင်ရွက်ထားပြီးဖြစ်သည်။ အဆိုပါစိုက်ပျိုးသည့်အပင်များအောင်မြင်အောင်စိုက်ပျိုးသွားမည်ဆိုပါက ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ပြီး ရာသီဥတုဖောက်ပြန်မှုများလည်း လျော့ပါးလာစေမည်ဖြစ်သည်။

သဘာဝဘေးအန္တရာယ်များသည် တားဆီး၍မရသော်လည်း လူများ၏ကြိုတင်ကာကွယ်ဖန်တီးမှု၊ လုံလု၊ ဝိရိယထားကြိုးပမ်းဆောင်ရွက်မှုများဖြင့် ထိုက်သင့်သလောက် အကာအကွယ်ပေးနိုင်မည်ဖြစ်သည်။ ယခုကဲ့သို့ သစ်ပင်များစိုက်ပျိုးဆောင်ရွက်ထားမည်ဆိုပါက ရာသီဥတုများကောင်းမွန်လာမည်ဖြစ်သည်။ လမ်းဘေးဝဲ၊ ယာ၌စိမ်းလန်းစိုပြည်ရေးအတွက် လမ်းဓရိယာ၌ အရိပ်ရလေကာပင်များအား စိုက်ပျိုးသွားရန်နှင့် ၅ ဧက၊ ၁၀ ဧက စသည့်သစ်တောငယ်များတည်ထောင်နိုင်ရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှာကြားထားပြီးဖြစ်သည်။ ယခုစိုက်ပျိုးခဲ့သည့်ကောင်းကျိုးများကို နောင်အနာဂတ်မျိုးဆက်သစ်များက ခံစားကြရမည်ဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံတစ်ဝန်း သစ်တောအစွမ်းဖြင့် စိမ်းလန်းစိုပြည်ရေးဆောင်ရွက်လျက်ရှိရာ အပူပိုင်းဒေသတစ်ခွင်တွင် သစ်ပင်စိုက်ပျိုးခြင်းသည် ရှေးယခင်မျိုးဆက်များ၏သစ်တောသစ်ပင်ဆိုင်ရာအားနည်းသည့်ပြုမူချက်အပေါ်ကျေးဇူးဆပ်ခြင်းဖြစ်ပြီး နောင်လာနောက်သားမျိုးဆက်တို့အတွက် အမွေကောင်းပေးခြင်းဖြစ်သည်။ သစ်တောသစ်ပင်ရှိနေပါက ရာသီဥတုကို ညီညွတ်မျှတစေခြင်း၊ သဘာဝဘေးအန္တရာယ်များကိုတားဆီးပေးခြင်း၊ ပတ်ဝန်းကျင်အခြေအနေကောင်းများဖန်တီးပေးခြင်း၊ ပြည်သူများလူမှုစီးပွားဖော်ဆောင်ပေးခြင်း စသည့်အကျိုးကျေးဇူးများရရှိလာမည်ဖြစ်ပေရာ "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"ဟူ၍ တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

ညောင်လေးပင်ခရိုင်အတွင်း စိုက်ပျိုးရေး မွေးမြူရေးနှင့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းကြည့်ရှု

တောင်ငူ ဩဂုတ် ၂၅

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တာဝန်ရှိသူများနှင့်အတူ ဩဂုတ်လ ၂၄ ရက်မွန်းလွဲပိုင်းတွင် ညောင်လေးပင်ခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းကြည့်ရှုအားပေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းနှင့်တာဝန်ရှိသူများသည် ဒိုက်ဦးမြို့နယ် ဒိုးတန်းကျေးရွာအုပ်စုခွဲ အောင်နိုင်တိုးမျိုးစေ့ထုတ်စိုက်ခြင်း ၈က ၂၀ အောင်မြင်ဖြစ်ထွန်းနေမှုကိုလည်းကောင်း၊ ဒရယ်မီးရပ်ကွက် သရဖူဆန်စက်၌ ဒိုက်ဦးဒေသထွက်အရှည် ၂၄ ပေ၊ အကျယ် ၁၅ ပေ၊ နှစ်ခန်းတွဲ ဒေသထုတ်စပါးအခြောက်ခံစက်တပ်ဆင်ထားရှိမှုကိုလည်းကောင်း၊ အိမ်ခြေလေးဆယ်ကျေးရွာအုပ်စုခွဲ တစ်ကွင်းတစ်ဆက်တည်း ၈က ၂၀၀ ဆင်းသုခမျိုးစေ့ထုတ်စိုက်ခင်း၌ စုပေါင်းမြေဩကြေပက်နေမှုနှင့် မျိုးကွဲနုတ်ပယ်နေမှုတို့ကိုလည်းကောင်း၊ ရှမ်းစုကျေးရွာ၌ ဦးခင်မောင်တင့်၏တန် ၁၀၀ ကျဆန်စက်နှင့် စပါးတင်းကုန်ကြီးသို့ ပို့ဆောင်ရောင်းချနေမှုတို့ကိုလည်းကောင်း၊ ရှမ်းစုကျေးရွာ၌ ဦးမျိုးဆွေဝင်းနှင့် ဦးဝင်းဇော်လတ်၏ ဒေသကျွဲကောင်ရေ ၆၀ မွေးမြူထားရှိမှုကိုကြည့်ရှုအားပေးပြီး နို့စားကျွဲမျိုးကောင်းများဖြင့် မေထုန်မဲ့သားစပ်၍ မျိုးမြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန်နှင့် နေဗီယာမြက်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများနှင့်ပေါင်းစပ်ဆောင်ရွက်ပေးကြောင်းသိရသည်။

ထို့နောက် ဦးဝင်းဇော်လတ်၏ ဒေသကျွဲကောင်ရေ ၆၀ မွေးမြူထားရှိမှုကိုကြည့်ရှုအားပေးပြီး နို့စားကျွဲမျိုးကောင်းများဖြင့် မေထုန်မဲ့သားစပ်၍ မျိုးမြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန်နှင့် နေဗီယာမြက်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများနှင့်ပေါင်းစပ်ဆောင်ရွက်ပေးကြောင်းသိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

မိတ္ထီလာမြို့နယ်၌ လယ်ကျစာရေးအခြေခံသင်တန်း(၇/၂၀၂၅) ဒုတိယအကြိမ်မြောက် ဖွင့်ပွဲအခမ်းအနားကျင်းပ

မိတ္ထီလာ ဩဂုတ် ၂၅

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် လျှပ်စစ်မန်နေဂျာရုံး၌ လယ်ကျစာရေးအခြေခံသင်တန်းအမှတ်စဉ်(၇/၂၀၂၅) ဒုတိယအကြိမ်မြောက် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၂၄ ရက်တွင် ကျင်းပကြောင်း သိရသည်။

လယ်ကျစာရေးအခြေခံသင်တန်းဖွင့်ပွဲအခမ်းအနားတွင် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အထွေထွေမန်နေဂျာ ဒေါ်ကြည်ကြည်လေး(ဘဏ္ဍာ)က လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ် လျှပ်စစ်မန်နေဂျာရုံးများ၌ တာဝန်ထမ်းဆောင်လျက်ရှိသော လယ်ကျစာရေးဝန်ထမ်းများအား လုပ်ငန်းခွင်အတွင်းရုံးလုပ်ငန်းများကျွမ်းကျင်မှုရှိစေရန်ရည်ရွယ်၍ လယ်ကျစာရေးအခြေခံသင်တန်းအမှတ်စဉ်(၇/၂၀၂၅) (ဒုတိယအကြိမ်မြောက်)ကို ဖွင့်လှစ်သင်ကြားခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းကို မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)မှ အထွေထွေမန်နေဂျာ ဒေါ်ကြည်ကြည်လေး(ဘဏ္ဍာ)၊ လက်ထောက်အထွေထွေမန်နေဂျာ(ဘဏ္ဍာ)၊ မိတ္ထီလာခရိုင်လျှပ်စစ်မန်နေဂျာနှင့် ခရိုင်လျှပ်စစ်အင်ဂျင်နီယာတို့က ပို့ချသွားမည်ဖြစ်ပြီး ၎င်းသင်တန်းကို မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ် လျှပ်စစ်မန်နေဂျာရုံးများ၌ တာဝန်ထမ်းဆောင်လျက်ရှိသော လယ်ကျစာရေးဝန်ထမ်း ၄၈ ဦး တက်ရောက်ကြကြောင်း သိရသည်။

(၆၀၂)

MWD Education, Knowledge & Sports Channel

၂၆-၈-၂၀၂၅(အင်္ဂါနေ့)

၁။	၀၇:၀၀	၀၈:၄၅	Grade-4	မြန်မာစာ၊ အင်္ဂလိပ်စာ၊ သချာ
၂။	၁၅:၃၀	၁၇:၁၀	Grade-4	သချာ၊ လူမှုရေး၊ သိပ္ပံ
၃။	၁၇:၁၀	၁၈:၀၀	Grade-5	မြန်မာစာ၊ အင်္ဂလိပ်စာ
၄။	၁၈:၀၀	၁၉:၃၅	Grade-5	သချာ၊ လူမှုရေး၊ သိပ္ပံ

မြဝတီ ခနဲ့စဉ်
Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိပွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းဝိုင်း၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ
နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်လမ်းကွက်၊ ပုဇွန်ဒိုရိုမြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၇၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၃၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မြေပဲလျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်

ပွင့်ဖြူ သြဂုတ် ၂၅

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မြေပဲလျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပြီး စိုက်ပျိုးရေဖူလုံမှုကြောင့် စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်း ဆီစားသုံးမှုဖူလုံစေရန်နှင့် တောင်သူများသီးနှံဝင်ငွေတိုးပွားစေရန် တစ်မြို့နယ်လုံး မြေပဲ ၃၆၁၉ ဧက စိုက်ပျိုးရန်လျာထားပြီး မေလမှ စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ၅၆၇ ဧက အထိ စိုက်ပျိုးပြီးစီးပြီဖြစ်၍ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ဆီစားသုံးမှု ဖူလုံပိုလျှံစေဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေ တိုးပွားစေဖို့ မြေပဲ ၃၆၁၉ ဧက လျာထားစိုက်ပျိုးခဲ့တာ လက်ရှိမှာ ၅၆၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာ မြေပဲစိုက်ခင်းတွေက စိုက်ပျိုးရေဖူလုံတဲ့အတွက် အောင်မြင်ဖြစ်ထွန်းမှုရှိပါတယ်။ မြေပဲစိုက်ပျိုးရေးနဲ့ပတ်သက်ပြီး တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိအောင် ဒေသနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်တွေ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်တွေ မှန်ကန်စေရေး၊ မြေဩဇာစနစ်တကျသုံးစွဲရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး စတဲ့စိုက်ပျိုးရေး အသိပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းဆောင်ရွက်ပေးပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။



ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ မြေပဲစိုက်ပျိုးရာ၌ တစ်ဧကလျှင် မျိုးစေ့တစ်တင်းခွဲ စိုက်ပျိုးရပြီး မျိုး၊ မြေဩဇာ၊ ပိုးသတ်ဆေးနှင့် အလုပ်သမားခမျာအပါအဝင် ငွေကျပ် နှစ်သိန်းကျော် ကုန်ကျမှုရှိပြီး နုတ်သိမ်းချိန်တွင် တစ်ဧကလျှင် မြေပဲတင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ တောင်သူများ၏ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို ဒေသမရွေး ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

ငပုတောမြို့နယ်၌ ဒေသထွက်မျှင်ငါးပိများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ



ငပုတော သြဂုတ် ၂၅

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်၌ မျှင်ငါးပိများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ငပုတောမြို့နယ်မှ ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဆွေဆွေမြင့်၏ပြောဆိုချက်အရ သိရသည်။

ငပုတောမြို့နယ်၌ သြဂုတ်လဒုတိယပတ်မှစ၍ ဒေသထွက်မျှင်ငါးပိများ ဝယ်လိုအားကောင်းမွန်လာသဖြင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ တစ်ရက်လျှင် မျှင်ငါးပိ ပိသာ ၄၅၀၀ မှ ၅၀၀၀ အထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"မျှင်ငါးပိတွေက ဒေသတွင်းမှာ အရောင်းအဝယ်ကောင်းနေတာပါ။ မျှင်ငါးပိရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူတွေက ဒေသထွက်မျှင်ငါးပိတွေကို မှာယူတဲ့ဒေသတွေအထိ ပို့ဆောင်ပေးတာပါ။ ဒေသထွက်မျှင်ငါးပိတွေက အရည်အသွေးကောင်းတော့ ဝယ်ယူမှုများတယ်။ အခုလိုအရောင်းအဝယ်တွေကောင်းလာတော့ ရေလုပ်ငန်းလုပ်ကိုင်သူတွေ၊ ကုန်သည်တွေနဲ့ အလုပ်သမားတွေ အဆင်ပြေလာပါတယ်" ဟု ဒေါ်ဆွေဆွေမြင့်ကပြောသည်။

ငပုတောမြို့နယ်၌ ငါးပိရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် ဒေသထွက်မျှင်ငါးပိများကို တခြားဒေသများသို့ စနစ်တကျထုပ်ပိုး၍ တင်ပို့ရောင်းချကြောင်း၊ အဆိုပါမျှင်ငါးပိများ အရောင်းအဝယ်ကောင်းလာသည့်အတွက် ရေလုပ်ငန်းလုပ်ကိုင်သူများ၊ ကုန်သည်များ၊ ပွဲရုံလုပ်ငန်းလုပ်ကိုင်သူများနှင့် လုပ်သားများ အဆင်ပြေလာကြောင်း သိရသည်။

သုတကျော်

ယခုနှစ် ကျောင်းပြင်ပပညာရေးတွင် ပညာသင်ကြားသူ ကျောင်းသား ကျောင်းသူအရေအတွက် ယခင်နှစ်ထက် ပိုမိုများပြား

နေပြည်တော် သြဂုတ် ၂၅

ယခုနှစ် ကျောင်းပြင်ပပညာရေးတွင် အခြေခံပညာမူလတန်းအဆင့်နှင့် အခြေခံပညာအလယ်တန်းအဆင့် ပညာသင်ကြားသူ ကျောင်းသား၊ ကျောင်းသူအရေအတွက်သည် ယခင်နှစ်ထက် ပိုမိုများပြားလာကြောင်း ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနမှ သိရသည်။

ကျောင်းပြင်ပရောက် ကလေးများနှင့် ကျောင်းနေအရွယ်လွန်ကလေးများအား ဒုတိယအကြိမ် ပညာသင်ကြားနိုင်မည့် အခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်ရန် ပညာရေးဝန်ကြီးဌာနမှ ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သည်။

"အခုပညာသင်နှစ် ကျောင်းပြင်ပပညာရေးမှာ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူဦးရေ ၆၂၅၀ ဦးရှိပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်ခုနစ်ခုက မြို့နယ်ပေါင်း ၆၅ မြို့နယ်မှာ သင်ကြားပေးနေပါတယ်။ ဒုံပြင် အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူဦးရေ ၁၃၉၄ ဦးရှိပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်ငါးခုက မြို့နယ်ပေါင်း ၂၁ မြို့နယ်မှာ သင်ကြားပေးနေပါတယ်။ ဒီအရေအတွက်ကပြီးခဲ့တဲ့နှစ်က အရေအတွက်ထက် ပိုမိုများပြားလာတာကို တွေ့ရပါတယ်"ဟု ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ် ဦးသန့်ဇင်ထွန်းကပြောသည်။

သက်ဆိုင်ရာမှစာရင်းများအရ ပြီးခဲ့သည့်ပညာသင်နှစ် ကျောင်းပြင်ပပညာရေးတွင် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူဦးရေ ၄၃၈၀ ဦးနှင့်အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူဦးရေ ၅၅၈၅ ဦး တက်ရောက်ခဲ့သည့်အတွက် ယခုပညာသင်နှစ် ကျောင်းပြင်ပပညာရေးတွင် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူဦးရေ ၁၈၀၀ ကျော်နှင့် အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူဦးရေ ၈၀၀ ကျော် ပိုမိုများပြားလာသည်။

အဆိုပါကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးအတွက် စွမ်းဆောင်ရည်ရှိသောဆရာ၊ ဆရာမများ ဖြစ်ပေါ်လာစေရန် သင်ကြားမှုနည်းစနစ်များ၊ စီမံခန့်ခွဲမှုနှင့် ဘာသာရပ်ဆိုင်ရာများကို ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနမှကြီးမှူး၍ သင်တန်းများဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း သိရသည်။

ဆောင်းဦး



တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

"ကျွန်ုပ်မှာ တရုတ်ပြည်သို့သွားခဲ့ရခြင်းနှင့်ပတ်သက်၍ ကံမကောင်းသောအခြင်းအရာများ အတော်လေးကြုံခဲ့ရ၏။ တရုတ်ပြည်မှပြန်လာကြ၍ နယ်စပ်ဖြစ်သော ရထားဘူတာရုံသို့ ဆိုက်ရောက်ကြရာတွင် ကျွန်ုပ်၏ ပတ်စ်ပို့စာအုပ်လေး ရှာမတွေ့ဘဲဖြစ်နေသည်ဟု ပြောကြ၍ အတော်စိတ်ညစ်သွား၏. . ."

ယမန်နေ့မှအဆက်

ကျွန်ုပ်သည်(တတ်နိုင်လျှင်) တခြားလူများအား အနှောင့်အယှက်မပေးလို သောဝါသနာအတိုင်း ထ၍ထိုင်မည်ပြုရာ စကားပြန်တရုတ်မလေးက "အိပ်သာ အိပ်ပါ အဘိုးရဲ့၊ တခြားနေရာမှာ သူတို့ ထိုင်ကြလိမ့်မပေါ့"ဟုပြောကာ ပြန်၍ လှဲခိုင်းပေသည်။ ဤအဖြစ်အပျက်နှင့် တကွ အချိန်ကိုမလေးစားခြင်း၊ ကျွန်ုပ်တို့ မော်တော်ကားစီးရပြီး သူတို့အဖို့ ဘတ်စကားသာစီးရ၍ မကျေမနပ်နှင့် ညည်းညူခြင်း စသောအခြင်းအရာများကို ကျွန်ုပ်တွေ့မြင်ရသည်တွင် ကိုဘငြိမ်းရွှေးလာခဲ့သော ကမ္ဘာ့ငြိမ်းချမ်းရေးကိုယ်စားလှယ်များကား တော်တော်ညံ့သေးသည်ဟု ကျွန်ုပ် မှတ်ချက်ချလိုက်မိသည်။ သို့ရာတွင် အားလုံးမဟုတ်။ ကျွန်ုပ်အပေါ်၌ ကြင်နာပုံရသည့် သခင်ကောင်းဆင့်ကဲ့သို့သော ကိုယ်စားလှယ်သုံးလေးယောက်ကိုလည်း ကြုံခဲ့ရပါပေသည်။

လောင်းကစားခြင်းကင်းပုံ

ကျွန်ုပ်တို့သည် တရုတ်ပြည်၌ လှည့်လည်ကြည့်ရှုကြစဉ် တရုတ်လူမျိုးများ အပေါ်၌ မကျေနပ်စရာ ဘာတစ်ခုမျှ မတွေ့ရဘဲ ထကြွလှုံ့လဲရိုယရှိခြင်း၊ သူတို့၏ခေါင်းဆောင်များစကားကို ကြည်ဖြူစွာ နာယူကြပုံရခြင်းတို့ကိုသာ တွေ့ရ၏။ တိုးတက်ခြင်းဟူသည်မှာမူ တရုတ်လူမျိုးများ၏ ယခင်အခြေအနေကို မမြင်ရဖူးဘဲ ဤတစ်ခေါက်တည်း ရောက်ဖူးသူဖြစ်၍ နှိုင်းယှဉ်ချက်ထုတ်စရာမရှိသည့်အတွက်ကြောင့် တိုးတက်သည် သို့မဟုတ် ဆုတ်ယုတ်သည်ဟု ကျွန်ုပ်က မှတ်ချက်ချခဲ့လျှင် အဓိပ္ပာယ်ရှိလိမ့်မည်မဟုတ်ချေ။ ကျွန်ုပ် ချီးမွမ်းမိသောအချက်တစ်ခုမှာ လောင်းကစားခြင်းအလုပ်၌ ကမ္ဘာကျော်အောင် ဝါသနာကြီးသော တရုတ်လူမျိုးဖြစ်ခဲ့ပါလျက် မော်စီတုံးလက်ထက်တွင် မည်သည့် နေရာဌာနတွင်မှ လောင်းကစားခြင်းနှင့် ပတ်သက်၍ အရိပ်အငွေ့မမြင်ခဲ့ရခြင်းပင် ဖြစ်သည်။ ဤအကြောင်းကို ရေးသားလျက်ရှိစဉ် မြင်းကောင်းမျိုး ထွန်းကားရန်အတွက်ဆို၍ ဥရောပတိုက်သားများ စတင်တည်ထောင်ခဲ့သည့် မြင်းပွဲများသည် ဘုရားမရှိ၊ တရားမရှိ၊ ဘာသာမရှိဆိုသည့် တရုတ်ကွန်မြူနစ်တိုင်းပြည်၌ လုံးလုံးကြီးအစတုံးပြီး လောင်းကစားခြင်းသည် ငရဲကြီးသည်ဟု ပါးစပ်ကပြောကာ နိုင်ငံတော်ဘာသာ တည်ထောင်သည်ဆိုသော ဦးနှဲ၏မြန်မာပြည်၌ ဗြိတိသျှအစိုးရလက်ထက်ကအတိုင်း ဆက်လက်၍ စည်ကားပြန့်ပွားလျက်ရှိခြင်းကို သတိရမိသည်။ မိမိမပိုင်သောငွေကို အလွဲသုံးစားပြုမိခြင်းအတွက်ကြောင့် ထောင်တန်းကျရသည့် ငွေကိုင်စာရေးများ၊ ငွေတိုက်အရာရှိများ၊ သား၀၊ မယား၀ အဖွဲ့အမှုဆောင်များ၏ဖြစ်အင်ကို စစ်တမ်းယူလိုက်သည်ရှိသော် မြင်းပွဲများ၌ ရှုံးခြင်းကြောင့် အလွဲသုံးစားပြုမိသူများ၏ ရာခိုင်နှုန်းအရေအတွက်သည် အတော်ကြီးမားများပြားလိမ့်မည်ဟု ကျွန်ုပ် တွေးထင်မိသည်။

အလန့်တကြား စိတ်ပျက်ခြင်း

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ကျွန်ုပ်မှာ တရုတ်ပြည်သို့သွားခဲ့ရခြင်းနှင့်ပတ်သက်၍ ကံမကောင်းသောအခြင်းအရာများ အတော်လေးကြုံခဲ့ရ၏။ တရုတ်ပြည်မှပြန်လာကြ၍ နယ်စပ်ဖြစ်သော ရထားဘူတာရုံသို့ ဆိုက်ရောက်ကြရာတွင် ကျွန်ုပ်၏ ပတ်စ်ပို့စာအုပ်လေး ရှာမတွေ့ဘဲဖြစ်နေသည်ဟု ပြောကြ၍ အတော်စိတ်ညစ်သွား၏။ ကျွန်ုပ်တို့ကိုယ်စားလှယ်များသည် မိမိတို့၏ နိုင်ငံကူးလက်မှတ် (ပတ်စ်ပို့စာအုပ်လေး) များကို တရုတ်အစိုးရအရာရှိများ၏ လက်သို့ အသီးသီးပေးအပ်ထားကြရလေရာ နယ်စပ်ဘူတာရုံသို့ ရောက်ကြသောအခါ၌ တခြားကိုယ်စားလှယ်တော်များ၏ ပတ်စ်ပို့များ တွေ့ရပါလျက် ကျွန်ုပ်၏ပတ်စ်ပို့တစ်ခုတည်းမှ ရွေးပြီး ပျောက်နေသည်ဆိုသောကြောင့် အလွန်စိတ်မကောင်း ဖြစ်သွားခဲ့၏။ ပတ်စ်ပို့မပါခဲ့လျှင် နယ်စပ်ကို ကူးကျော်ခွင့်မရှိသဖြင့် ကျွန်ုပ်တစ်ယောက်တည်း တရုတ်ပြည်၌ ချန်နေရစ်ရမည်ဆိုသောကြောင့် အလွန်စိတ်ပျက်လျက်ရှိ၏။ သို့ဖြစ်၍ ကျွန်ုပ်သည် ပြန်သွားကြမည့် ကိုယ်စားလှယ်များကိုပင် နှုတ်မဆက်နိုင်ဘဲ ရထားပေါ်၌ တစ်ယောက်တည်း ပက်လက်လှန်ကာ အိပ်နေရစ်သည်။ သို့ရှိစဉ် မိမိကိုယ်ကို "တရုတ်ပြည်ရောက်ချင်လှတဲ့ ငနဲတစ်ယောက်ပေရော့ကွာ၊ မင်း တစ်ယောက်တည်း ဘယ်နှရက်၊ ဘယ်နှလ နေခဲ့ရမယ်မဆိုနိုင်ဘူး၊ အီသွားအောင် နေရလိမ့်မယ်၊ မှတ်ကရောပေါ့ကွာ" ဟု ပြောမိပါသေးသည်။ ကျွန်ုပ်မှာ အဖော်ခင်တတ်သည်ဆိုလောက်သည့် ဝါသနာမရှိတော့စေကာမူ နိုင်ငံခြားတိုင်းပြည်သို့ ဤတစ်ခေါက်တည်းသာရောက်ဖူးသောကြောင့်ထင်။ တစ်ယောက်တည်း နေရစ်ရမည့်အတွက် အတော်အားငယ်လှသည်။ "ရွှေဥဒေါင်း၊ ရွှေဥဒေါင်း" ဟု ခေါ်သံကြားသည်နှင့် ထကြည့်လိုက်သောအခါ ကျွန်ုပ်တို့၏ စကားပြန်တရုတ်မလေး ပြေးလာသည်ကိုမြင်ရ၍ လက်ထဲ၌ အနီရောင်ရှိသော စာအုပ်လေးအား ဝမ်းသာအားရနှင့် မြှောက်ယမ်းလာခြင်းကို တွေ့ရသည်။ အဓိပ္ပာယ်ကား ကျွန်ုပ်၏ပတ်စ်ပို့စာအုပ်တွေ့ပြီဖြစ်၍ နယ်စပ်၏ တခြားဘက်၌ ဆိုက်လျက်ရှိသေးသော ရထားကို မီအောင်ပြေးရန် ဖြစ်လေသည်။ ကျွန်ုပ်သည် တရုတ်ပြည်၌ အသစ်အဆန်းများ မြင်တွေ့ရခြင်းကြောင့် ဝမ်းမြောက်ရသော အကြိမ်ပေါင်းအတော်များခဲ့ပါ၏။ သို့ရာတွင် စကားပြန်မလေး၏လက်ထဲ၌ စာအုပ်နီလေးကို မြင်လိုက်ရခြင်းကဲ့သို့ ဝမ်းသာသောအဖြစ်ကို မမှတ်မိပါ။ စာအုပ်လေးကို သူ့လက်မှဆွဲယူပြီး လက်ဆွဲအိတ်လေးကိုလှမ်းယူကာ နယ်စပ်ဆီသို့ ကတိုက်ကရိုက်ပြေးလေရာ စကားပြန်မလေးက "ဝတ်ဒဲဘိုင် ဂရင်ပါ" (သွားပေတော့အဘိုး) ဟု နှုတ်ဆက်ခြင်းကိုပင် မဟားတရား ပြန်ပြောခဲ့ရသည်။ ကျွန်ုပ်၏ လေးလံသောသားရေအိတ်ကိုမူ ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဖရင့် ဧည့်ခံကော်မတီနှင့် အလုပ်လုပ်ကြသည့်လူငယ်များက ထမ်းပိုးသယ်ယူပို့ဆောင်ကြပါပေသည်။

ကံဆိုးပုံ တစ်ချက်

ကျွန်ုပ်၏ ကံမကောင်းခြင်းသည် ဟောင်ကောင်သို့ ရောက်ကြသောအခါတွင်လည်း လက်စမသိမ်းသေးချေ။ ကျွန်ုပ်သည် ဟောင်ကောင်၌ လူသုံးပစ္စည်းများ ဈေးပေါသည်ဆိုသောကြောင့် အိမ်မှယူခဲ့သောငွေနှင့် ပီကင်းကွန်ဖရင့်ကော်မတီက တိုလီမိုလီသုံးစွဲရန်ပေးသည့်ငွေကို ဘာမျှမသုံးဘဲ ဟောင်ကောင်၌ ဈေးဝယ်ရန် ချန်ခဲ့၏။ သို့ရာတွင် အလာခရီး၌ ကျွန်ုပ်တို့ ဒုတိယအသုတ်ကိုယ်စားလှယ်များစီးလာကြသည့် ထိုင်းလေယာဉ်ပျံသည် နောက်တစ်နေ့တွင် ဆိုက်ရောက်လာလေရာ(အသွားအပြန်လက်မှတ် ဝယ်ထားကြသည့်)ကိုယ်စားလှယ် ၁၀ ယောက်မှာ ဈေးဝယ်ချိန်မရတော့ဘဲ လေဆိပ်သို့ လာကြရတော့သည်။ ကျွန်ုပ်သည် ဈေးဝယ်ရန်သာမက ကမ္ဘာ၌ အတော်နာမည်ကြီးသော ဟောင်ကောင်ကို နှံ့အောင် လှည့်လည်ကြည့်ရှုလိုသောဆန္ဒလည်းရှိ၏။ ကျွန်ုပ်တို့နှင့်အတူ ပြန်ကြရမည့် ရဟန်းကိုယ်စားလှယ်နှစ်ပါးသည် ကျွန်ုပ်တို့နှင့်အတူ မလိုက်လိုသေးသည်နှင့် ကိုဘငြိမ်းအား နေရစ်ခွင့်ရစေရန် ပြောခိုင်းကြရာ အခွင့်ရ၍ နေရစ်ကြ၏။ ကျွန်ုပ်သည်လည်း အထက်ပါအကြောင်းကြောင့် သူတို့ကဲ့သို့ နေရစ်ချင်သေး၍ အခွင့်တောင်းဖို့ စိတ်ကူးပါသေး၏။ သို့ရာတွင် မျက်နှာသာပုံမရသော ကိုဘငြိမ်းကို မြင်ရသည်နှင့် ဤနိုင်ငံရေးသမားများ ထံမှ ဘာအခွင့်အရေးမှ မတောင်းလိုတော့ပါဟုဆုံးဖြတ်ကာ သူတို့နှင့်အတူ ပြန်လိုက်ခဲ့ပါသည်။ ကျွန်ုပ်တို့ ၁၀ ယောက် မှအပ ကြွင်းကျန်သောကိုယ်စားလှယ်များမှာမူ ဟောင်ကောင်၌ သုံးရက်ခန့် ဆက်လက်နေထိုင်ခွင့်ရှိကြလေရာ ကျွန်ုပ် သာလျှင် ဘာမျှမဝယ်ခဲ့ရဘဲ ငွေကိုပိုက်ပြီး ပြန်လာခဲ့ရသည်။

မျက်နှာငယ်သော ကမ္ဘာ့ငြိမ်းချမ်းရေးသမား

မင်္ဂလာဒုံလေဆိပ်သို့ ည ၈ နာရီ အချိန်တွင် ဆိုက်ရောက်လာသောအခါ အကောက်အရာရှိများသည် ကျွန်ုပ်တို့ ကမ္ဘာ့ငြိမ်းချမ်းရေး ကိုယ်စားလှယ်များ၏ပစ္စည်းများကို အထူးစေ့စပ်စွာ ရှာဖွေစစ်ဆေးကြ၏။ နိုင်ငံခြားမှပြန်လာကြသည့် ခရီးသည်အမျိုးမျိုးရှိကြသည့် အနက် အကောက်အရာရှိများသည် ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဖရင့်မှ ပြန်လာသူများကို အထူးဂရုစိုက်၍ စစ်ဆေးကြသည် ထင်၏။ တခြားခရီးသည်များနှင့်နှိုင်းစာလျှင် ကမ္ဘာ့ငြိမ်းချမ်းရေးသမားများသည် လေဆိပ်၌ အတော်မျက်နှာငယ်ပုံရ၏။ အရာရှိများသည် တရုတ်ပြည်ကပေးလိုက်သည့် ဝါးထီးလေးတစ်ချောင်းကိုပင် အကောက်ခွန်ခွဖို့ သတ်မှတ်ကြ၏။ ကျွန်ုပ်တို့သည် မြန်မာငွေနှင့် ဝယ်ယူခဲ့ခြင်းမဟုတ်ဘဲ တိုင်းပြည်တစ်ပြည်က မေတ္တာလက်ဆောင်ပေးလိုသည်ဆိုပါလျှင် ကျွန်ုပ်တို့ မြန်မာပြည်၌ ဘဏ္ဍာ(Wealth) တိုးပွားလာခြင်းဖြစ်သောကြောင့် ၎င်း ပစ္စည်းအပေါ်မှ အခွန်ကောက်ယူထိုက်သည်မထင်ပါ။ မည်သို့ပင်ဖြစ်စေ ဝန်ကြီးအစရှိသော ဧည့်သည်များသည် နိုင်ငံခြားမှပြန်လာ၍ အလကားရခဲ့သော လက်ဆောင်မှန်ခဲ့လျှင် အကောက်ပေးဆောင်ကြရသည်မထင်ပါ။ ကျွန်ုပ်တို့ ကမ္ဘာ့ငြိမ်းချမ်းရေးကိုယ်စားလှယ်များထံမှမူ ထိုးလေးတစ်လက်ကိုမျှ ချမ်းသာမပေးဘဲ လုံးစေ့ပတ်စေ့ညစ်ယူကြခြင်းကို ခံခဲ့ကြရသည်။

ဆက်လက်ဖော်ပြပါမည်။

လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဥဏ္ဍာစွမ်းရည်ပြိုင်ပွဲ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ

ကန်ကြီးထောင့် သြဂုတ် ၂၅

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် World Vision တို့ပူးပေါင်း၍ စက်တင်ဘာလ ၁၃ ရက်တွင် ကျရောက်မည့် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဥဏ္ဍာစွမ်းရည်ပြိုင်ပွဲ၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို သြဂုတ်လ ၂၅ ရက်တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခွဲ ကျင်းပသည်။

ဥဏ္ဍာစွမ်းရည်ပြိုင်ပွဲတွင် ကန်ကြီးထောင့်မြို့နယ် အခြေခံပညာကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူများက ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ အင်္ဂလိပ်စကားပြောစွမ်းရည်ပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်မာဦးနှင့်တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအား လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့နှင့် ပတ်သက်သည့် နံရံကပ်စာစောင်များ၊ စာအုပ်စာစောင်များအား ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။



ကျော်ဇင်စိုး(ပြန်/ဆက်)

❖ လူတို့၏အဓိကလိုအပ်ချက်မှာ စားဝတ်နေရေးဖြစ်သည့်အတွက် စားဝတ်နေရေးကို ဖြည့်ဆည်းပေးနေသည့် စိုက်ပျိုးမွေးမြူရေးနှင့် Agro Based Industry ကုန်ထုတ်လုပ်ငန်းတို့သည် အဓိကဖြစ် . . .

❖ ယခုအခါ နှစ်စဉ်ပြည်ပမှ စားအုန်းဆီ အမေရိကန်ဒေါ်လာ သန်း၅၀၀ ဖိုးခန့် တင်သွင်းနေရသည့်အတွက် ပြည်ပမှစားသုံးဆီတင်သွင်းမှု လျော့ကျစေရေးအတွက် ပြည်တွင်း၌ဆီထွက်သီးနှံဖြစ်သည့် နေကြာသီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးရန်လိုအပ် . . .

❖ ပြည်သူတစ်ရပ်လုံး စားရေရိကၡာဖူလုံရေး၊ ဆန်စပါးနှင့် ဆီထွက်သီးနှံစိုက်ပျိုးရေး၊ ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်ရေး၊ အသား၊ ငါး၊ ရေထွက်ကုန် တိုးတက်ထုတ်လုပ်၍ ပြည်ပဈေးကွက်ကောင်းရရှိပြီး ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးတို့ကို ဝန်ကြီးဌာနများအပါအဝင်၊ UMFCCI အသင်းအဖွဲ့များ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ တောင်သူလယ်သမားကြီးများအားလုံးမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက် . . .

■ ရှေ့ဖုံးမှအဆက်

အသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာစိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညီစောက အမှာစကားပြောကြားရာတွင် ယနေ့ အစည်းအဝေးသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီးနောက် ပထမဆုံးခေါ်ယူသည့် အစည်းအဝေးဖြစ်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍသည် နိုင်ငံတော်၏ဦးစားပေးကဏ္ဍဖြစ်သည့်အတွက် အရေးကြီးသည်ကို ပြောကြားလိုကြောင်း။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ဦးတည်ချက်(၄)ရပ်တွင် ပါရှိသည့် **“နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည်ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး”** ဟု နိုင်ငံတော်အနေဖြင့် စိုက်ပျိုးမွေးမြူရေးကို အဓိကဦးစားပေးကဏ္ဍအဖြစ် သတ်မှတ်ခြင်းသည် နိုင်ငံတော်၏စီးပွားရေးစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ကော်မရှင်အနေဖြင့် “နိုင်ငံတော်ရွေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့” ဆိုသည့်အတိုင်း စိုက်ပျိုးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမှသည် ကုန်ထုတ်လုပ်မှုစွမ်းအား တိုးတက်ရေးကို အလေးထားကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

လူတို့၏ အဓိကလိုအပ်ချက်မှာ စားဝတ်နေရေးဖြစ်သည့်အတွက် စားဝတ်နေရေးကို ဖြည့်ဆည်းပေးနေသည့် စိုက်ပျိုးမွေးမြူရေးနှင့် Agro Based Industry ကုန်ထုတ်လုပ်ငန်းတို့သည် အဓိကဖြစ်ကြောင်း၊ မိမိတို့ မြန်မာနိုင်ငံသည် ရေမြေသယံဇာတများစွာပေါများသောနိုင်ငံဖြစ်သည့်အတွက်စားရေး၊ဝတ်ရေး၊ နေရေးတို့ကို စိုက်ပျိုးမွေးမြူရေးကဏ္ဍနှင့် တောတောင်သယံဇာတတို့မှ ရရှိကြသည့်အတွက် နိုင်ငံသူ၊ နိုင်ငံသားများအတွက် ပြည့်စုံသော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အကြီးအကဲက ပန်းတိုင်အထွက်တိုးရေးနှင့် သီးထပ်များစိုက်ပျိုးနိုင်ရေးကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် လက်ရှိမိုးစပါးစိုက်ဧကများ ပန်းတိုင်အထွက်နှုန်းရရှိအောင်ကြိုးပမ်းရန်နှင့် နွေစပါးကို ရေရရှိနိုင်မှုအပေါ်မူတည်ပြီး တိုးချဲ့စိုက်ပျိုးသွားရန် လိုအပ်ကြောင်း၊ လယ်မြေအဖြစ် ပြောင်းလဲစိုက်ပျိုးနိုင်ခြင်းမရှိသည့် တောင်ကုန်းနေရာများတွင် နှစ်ရှည်သစ်ပင်များစိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်းကို လမ်းညွှန်ခဲ့ပြီးဖြစ်ကြောင်း။

ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးဆောင်ရွက်ရေးသည် အရေးကြီးသည့်အတွက် ဆီထွက်သီးနှံများဖြစ်သော မြေပဲ၊ နှမ်းနှင့်နေကြာတို့ကို အထူးဇုန်များသတ်မှတ်စိုက်ပျိုးလျက်ရှိသော်လည်း ရည်မှန်းချက်မပြည့်မီနိုင်သေးကြောင်း၊ နေကြာတိုးချဲ့စိုက်ပျိုးရေးကို ၂၀၂၂ ခုနှစ်မှစ၍ လမ်းညွှန်မှာကြားထားပြီးဖြစ်ဆဲဖြစ်သည့်အတွက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်မှုများတွင် ရလဒ်ကောင်းကို ရရှိရန်အလှမ်းကွာဝေးနေသေး သည့်အတွက် အကြိမ်ကြိမ်တွန်းအားပေးပြောဆိုနေရခြင်းပင်ဖြစ်ကြောင်း။

ပြည်တွင်း စားသုံးဆီဖူလုံရေးနှင့် ပြည်ပတင်ပို့နိုင်ရေးအတွက်နေကြာတိုးချဲ့ စိုက်ပျိုးသင့်ကြောင်း၊ နေကြာတိုးချဲ့စိုက်ပျိုးခြင်းဖြင့် အထွက်နှုန်းမြင့်မားခြင်း၊ စိုက်ပျိုးချိန်ကာလတိုတောင်းခြင်း၊ စိုက်ပျိုးရလွယ်ကူခြင်း၊ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုနိုင်ကြောင်း၊ နေကြာဆီပိုလျှံထွက်ရှိခြင်းဖြင့် နိုင်ငံတော်၏ စားသုံးဆီ လိုအပ်ချက်ကိုလျော့နည်းစေပြီး ပြည်ပနိုင်ငံများမှတင်သွင်းမှု လျော့ချနိုင်ခြင်းကြောင့် နိုင်ငံခြားငွေသုံးစွဲမှု သက်သာစေမည်ဖြစ်သည့်အတွက် နေကြာတိုးချဲ့စိုက်ပျိုးရေးကိုအလေးထား၍ မူဝါဒချမှတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေ (၅၁ ဒသမ ၃) သန်းအတွက် လူတစ်ဦး တစ်နှစ် (၆)ပိသာနှုန်းဖြင့်တွက်ချက်ပါက ဆီတန်ချိန် ၅ သိန်း လိုအပ်မည်ဖြစ်ကြောင်း၊ လက်ရှိစိုက်ပျိုးနေသော မြေပဲ၊ နှမ်း၊ နေကြာ၊ မုန်ညင်း၊ ပန်းနှမ်းသီးနှံများ၏ ထွက်ရှိမှုအရစားသုံးဆီ ထုတ်လုပ်ခဲ့သော် နိုင်ငံတွင်ဖူလုံနိုင်သည်ဟု ခန့်မှန်းတွက်ချက် ရနိုင်သော်လည်း မြေပဲ၊ နှမ်း သီးနှံများမှာ လုံးဆန်အနေဖြင့်လည်း စားသုံးကြသည့်အပြင် ပြည်ပသို့လည်း တင်ပို့ရောင်းချလျက်ရှိသောကြောင့် ပြည်တွင်းဆီဖူလုံရေးအတွက် လိုအပ်ချက်ရှိမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ စားသုံးဆီအဖြစ်သာ သုံးစွဲနိုင်မည့်နေကြာသီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးရန်လိုအပ်လျက်ရှိပါကြောင်း၊ ယခုအခါ နှစ်စဉ်ပြည်ပမှ စားအုန်းဆီ အမေရိကန်ဒေါ်လာ သန်း၅၀၀ ဖိုးခန့် တင်သွင်း နေရသည့်အတွက် ပြည်ပမှစားသုံးဆီတင်သွင်းမှု လျော့ကျစေရေးအတွက် ပြည်တွင်း၌ဆီထွက်သီးနှံဖြစ်သည့် နေကြာသီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးရန်လိုအပ်ပါကြောင်း။

အလားတူ နေကြာဆီသည် အရည်အသွေးကောင်းပြီး၊ ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေသော စားသုံးဆီဖြစ်ပြီး ဈေးကွက်ဝင်သီးနှံဖြစ်သောကြောင့် စနစ်တကျစိုက်ပျိုးထုတ်လုပ်ပါက တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်စေမည်ဖြစ်ကြောင်း၊ ထို့ပြင် စပါးနှင့်ပဲကိုသာ အထူးပြုစိုက်ပျိုးသော သီးနှံပုံစံမှ နေကြာကို သီးနှံတစ်မျိုးအနေဖြင့် ကျယ်ပြန့်စွာ စိုက်ပျိုးနိုင်ခြင်းဖြင့် တောင်သူလယ်သမားများ၏ စိုက်ခင်းတွင် သီးနှံမျိုးစုံလင်အောင် စိုက်ပျိုးနိုင်ကာ (Crop Diversification) ကို ရရှိနိုင်စေခြင်း၊ တစ်ဖန်နေကြာကို သီးလှည့်စိုက်ပျိုးခြင်းဖြင့် မြေဆီလွှာ အာဟာရကိုလည်း ထိန်းသိမ်းပေးထားနိုင်သည်ဟု လေ့လာတွေ့ရှိရကြောင်း၊ လက်ရှိတွင် ပြည်တွင်းဆီဖူလုံရေး ဆောင်ရွက်ရာတွင် မြေပဲဆီဈေးနှုန်းသည် ထုတ်လုပ်မှုစရိတ်များသည့်အတွက် စားသုံးသူများအနေဖြင့် လက်လှမ်းမီသည့် ဈေးနှုန်းဖြစ်စေရန် ပြည်တွင်းဆီစက်များ ဆက်လက်ရှင်သန်နိုင်ရေး၊ ဆီထွက်သီးနှံကုန်ကြမ်းဈေးနှုန်းများ ကျဆင်းလာစေရေးအတွက် ဆီထွက်သီးနှံစုံတိုးချဲ့စိုက်ပျိုးရေးကို မူဝါဒတစ်ခုအဖြစ် ဆောင်ရွက်သွားရမည်ဖြစ်သဖြင့် စိုက်ဧရိယာပိုမိုတိုးတက်ရေးနှင့် သီးထပ်စွမ်းအား တိုးတက်ရန် ဆောင်ရွက်ရေးတို့ကို တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များ၏ဦးဆောင်မှုဖြင့် အောင်မြင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း။

“နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့” ဆိုသည့်အတိုင်း စိုက်ပျိုးရေးကဏ္ဍတွင်လည်း စိုက်ပျိုးရေးပညာရပ်ကို မြှင့်တင်ဆောင်ရွက်ရန်လိုအပ်ပြီး လက်ရှိတွင် စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးတက္ကသိုလ်များအပြင် မိမိတို့ အစိုးရလက်ထက်၌ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း(၈၉)ကျောင်း ဖွင့်လှစ်နိုင်ခဲ့သည့်အတွက်ကျောင်းသား၊ကျောင်းသူ (၅၀၉၁)ဦး လာရောက်အပ်နှံ တက်ရောက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးသုတေသနလုပ်ငန်းများတွင်လူသားအရင်းအမြစ်ရင်းနှီးမြှုပ်နှံခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးကျေးဇူး ပြန်လည်ရရှိမှုနှုန်းအလွန်မြင့်မားပြီး ကုန်ထုတ်စွမ်းအားနှင့် ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်ရေးတွင် အဓိကအခန်းကဏ္ဍတွင် ပါဝင်နေကြောင်း။

စိုက်ပျိုးရေးရရှိရေးအတွက် လက်ရှိနိုင်ငံတစ်ဝန်းတွင် ရေလှောင်တမံ၊ ရေလွှဲဆည်၊ ဆည်ရေသောက်စနစ်၊ ရေတင်လုပ်ငန်း၊ မြေအောက်ရေ စက်ရေတွင်းများမှ စိုက်ပျိုးရေးဝေခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ရေချိုသွင်းမြောင်း တူးဖော်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်၍ ဆိုလာစနစ်သုံးရေသွင်းရေတင်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အရေးကြီး သီးနှံ(၁၀)မျိုးအပြင် အာလူး၊ ကြက်သွန်နီနှင့် ကြက်သွန်ဖြူတို့ကိုလည်း အရေးကြီးသီးနှံ(၃)မျိုးအဖြစ် ထည့်သွင်းသတ်မှတ်ပြီး ပန်းတိုင်အထွက်နှုန်း ရည်မှန်းချက်ပြည့်မီရေးကို တိုင်းဒေသကြီး၊ ပြည်နယ်များအနေဖြင့် အလေးထားဆောင်ရွက်ရန် အထူးတိုက်တွန်းလိုကြောင်း။

စပါးစိုက်ပျိုးသည့်တောင်သူများအား Drum Seeder များ အပြည့်အဝအသုံးပြုပြီး အစေ့ချဆောင်ရွက်ခြင်းဖြင့် စပါးအထွက်နှုန်းတိုးတက်ကောင်းမွန်ရေး နိုင်ငံတော်မှမတည်ငွေများ အတိုးမဲ့ စိုက်ထုတ်ဆောင်ရွက်ပေးထားကြောင်း၊ Drum Seeder များကို နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး (၆)ခုတို့အတွက်ရေ့ပြေးဦးစားပေးဆောင်ရွက်ပေးထားပြီး နောက်ပိုင်းတွင် ကျန်ရှိသည့်ဒေသများတွင်လည်း ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း။

ယခုနှစ် ဩဂုတ်လမှစ၍ နိုင်ငံတော်၏ စီးပွားရေးအထောက်အကူပြု သီးနှံများကို စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် တောင်သူများအဓိကလိုအပ်သော ယူရီးယား ဓာတ်မြေဩဇာနှင့် ၁၅ ပတ်လည်ကွန်ပေါင်း ဓာတ်မြေဩဇာတို့ကို စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်နှင့် ယူရီးယား ဓာတ်မြေဩဇာ တင်သွင်းဖြန့်ဖြူးရေး ဦးဆောင် ကော်မတီတို့မှ ဈေးကွက်ပေါက်ဈေးထက် ၂၅ရာခိုင်နှုန်းအောက် လျော့နည်းသောဈေးနှုန်းဖြင့် တောင်သူများ လက်ဝယ်အရောက်ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မိုးသီးနှံအထွက်နှုန်းတိုးရန်လိုအပ်သည့်နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးတို့၌ အဓိကဖြန့်ဖြူးပေးထားသည့်အပြင် ကျန်တိုင်းဒေသကြီး၊ ပြည်နယ်များအတွက်ပါ လျာထားဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်တွင် စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်ရန်အတွက်လည်း “နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့” ဆိုသည့်အတိုင်း နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီ မြန်မာနိုင်ငံအလယ်ပိုင်း ရာသီဥတုပူပြင်းသည့်ဒေသများတွင် အပူဒဏ်များလွန်ကဲစွာမခံစားရစေရန်သစ်ပင်များစိုက်ပျိုးပေးခြင်းသည် အကောင်းဆုံးဖြစ်ကြောင်း၊ သစ်ပင်များမရှိပါက မြေဆီလွှာများပျက်သုဉ်းလာပြီး သစ်ပင်များရှင်သန်မှုများနည်းပါးလာပါက ကန္တာရဆူးပင်များဖြင့် ပြည့်လာမည်ဖြစ်သည့်အတွက် ထိုသို့မဖြစ်ပေါ်စေရန် သစ်ပင်များစိုက်ပျိုး၍ ကြိုတင်ကာကွယ်ခြင်းများကို လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ရန်လိုအပ်ကြောင်း။

အလားတူ မွေးမြူရေးကဏ္ဍသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မွေးမြူရေး တောင်သူတစ်ဦးချင်း၏ ဝင်ငွေတိုးတက်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးသည့် အခန်းကဏ္ဍတွင်ပါဝင်ပြီး တိုးတက်လာသည့် ပြည်သူလူထုအတွက် စားရေရိကၡာဖူလုံကြွယ်ဝစေရေးနှင့်အာဟာရဓာတ်ပြည့်ဝစေရေး အထူးအရေးကြီးသည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ အထူးသဖြင့် နို့စားနွားတိုးချဲ့မွေးမြူနိုင်အောင် စီမံဆောင်ရွက်ပြီး နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်မှုကဏ္ဍတိုးတက်အောင် ဆောင်ရွက်ပေးခြင်းဖြင့် ပြည်ပမှနို့နှင့် နို့ထွက်ပစ္စည်း တင်သွင်းမှုကို လျော့ချနိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပြီး နို့စားနွားသာမက အသားစားနွားမွေးမြူရေးကို တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

သို့နှင့် ဆိတ်မွေးမြူရေးသည်လည်း နိုင်ငံအတွင်း ဖြစ်ထွန်းအောင်မြင်နေသည့် မွေးမြူရေးလုပ်ငန်းဖြစ်သည့်အပြင် ဝက်မွေးမြူရေးနှင့်ကြက်မွေးမြူရေးတွင် လက်ရှိမွေးမြူရေးကဏ္ဍသည်လည်း ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နေသည့် လုပ်ငန်းဖြစ်ကြောင်း၊ လှောင်အိမ်စနစ် အအေးခန်းအလုံပိတ်စနစ်များနှင့် ခေတ်မီမွေးမြူနေသည့်လုပ်ငန်းဖြစ်ကြောင်း၊ နိုင်ငံသူ၊ နိုင်ငံသားများအတွက် လူတစ်ဦးချင်း တစ်နှစ်စားသုံးရမည့် အသားနှင့်ကြက်ဥနှုန်းထား (Per Capital Consumption) တိုးတက်ထုတ်လုပ်နိုင်အောင် ဆောင်ရွက်ပြီး နိုင်ငံသားများ၏ ကျန်းမာရေးအဆင့်မြင့်မားရေးကို ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ထို့အပြင် ရေချို၊ ရေငန်ငါး၊ ပုစွန်မွေးမြူရေးကဏ္ဍသည်လည်း စားရေရိကၡာဖူလုံရေးအတွက်သာမက ပြည်ပဝင်ငွေရရှိရေးတွင် အရေးကြီးသည့် အခန်းကဏ္ဍ၌ ပါဝင်လျက်ရှိသည့်အတွက် မွေးမြူရေးကဏ္ဍကို တိုးချဲ့ဆောင်ရွက်ကြရန်နှင့် ပြည်ပ ပို့ကုန်တိုးမြှင့်တင်ပို့ကာ နိုင်ငံခြားငွေပိုမိုရရှိမည်ဖြစ်ကြောင်း၊ မွေးမြူရေးမှထွက်ရှိသည့် အသား၊ ငါးများကို တန်ဖိုးမြှင့်ထုတ်ကုန် (Value Added) အနေဖြင့် ပြောင်းလဲထုတ်လုပ်တင်ပို့ရောင်းချခြင်းဖြင့် ပြည်တွင်းအသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်း (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပြီး မွေးမြူသူများ အတွက်လည်း ဝင်ငွေပိုမိုရရှိစေမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏စီးပွားရေးလျင်မြန်စွာဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စိုက်ပျိုးမွေးမြူရေး

စာမျက်နှာ ၆ သို့ ■

■ **စာမျက်နှာ ၅ မှအဆက်**

လုပ်ငန်းများသည် မြန်မာနိုင်ငံရှိ တိုင်းရင်းသား ပြည်သူအများစု၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သကဲ့သို့ နိုင်ငံ့စီးပွားရေး၏ အသက်သွေးကြောလည်းဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍသည် အဓိကကျသည့်အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့်ကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ ပြည်သူတစ်ရပ်လုံး စားရေရိက္ခာဖူလုံရေး၊ ဆန်စပါးနှင့် ဆီထွက် သီးနှံစိုက်ပျိုးရေး၊ ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်ရေး၊ အသား၊ ငါး၊ ရေထွက်ကုန် တိုးတက်ထုတ်လုပ်၍ ပြည်ပဈေးကွက်ကောင်းရရှိပြီး ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးတို့ကို ဝန်ကြီးဌာနများ အပါအဝင်၊ UMFCCI အသင်းအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တောင်သူလယ်သမားကြီးများအားလုံးမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း တိုက်တွန်းပြောကြားသည်၊

ယင်းနောက် စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်၏ တတိယအကြိမ်အစည်းအဝေး ဆုံးဖြတ်ချက်များကို ကော်မရှင်အတွင်းရေးမှူးက ရှင်းလင်းတင်ပြပြီး ကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲအခြေအနေများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကဏ္ဍများ ဘက်ပေါင်းစုံမှတိုးတက်စေရေးအတွက်သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များနှင့် လုပ်ငန်းရှင်များက ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ထို့နောက် စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး Ms. Ma Jai အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၂၅

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး Ms. Ma Jia အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်တွင်းအခွန်များဦးစီးဌာန ရုံးအမှတ် (၄၆) ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တရုတ်-မြန်မာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ တရုတ်နိုင်ငံချေးငွေများနှင့်ဆောင်ရွက်နေသည့် ဖွံ့ဖြိုးမှုစီမံကိန်းဆိုင်ရာအခြေအနေများ၊ နှစ်နိုင်ငံအကြား ငွေပေးချေမှုကိစ္စရပ်များ၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုအတွက် တရုတ်နိုင်ငံမှ သင်တန်းများပံ့ပိုးဆောင်ရွက်ပေးနေမှုအခြေအနေနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Jaime Nadal Roig နှင့်အဖွဲ့ကို ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၅


လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (United Nations Population Fund–UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Jaime Nadal Roig နှင့်အဖွဲ့ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌လက်ခံတွေ့ဆုံသည်။


တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဌေးလှိုင်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

တွေ့ဆုံစဉ် ဝန်ကြီးဌာနအနေဖြင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းအောင်မြင်စွာကောက်ယူပြီးစီးမှု၊ ရှေ့ပြေးလူဦးရေစာရင်းထုတ်ပြန်ပြီးစီးမှုနှင့် မကြာမီပြည်ထောင်စုအဆင့် ပင်မအစီရင်ခံစာထုတ်ပြန်နိုင်ရေး စီစဉ်ဆောင်ရွက်နေမှု၊ ဝန်ကြီးဌာနနှင့် UNFPA တို့အကြား ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းအပါအဝင် လူဦးရေဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခဲ့မှုနှင့် လက်ရှိအခြေအနေတွင် UNFPA အနေဖြင့် ဝန်ကြီးဌာနနှင့်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များ၊ ထပ်မံပူးပေါင်းဆောင်ရွက်နိုင်ရေးအခြေအနေ၊ UNFPA ၏ နိုင်ငံခြားသားဝန်ထမ်းများ ပြည်ဝင်ဗီဇာနှင့် နေခွင့်ဆိုင်ရာကိစ္စရပ်များ အဆင်ပြေစေရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးမှု၊ မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုအခြေအနေအား UNFPA ရုံးချုပ်သို့အသိပေးပြောကြားနိုင်ရေးနှင့် UNFPA အနေဖြင့် လာမည့်ကာလများအတွင်း ဝန်ကြီးဌာနနှင့် ဆက်လက်လက်တွဲပူးပေါင်းဆောင်ရွက်နိုင်ရေးအခြေအနေတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။



မြဝတီ





● **ကျောဖုံးမှအဆက်**

လာအိုနိုင်ငံအထက်ပိုင်းဒေသများတွင် အပူပိုင်းမုန်တိုင်းအဖြစ်သို့လည်းကောင်း၊ နောက် ၂၄ နာရီအတွင်း ထိုင်းနိုင်ငံမြောက်ပိုင်းဒေသများတွင်လေဖိအားနည်းဆဲလ်အဖြစ်သို့လည်းကောင်း အသီးသီးအားလျော့သွားနိုင်သည်ဟု ခန့်မှန်းရသည်၊


သတိပေးနှိုးဆော်ချက်

အဆိုပါတိုင်ဖွန်းမုန်တိုင်း "ကဂျိကိ"၏ အရှိန်ကြောင့် ယနေ့ည ဩဂုတ်လ ၂၉ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှနေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြိုးနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင်ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင်၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တိုင်ဖွန်းမုန်တိုင်း "ကဂျိကိ"၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

(မိုး/၈လ)

Japan Meteorological Agency (JMA) မှ တိုင်ဖွန်းမုန်တိုင်း"ကဂျိကိ"(KAJIKI)လမ်းကြောင်းပြပုံ



ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်အုံ

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် အခြေခံအကျဆုံးဖြစ်သည့်အစိတ်အပိုင်းမှာ "ပညာရေး"ပင်ဖြစ်သည်။ ပညာရေးသည် ကျောင်းသား၊ ကျောင်းသူကလေးလူငယ်တစ်ဦးချင်းစီ၏ အနာဂတ်အတွက်ရော နိုင်ငံတော်အတွက်ပါ လွန်စွာအရေးကြီးသည်။ ပညာတတ်ပေါများသည့်နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုရှိသည့်နိုင်ငံတစ်နိုင်ငံဖြစ်လာမည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ တန်ဖိုးအကြီးဆုံးဓနအင်အားသည် မြေပေါ်မြေအောက်သယံဇာတများမဟုတ်ဘဲ ပညာရေးဆိုင်ရာလူသားအရင်းအမြစ်များပေါများခြင်းပင်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏တန်ဖိုးအရှိဆုံးနှင့် အင်အားအကြီးမားဆုံးရတနာမှာ "ပညာတတ် လူသားအရင်းအမြစ်"ပင်ဖြစ်သည်။

ပညာရေးသည် စီးပွားရေးကိုသာမက လူမှုရေးနှင့် နိုင်ငံရေးဘဝကိုပါ မြှင့်တင်ပေးသည်။ ပညာတတ်ပြီးတွေးခေါ်တတ်သည့်နိုင်ငံသားများသည် မိမိတို့၏ အခွင့်အရေးနှင့်တာဝန်ကို ကောင်းစွာနားလည်သဘောပေါက်ကြသည်။ ဒီမိုကရေစီစနစ်၏ အနှစ်သာရကိုတန်ဖိုးထားပြီး နိုင်ငံရေးဖြစ်စဉ်များတွင် အပြုသဘောဖြင့် တက်ကြွစွာပါဝင်ကြသည်။ ဝေဖန်ပိုင်းခြားတွေးခေါ်နိုင်စွမ်းကြောင့် သတင်းအမှားနှင့်အမှန်ကို ခွဲခြားနိုင်ပြီး အစွန်းရောက်ဝါဒီအတွေးအခေါ်များ၏ သားကောင်မဖြစ်အောင် ကာကွယ်နိုင်သည်။ ထို့ကြောင့် ပညာတတ်ပြည်သူများ များပြားလာသည်နှင့်အမျှ ပြည်သူ့ကျန်းမာရေးအဆင့်အတန်းမြင့်မားလာခြင်း၊ ရာဇဝတ်မှုနှုန်းများကျဆင်းလာခြင်းနှင့် လူမှုဘဝတွင် သဟဇာတဖြစ်မှုပိုမိုအားကောင်းလာခြင်း စသည့်အကျိုးကျေးဇူးများကိုပါ ရရှိစေသည်။ အသိပညာဟူသောအလင်းရောင်သည် လူ့အဖွဲ့အစည်းအတွင်းရှိ အမိုက်အမှောင်ကို ဖယ်ရှားပေးနိုင်စွမ်းရှိသည်။

ပညာသင်ကြားခွင့်ရခြင်းသည် လူတစ်ဦးအတွက် အခွင့်အလမ်းပေါင်းများစွာ၏ တံခါးကို ဖွင့်ပေးလိုက်ခြင်းပင်ဖြစ်သည်။ ပညာသင်ကြားခြင်းဖြင့် ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုကို တည်ဆောက်ပေးပြီး ဖန်တီးနိုင်စွမ်းကို မွေးမြူပေးသည်။ ပြဿနာဖြေရှင်းနိုင်စွမ်းကိုမြှင့်တင်ပေးသည်။ ထို့ပြင် ပညာရေးသည် မိမိတို့၏ယဉ်ကျေးမှု၊ စာပေ၊ သမိုင်းနှင့် အမျိုးသားရေးအမှတ်လက္ခဏာများကို တန်ဖိုးထားထိန်းသိမ်းလိုစိတ်ကိုလည်းဖြစ်ပေါ်စေသည်။ ပညာတတ်များမှတစ်ဆင့် မျိုးဆက်သစ်များကို မိမိတို့၏ အဖိုးတန်အမွေအနှစ်များအား စနစ်တကျလက်ဆင့်ကမ်းပေးနိုင်မည်ဖြစ်သည်။

ထို့ပြင် ပညာသည် သိခြင်းသဘောရှိပြီး သိသည့်ခဏ၌ ပယ်ရမည့်အရာ၊ ရှောင်ကြဉ်ရမည့်ကိစ္စများကို ပယ်သတ်ရှောင်ကြဉ်ပြီး ဆိုက်ရောက်ရမည့်နေရာအား တစ်ခါတည်းရောက်သွားခြင်းသဘောရှိသည်။ ထို့နောက် ပွားများရမည့်အရာများကို လေ့ကျင့်ပွားများသွားခြင်းဖြစ်သည်။ ပညာတစ်ခုတည်းကနေ ကိစ္စလေးခုကို တစ်ပြိုင်တည်းဆောင်ရွက်ခြင်းဖြစ်သဖြင့် ပညာ၏သဘောကို "သိ၊ ပယ်၊ ဆိုက်၊ ပွား ထိုလေးပါး"ဟုဆိုခြင်းဖြစ်သည်။

ပညာနှင့်ပတ်သက်၍ ဗုဒ္ဓတရားတော်များတွင် "သိ"ဆိုသည့်စကားကို "ပဇာနတိ"ဟုသုံးထားသည်။ သိခြင်းနှင့်ပတ်သက်၍ ပါဠိစာပေအများအပြားရှိသော်လည်း "ပဇာနာတိ"ဆိုသည့် ဝေါဟာရသည် အမြင့်ဆုံးဟု သတ်မှတ်ထားကြောင်း မှတ်သားဖူးသည်။ မြတ်စွာဘုရားက "သိပါ"ဟု ဟောထားသည်မှာ "အများအားဖြင့်သိပါ၊ လေးလေးနက်နက်သိပါ၊ အဘက်ဘက်က ထောင့်စုံအောင်သိပါ၊ ထိုးထွင်း၍သိပါ"ဆိုသည့် သဘောတရားများပါကြောင်း သိရသည်။ ပညာတည်းဟူသော ဆီမီး၏အလင်းရောင်ကြောင့် အဝိဇ္ဇာတည်းဟူသောအမိုက်အမှောင်သည် လွင့်စဉ်ကင်းပျောက်ရသည်။ ထို့ကြောင့် "ပညာ"သည် ပိုင်းခြားခြင်း၊ ဆုံးဖြတ်ခြင်းသဘောရှိပြီး ထွန်းပခြင်းလက္ခဏာရှိသည်ဟုလည်း မှတ်သားဖူးသည်။

ပညာရှာရာတွင် အခြေခံအကျဆုံးအင်္ဂါ (၅)ရပ်ရှိသည်။ ထိုအင်္ဂါ(၅)ရပ်မှာ သဒ္ဓါတရားရှိခြင်း၊ ကျန်းမာကြံ့ခိုင်ခြင်း၊ ဝီရိယရှိခြင်း၊ ကောက်ကျစ်စဉ်းလဲမှုမရှိခြင်း၊ သတိရှိခြင်းတို့ဖြစ်သည်။

(၁) **သဒ္ဓါတရားရှိခြင်း**။ မြန်မာစာမှာ စေတနာဆိုသည့်စကားနှင့်သဒ္ဓါဆိုသည့်စကား ရောသုံးတတ်သည်။ စေတနာသည် ကောင်းသည်လည်းရှိသလို မကောင်းသည်လည်းရှိသည်။ အကုသိုလ်စေတနာ၊ ကုသိုလ်စေတနာဟုဆိုသည်။ သဒ္ဓါဟူသည် ကြည်လင်ခြင်းရှိ၍ အမှန်တရားကိုရှေးရှုပြီး သိမ်မွေ့သည့်စိတ်မျိုးကို သဒ္ဓါဟုခေါ်ခြင်းဖြစ်သည်။

(၂) **ကျန်းမာကြံ့ခိုင်ခြင်း**။ ကျန်းမာကြံ့ခိုင်ခြင်း မရှိဘဲနှင့် အမှန်တရားကိုရှာဖွေရန် ခက်ခဲနိုင်သည်။ လက်ရှိစာသင်ကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းသင်ခန်းစာများအပြင် ကာယဖွံ့ဖြိုးရေး၊ ကျန်းမာကြံ့ခိုင်ကောင်းမွန်ရေး၊ အာဟာရဓာတ်ပြည့်ဝရေး အစရှိသည်တို့ကိုလည်း သင်ကြားလေ့ကျင့်ပေးလျက်ရှိသည်။ ပညာရှာသည့်အခါ၊ အမှန်တရားကိုရှာဖွေသည့်အခါ သဒ္ဓါတရားရှိရုံခြင်း၊ ကျန်းမာရေးနှင့်ပြည့်စုံခြင်းအပြင် ဝီရိယရှိရမည်ဖြစ်ကြောင်း မှတ်သားဖူးသည်။

(၃) **ဝီရိယရှိခြင်း**။ ပညာရှာသည့်အခါ မပျင်းမရိကြိုးစားအားထုတ်ရပေမည်။ ထို့ပြင် ကောက်ကျစ်စဉ်းလဲမှုကို ရှောင်ကြဉ်ရမည်ဖြစ်သည်။

(၄) **ကောက်ကျစ်စဉ်းလဲမှုမရှိခြင်း**။ ပညာရှာသည့်အခါ ကောက်ကျစ်စဉ်းလဲခြင်း၊ လှည့်စားခြင်းသည် ပညာရှိဖြစ်ရန် အခက်ခဲဆုံးပင်ဖြစ်သည်။ ပတ်ဝန်းကျင်နှင့်လူအများကို ကောက်ကျစ်လှည့်စားခြင်းထက် မိမိကိုယ်ကိုကောက်ကျစ်လှည့်စားခြင်းသည် ပို၍အန္တရာယ်များသည်။ ပညာတတ်တစ်ယောက်ဖြစ်ခြင်းထက် မိမိကိုယ်ကိုမိမိမလိမ်ခြင်း၊ မိမိစိတ်သန္တာန်အတိုင်း အရှိကိုအရှိအတိုင်း မထောက်မညှာကြည့်နိုင်ခြင်းသည် ပို၍ခက်ခဲသည်။ ပညာရှာသည့်အခါ ပညာကိုလိုချင်မှု၊ ဝီရိယရှိမှု၊ ကျန်းမာမှု၊ လိမ်လည်လှည့်ဖြားကောက်ကျစ်ခြင်းမရှိမှသာ ပညာစစ်ကို ရရှိနိုင်မည်ဖြစ်သည်။

(၅) **သတိရှိခြင်း**။ ပညာရှာရာတွင် လူသားများဖြစ်သည့်အတွက် ပါရမီပြည့်စုံခြင်းမရှိပါက ပညာ၊ ဝီရိယ၊ သဒ္ဓါတို့သည် လွန်တတ်၊ ကျဲတတ်၊ အစွန်းရောက်တတ်ကြောင်းတွေ့ရှိရသည်။ လောကီပညာပဲဖြစ်စေ၊ လောကုတ္တရာပညာပဲဖြစ်စေ သတိသည် အရေးကြီးသည်။ သတိမရှိပါက ပညာမရဖြစ်တတ်သည်။ သတိသည်သာလျှင် အပိုအလိုမရှိအောင် ထိန်းသိမ်းခြင်း၊ အစွန်းမရောက်အောင် ထိန်းသိမ်းခြင်းများကို ဆောင်ရွက်နိုင်စွမ်းရှိသည်။ ထို့ကြောင့် ပညာရှာရာတွင်ဖြစ်စေ၊ ပညာပေးရာတွင်ဖြစ်စေ သတိသည်အလွန်အရေးကြီးသည်။

အမျိုးသားပညာရေးနှင့်ပတ်သက်၍ တင်ပြရမည်ဆိုလျှင် ပြင်သစ်နှင့်ဂျာမနီတို့၏ ယေနာ(Jena) မြို့သိမ်းတိုက်ပွဲမှ အစပြုရမည်ဖြစ်သည်။ ပြင်သစ်နှင့် ပရပ်ရှန်း(ဂျာမနီ)တို့သည် ၁၈၀၆ ခုနှစ်တွင် ယေနာ(Jena)မြို့၌ စစ်ပွဲဖြစ်ပွားခဲ့သည်။ ထိုစစ်ပွဲတွင် ပရပ်ရှန်း(ဂျာမနီ)တို့ အတုံးအရုံးမရှုမလှကျဆုံးခဲ့ကြသည်။ ထိုဆုံးရှုံးမှုကို ပရပ်ရှန်း(ဂျာမနီ)တို့သည် "ယေနာကံဆိုးမိုးမှောင်ကျမှု" (Disaster of Jena)ဟု သတ်မှတ်ခဲ့သည်။ အဲ့ဒီအချိန်မှစ၍ ပရပ်ရှန်းတို့သည် ဆုံးရှုံးမှုမှသင်ခန်းစာယူ၍ ၎င်းတို့၏ ဇာတိမာန်ကို နိုးထစေခဲ့သည်။ ထိုအချိန်မှစ၍ ပရပ်ရှန်း (ဂျာမနီ)တို့သည် အမျိုးသားပြန်လည်ရှင်သန်ထမြောက်ရေးအတွက် အမျိုးသားပညာရေးစနစ်ကို စတင်

➤ ပညာသည် သိခြင်းသဘောရှိပြီး သိသည့်ခဏ၌ ပယ်ရမည့်အရာ၊ ရှောင်ကြဉ်ရမည့်ကိစ္စများကို ပယ်သတ်ရှောင်ကြဉ်ပြီး ဆိုက်ရောက်ရမည့်နေရာအား တစ်ခါတည်းရောက်သွားခြင်းသဘောရှိသည်။ ထို့နောက် ပွားများရမည့်အရာများကို လေ့ကျင့်ပွားများသွားခြင်းဖြစ်သည်။ ပညာတစ်ခုတည်းကနေ ကိစ္စလေးခုကို တစ်ပြိုင်တည်းဆောင်ရွက်ခြင်းဖြစ်သဖြင့် ပညာ၏သဘောကို "သိ၊ ပယ်၊ ဆိုက်၊ ပွား ထိုလေးပါး"ဟုဆိုခြင်းဖြစ်သည်။

ဖြစ်စေ၊ လောကုတ္တရာပညာပဲဖြစ်စေ သတိသည် အရေးကြီးသည်။ သတိမရှိပါက ပညာမရဖြစ်တတ်သည်။ သတိသည်သာလျှင် အပိုအလိုမရှိအောင် ထိန်းသိမ်းခြင်း၊ အစွန်းမရောက်အောင် ထိန်းသိမ်းခြင်းများကို ဆောင်ရွက်နိုင်စွမ်းရှိသည်။ ထို့ကြောင့် ပညာရှာရာတွင်ဖြစ်စေ၊ ပညာပေးရာတွင်ဖြစ်စေ သတိသည်အလွန်အရေးကြီးသည်။

အမျိုးသားပညာရေးနှင့်ပတ်သက်၍ တင်ပြရမည်ဆိုလျှင် ပြင်သစ်နှင့်ဂျာမနီတို့၏ ယေနာ(Jena) မြို့သိမ်းတိုက်ပွဲမှ အစပြုရမည်ဖြစ်သည်။ ပြင်သစ်နှင့် ပရပ်ရှန်း(ဂျာမနီ)တို့သည် ၁၈၀၆ ခုနှစ်တွင် ယေနာ(Jena)မြို့၌ စစ်ပွဲဖြစ်ပွားခဲ့သည်။ ထိုစစ်ပွဲတွင် ပရပ်ရှန်း(ဂျာမနီ)တို့ အတုံးအရုံးမရှုမလှကျဆုံးခဲ့ကြသည်။ ထိုဆုံးရှုံးမှုကို ပရပ်ရှန်း(ဂျာမနီ)တို့သည် "ယေနာကံဆိုးမိုးမှောင်ကျမှု" (Disaster of Jena)ဟု သတ်မှတ်ခဲ့သည်။ အဲ့ဒီအချိန်မှစ၍ ပရပ်ရှန်းတို့သည် ဆုံးရှုံးမှုမှသင်ခန်းစာယူ၍ ၎င်းတို့၏ ဇာတိမာန်ကို နိုးထစေခဲ့သည်။ ထိုအချိန်မှစ၍ ပရပ်ရှန်း (ဂျာမနီ)တို့သည် အမျိုးသားပြန်လည်ရှင်သန်ထမြောက်ရေးအတွက် အမျိုးသားပညာရေးစနစ်ကို စတင်ဖြစ်စေ၊ လောကုတ္တရာပညာပဲဖြစ်စေ သတိသည် အရေးကြီးသည်။ သတိမရှိပါက ပညာမရဖြစ်တတ်သည်။ သတိသည်သာလျှင် အပိုအလိုမရှိအောင် ထိန်းသိမ်းခြင်း၊ အစွန်းမရောက်အောင် ထိန်းသိမ်းခြင်းများကို ဆောင်ရွက်နိုင်စွမ်းရှိသည်။ ထို့ကြောင့် ပညာရှာရာတွင်ဖြစ်စေ၊ ပညာပေးရာတွင်ဖြစ်စေ သတိသည်အလွန်အရေးကြီးသည်။

အမျိုးသားပညာရေးနှင့်ပတ်သက်၍ တင်ပြရမည်ဆိုလျှင် ပြင်သစ်နှင့်ဂျာမနီတို့၏ ယေနာ(Jena) မြို့သိမ်းတိုက်ပွဲမှ အစပြုရမည်ဖြစ်သည်။ ပြင်သစ်နှင့် ပရပ်ရှန်း(ဂျာမနီ)တို့သည် ၁၈၀၆ ခုနှစ်တွင် ယေနာ(Jena)မြို့၌ စစ်ပွဲဖြစ်ပွားခဲ့သည်။ ထိုစစ်ပွဲတွင် ပရပ်ရှန်း(ဂျာမနီ)တို့ အတုံးအရုံးမရှုမလှကျဆုံးခဲ့ကြသည်။ ထိုဆုံးရှုံးမှုကို ပရပ်ရှန်း(ဂျာမနီ)တို့သည် "ယေနာကံဆိုးမိုးမှောင်ကျမှု" (Disaster of Jena)ဟု သတ်မှတ်ခဲ့သည်။ အဲ့ဒီအချိန်မှစ၍ ပရပ်ရှန်းတို့သည် ဆုံးရှုံးမှုမှသင်ခန်းစာယူ၍ ၎င်းတို့၏ ဇာတိမာန်ကို နိုးထစေခဲ့သည်။ ထိုအချိန်မှစ၍ ပရပ်ရှန်း (ဂျာမနီ)တို့သည် အမျိုးသားပြန်လည်ရှင်သန်ထမြောက်ရေးအတွက် အမျိုးသားပညာရေးစနစ်ကို စတင်

➤ နေရာအား တစ်ခါတည်းရောက်သွားခြင်းသဘောရှိသည်။ ထို့နောက် ပွားများရမည့်အရာများကို လေ့ကျင့်ပွားများသွားခြင်းဖြစ်သည်။ ပညာတစ်ခုတည်းကနေ ကိစ္စလေးခုကို တစ်ပြိုင်တည်းဆောင်ရွက်ခြင်းဖြစ်သဖြင့် . . .

ဖြစ်စေ၊ လောကုတ္တရာပညာပဲဖြစ်စေ သတိသည် အရေးကြီးသည်။ သတိမရှိပါက ပညာမရဖြစ်တတ်သည်။ သတိသည်သာလျှင် အပိုအလိုမရှိအောင် ထိန်းသိမ်းခြင်း၊ အစွန်းမရောက်အောင် ထိန်းသိမ်းခြင်းများကို ဆောင်ရွက်နိုင်စွမ်းရှိသည်။ ထို့ကြောင့် ပညာရှာရာတွင်ဖြစ်စေ၊ ပညာပေးရာတွင်ဖြစ်စေ သတိသည်အလွန်အရေးကြီးသည်။

အမျိုးသားပညာရေးနှင့်ပတ်သက်၍ တင်ပြရမည်ဆိုလျှင် ပြင်သစ်နှင့်ဂျာမနီတို့၏ ယေနာ(Jena) မြို့သိမ်းတိုက်ပွဲမှ အစပြုရမည်ဖြစ်သည်။ ပြင်သစ်နှင့် ပရပ်ရှန်း(ဂျာမနီ)တို့သည် ၁၈၀၆ ခုနှစ်တွင် ယေနာ(Jena)မြို့၌ စစ်ပွဲဖြစ်ပွားခဲ့သည်။ ထိုစစ်ပွဲတွင် ပရပ်ရှန်း(ဂျာမနီ)တို့ အတုံးအရုံးမရှုမလှကျဆုံးခဲ့ကြသည်။ ထိုဆုံးရှုံးမှုကို ပရပ်ရှန်း(ဂျာမနီ)တို့သည် "ယေနာကံဆိုးမိုးမှောင်ကျမှု" (Disaster of Jena)ဟု သတ်မှတ်ခဲ့သည်။ အဲ့ဒီအချိန်မှစ၍ ပရပ်ရှန်းတို့သည် ဆုံးရှုံးမှုမှသင်ခန်းစာယူ၍ ၎င်းတို့၏ ဇာတိမာန်ကို နိုးထစေခဲ့သည်။ ထိုအချိန်မှစ၍ ပရပ်ရှန်း (ဂျာမနီ)တို့သည် အမျိုးသားပြန်လည်ရှင်သန်ထမြောက်ရေးအတွက် အမျိုးသားပညာရေးစနစ်ကို စတင်

သူများအနေဖြင့် အခြေခံအားဖြင့် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်သူများဖြစ်ကြပြီး ကျောင်းနေခဲ့ရခြင်းမရှိသူများအနေဖြင့် စိတ်ဓာတ်၊ စည်းကမ်းပိုင်းဆိုင်ရာများတွင် အားနည်းချက်များရှိနေမည်ဖြစ်သည်။

ကမ္ဘာပေါ်တွင် လူသားတို့အတွက် Life Long Education သည် အရေးပါလျက်ရှိသည်။ ထို့ပြင် နိုင်ငံတစ်နိုင်ငံ၊ တိုင်းပြည်တစ်ပြည်အတွက်လည်း Life Long Education သည် မဖြစ်မနေရှိရမည့် စနစ်တစ်ခုဖြစ်သည်။ ပညာရေးသည် အဆုံးမရှိ၊ ပညာရေးပြုပြင်တီထွင်မှုများသည်လည်း အဆုံးမရှိ၊ အမြဲတမ်းကြိုးစားပြုပြင်တီထွင်ကြံစည်နေမှသာ တန်ရုံကျမည်ဖြစ်သည်။ ထို့ပြင် ပညာရေးသည် တိုင်းပြည်အတွက် အကောင်းဆုံးရင်းနှီးမြှုပ်နှံမှုဖြစ်သည်။ ပညာ၏သဘောသည် အသိပညာ၊ အတတ်ပညာ၊ လုပ်ငန်းကျွမ်းကျင်မှု၊ စိတ်နေစိတ်ထား၊ သဘောထား၊ စာရိတ္တသဘောများအပြင် ဖြာပွစိုရိုက်တရား အစရှိသည့်ဒဿနအမြင်ပညာရပ်များလည်း ပါဝင်နေသည့်အတွက် အကြီးမားဆုံးသော လူ့ကျင့်ဝတ်၊ လူ့တာဝန်ဆိုသည့် ခံယူချက်ပင်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်မှ တည်ဆောက်ရာတွင် ပညာရေးသည် အဓိကအကျဆုံး သော့ချက်ဖြစ်သည်။ အသိပညာ၊ အတတ်ပညာ၊ တွေးခေါ်မြော်မြင်မှု၊ ကျွမ်းကျင်မှုတို့နှင့်ပြည့်စုံသည့် နိုင်ငံသားတို့၏ အားနှင့် နိုင်ငံကိုပုံဖော်တည်ဆောက်ရာတွင် ခိုင်မာအားကောင်းသည့် ပညာရေးစနစ်မရှိဘဲ ရေရှည်တည်တံ့သည့်ဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်မည်မဟုတ်ပေ။ နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုခရီးသည် ထိုနိုင်ငံ၏ပညာရေးစနစ် မည်မျှခိုင်မာအားကောင်းသည်ဟူသောအချက်နှင့် တိုက်ရိုက်သက်ဆိုင်နေသည်။ ထို့ကြောင့် ကျွန်ုပ်တို့မြန်မာနိုင်ငံသည် "အသိပညာ၊ အတတ်ပညာပြည့်စုံသော ပညာတတ်များ မွေးထုတ်ရန်"ဟူသည့် မျှော်မှန်းချက်ဖြင့် နှစ်တို့၊ နှစ်ရှည်စီမံကိန်းများချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် ပညာရေးကို မြှင့်တင်အားပေးခြင်းသည် နိုင်ငံတော်၏အနာဂတ်အတွက် အကောင်းဆုံးနှင့်အရေးကြီးဆုံးသော ရင်းနှီးမြှုပ်နှံမှုဟုဆိုလျှင် မှားမည်မဟုတ်ပေ။ ထို့ကြောင့် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် "နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး"ဆိုသည့်ဦးတည်ချက်ကို ချမှတ်ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ ပညာရေးတွင် ရင်းနှီးမြှုပ်နှံခြင်းသည် နိုင်ငံတော်၏အနာဂတ်အတွက် အမြတ်အစွန်းရှိသည့် ရင်းနှီးမြှုပ်နှံမှုပင်ဖြစ်သည်။ မိမိတို့နိုင်ငံ၏ ပညာရေးကို မြင့်မားအားကောင်းလာစေရန် အဘက်ဘက်မှ ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံသားများအနေဖြင့် "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"ဟူသော စိတ်ဓာတ်ဖြင့် ပညာရေးကဏ္ဍကို ပိုင်းဝန်းမြှင့်တင်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

နေလင်းသူ

ကွမ်းရွက် ဘာအစွမ်းထက်သလဲ



စာကြည့်၊ စာကျက်၊ စာဖတ်သူများသည် မျက်လုံး၊ မျက်ရိုးကိုက်သည့်ဝေဒနာ ခံစားရတတ်သည်။ နာရီဝက်၊ တစ်နာရီခန့် စာကြည့်လိုက်လျှင် နားထင်ကြော၊ ဇက်ကြောများ ကိုက်လာတတ်သည်။ ကွန်ပျူတာကြည့်သူဆိုလျှင် ကွန်ပျူတာမှထွက်လာသည့် အလင်းတန်းက အမြင်အာရုံကြောကို ပိုပြီးထိခိုက်နိုင်ကြောင်း ပညာရှင်များက ဆိုထားသည်။

စာရေးသူ၏သမီးငယ်တစ်ယောက်သည် ကွန်ပျူတာတက္ကသိုလ်တက်ခွင့်ရပြီးမှ မျက်စိပြဿနာကြောင့် ထွက်လိုက်ရပြီး အဝေးသင်စီးပွားရေးသို့ ပြောင်းလိုက်ရသည်။ သမီး၏သူငယ်ချင်း ကွန်ပျူတာကျောင်းသူတစ်ဦးမှာလည်း မျက်လုံးအိမ်နှင့် မျက်ရိုးကိုက်သောဝေဒနာ အတော်ခံစားရသဖြင့် စာရေးသူကိုယ်တိုင်ပင် မျက်စိဆရာဝန်ကြီးတစ်ဦးထံ ပြသပြီး မျက်မှန်တပ်ပေးလိုက်ရသည်။

သူတို့နှစ်ဦးစလုံးပင် မျက်မှန်တပ်ချင်၍ တပ်ရသူများမဟုတ်။ ရွှတ်လိုက်တပ်လိုက်နှင့် အလုပ်ရှုပ်နေကြသည်။ လုချင်သောသမီးတစ်ဦးမှာ မျက်ကပ်မှန် လုပ်ချင်သည်ဆိုသဖြင့် နာမည်ကြီးမျက်မှန်ဆိုင်တစ်ခုသို့ လိုက်ပို့ပြီး မျက်ကပ်မှန် လုပ်ပေးလိုက်ရသည်။ သို့သော် မျက်ကပ်မှန်၏ပြဿနာမှာ အကျင့်မရသေးမီ ထည့်ရခက်ခြင်း၊ ဆေးရည်ဖြင့် ဆေးကြောရခြင်း၊ မကြာခဏထွက်ကျခြင်း၊ တစ်ခါတစ်ရံ ဝမ်းနည်း၍ငိုလျှင် မျက်ကပ်မှန်ထွက်ကျခြင်းပြဿနာများ တွေ့ကြုံရသည်။

ဤသို့ဖြင့်နေလာရာမှ တစ်ရက် သမီးအိပ်ရာထချိန်တွင် မျက်လုံးထောင့်နှစ်ဖက်၌ ရှေးကတစ်မတ်စေ့ခန့်ရှိ အရွက်စိမ်းစိမ်းနှစ်ခုကပ်ထားသည်ကို တွေ့ရသဖြင့် မေးကြည့်ရာ ကွမ်းရွက်ကပ်ထားကြောင်းပြောသည်။

ကွမ်းရွက်ကို မျက်လုံးအတွင်း၊ အပြင်ထောင့်များတွင်ကပ်လျှင် မျက်လုံးနှစ်ဖက်အတွက် ကွမ်းရွက်ဝိုင်းလေးခု ယူရမည်ဖြစ်သည်။ ကွမ်းရွက်ကြီးလျှင် တစ်ရွက်တည်းနှင့် အဝိုင်းငယ်လေးခုရနိုင်သည်။

တခြားနည်းမှာ ကွမ်းရွက်တစ်ရွက်ကို မျက်လုံးအရွယ်ခန့်အဝိုင်းပေါက်ဖောက်ပြီး မျက်လုံးတစ်ခုလုံးကို အုပ်ပြီးကပ်သည့်နည်းဖြစ်သည်။ မျက်လုံးနှစ်ဖက်အတွက် ကွမ်းရွက်နှစ်ရွက် လိုအပ်မည်ဖြစ်သည်။

ကွမ်းရွက်ကပ်ခြင်းကြောင့် တစ်နေ့တခြား မျက်လုံးအိမ်အတွင်းမှကိုက်ခြင်း၊ မျက်ရိုးကိုက်ခြင်းများ သက်သာလာကြောင်း ပြောကြသည်။ ကွမ်းရွက်သည် အခိုးစုပ်ယူနိုင်သောသတ္တိရှိသည်သာမက မြန်မာတို့သည် အနာ၊ သွေးစုနာ၊ မွေးကျွတ်နာ စသည်များတွင်လည်း ကွမ်းရွက်ကပ်လေ့ရှိကြောင်း တွေ့ရသည်။ ပြည်မပေါက်သောအနာကို ကွမ်းရွက်ကပ်ပေးလျှင် အမြန်ပေါက်လွယ်သည်။

၁၉၈၈ ခုနှစ်ခန့်က မဂ္ဂဇင်းတစ်စောင်တွင် ယခု ကွယ်လွန်သွားပြီဖြစ်သော ဆရာကြီးသာဂဒိုးက 'ကွမ်းရွက်ကပ်နည်း အလကားရစေသတည်း' ဟူသောခေါင်းစဉ်ဖြင့် ဆောင်းပါးရေးဖူးသည်ကို ဖတ်ရဖူးသည်။ ယင်းဆောင်းပါးတွင် ဆရာကြီးသည် မျက်မှန်ဒီဂရီတိုးတိုးလာသဖြင့် အရစ်များထနေသော မျက်မှန်အထူကြီးတပ်နေရာမှ ကွမ်းရွက်ကပ်နည်း ကိုသိရသဖြင့် ကပ်ကြည့်ရာ တစ်ပတ်ခန့်အကြာတွင် မျက်လုံးကိုက်လာသည့်အတွက် မျက်စိဒီဂရီသွားချိန်လဲလိုက်ရကြောင်း၊ ထပ်မံ၍ ဂရုတစိုက်ကပ်ပေးရာတွင် နောက်ဆုံးမျက်မှန်လွတ်သွားကြောင်း ရေးသားထားသည်။

■ ကွမ်းရွက်ညှစ်ရည်ကို ပျားရည်နှင့်တိုက်ပါက ကလေးများလေပွခြင်း၊ အစာမကြေဖြစ်ခြင်း၊ ဝမ်းသွားခြင်း၊ ဗျားနာခြင်းပျောက်၏။။

■ ကွမ်းရွက်ညှစ်ရည်ကို နွားနို့နှင့်သောက်ပါက မီးယပ်ကြောင့်ဖြစ်သော စိတ္တဇရောဂါပျောက်၏။။

■ ကွမ်းရွက်ညှစ်ရည်တွင် ချင်းပြုတ်ရည်နှင့် သိန္ဓောဆား အနည်းငယ်ထည့်သောက်ပါက ပန်းနာရင်ကျပ်၊ ရင်အောင့်ရင်ကယ်၊ ကြက်ညာချောင်းဆိုးရောဂါများ ပျောက်၏ . . .

ကွမ်းရွက်အသုံးပြုပုံ

- ကွမ်းရွက်ညှစ်ရည်ကို ပျားရည်နှင့်တိုက်ပါက ကလေးများလေပွခြင်း၊ အစာမကြေဖြစ်ခြင်း၊ ဝမ်းသွားခြင်း၊ ဗျားနာခြင်းပျောက်၏။။
- ကွမ်းရွက်ညှစ်ရည်ကို နွားနို့နှင့်သောက်ပါက မီးယပ်ကြောင့်ဖြစ်သော စိတ္တဇရောဂါပျောက်၏။။
- ကွမ်းရွက်ညှစ်ရည်တွင် ချင်းပြုတ်ရည်နှင့် သိန္ဓောဆားအနည်းငယ်ထည့်သောက်ပါက ပန်းနာရင်ကျပ်၊ ရင်အောင့်ရင်ကယ်၊ ကြက်ညာချောင်းဆိုးရောဂါများပျောက်၏။။
- ကွမ်းရွက်ညှစ်ရည်ကို မျက်စဉ်းခတ်ပေးခြင်းဖြင့် ကြက်မျက်သင့်နာ၊ မျက်စိရောင်ခြင်း၊ ကိုက်ခြင်း စသည့်မျက်စိနှင့်ဆိုင်သောရောဂါများ ပျောက်ကင်း၏။။
- ကွမ်းရွက်ကို နနွင်းနှင့်ကျိုပြီး ဆားအနည်းငယ်ခတ်သောက်ပါက ဗျားနာရောဂါပျောက်၏။။
- ကွမ်းရွက်ကိုမီးကင်၍ ကလေးများငယ်ထိပ်တွင် အုန်းဆီနှင့်ဆွတ်ပြီးကပ်ပေးထားပါက နာစေးရောဂါပျောက်ကင်း၏။။
- ကွမ်းရွက်ကို ထန်းလျက်၊ ချင်း၊ ဆားထည့်၍ သောက်ပါက အပူလွန်၍ဗျားသော အဖျားရောဂါပျောက်၏။။

ကြည်လွင်မြင့်(မုဒြာ)

မြောက်ဥက္ကလာပမြို့နယ်၌ ကျောင်းသား ကျောင်းသူများကို ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေးများ စတင်တိုက်ကျွေး

ရန်ကုန် ဩဂုတ် ၂၅

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင် မြောက်ဥက္ကလာပမြို့နယ်ရှိ အခြေခံပညာကျောင်းများမှ အသက်ငါးနှစ်မှ ခုနစ်နှစ်ကြား ကျောင်းသား၊ ကျောင်းသူများအား ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေး (Oravacs) ကို ဩဂုတ်လ ၂၅ ရက်တွင် စတင်တိုက်ကျွေးကြောင်း သိရသည်။

ထိုသို့တိုက်ကျွေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာမျိုးမင်းထွန်းဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ပညာသင်ကြားနေကြသော အသက်ငါးနှစ်မှ ခုနစ်နှစ်ကြား ကျောင်းသား၊ ကျောင်းသူများ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားခြင်းမှ ကာကွယ်နိုင်ရန် ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေး(Oravacs)ကို စနစ်တကျတိုက်ကျွေးခဲ့ကြသည်။

အဆိုပါကာကွယ်ဆေး တိုက်ကျွေးရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး



ကော်မတီအဖွဲ့ဝင် ဗိုလ်မှူးဖြိုးဝေလင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနဦးစီးမှူး ဒေါက်တာမျိုးမင်းထွန်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မွန်နှင့်တာဝန်ရှိသူများ လာရောက်ကြည့်ရှုကြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည်များ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခဲ့သည်။

မြောက်ဥက္ကလာပမြို့နယ်၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေးတိုက်ကျွေးမည့် အသက်ငါးနှစ်မှ ခုနစ်နှစ်ကြား ကျောင်းသား၊ ကျောင်းသူ ၅၂၂၃ ဦးရှိရာ နှစ်ရက်အတွင်း အခြေခံပညာကျောင်းများသို့ ကွင်းဆင်းကာ ကာကွယ်ဆေးလွှမ်းခြုံနိုင်ရေး တိုက်ကျွေးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)

ဘိုကလေးမြို့နယ်၌ (၂၆)ကြိမ်မြောက် အဆို အက အရေး အတီး မြို့နယ်အဆင့်ပြိုင်ပွဲကျင်းပ

ဘိုကလေး ဩဂုတ် ၂၅

ရောဝတီတိုင်းဒေသကြီး ဗျာပုံခရိုင် ဘိုကလေးမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ (၂၆) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး မြို့နယ်အဆင့်ပြိုင်ပွဲကို ဩဂုတ်လ ၂၄ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်က မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများသည် အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရေးနှင့် ရိုးရာအမွေအနှစ်ကို လက်ဆင့်ကမ်းထိန်းသိမ်းနိုင်ရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သဘင်ဥက္ကဋ္ဌ ဦးကျော်မြင့်နှင့်အဖွဲ့ဝင်များ၊ အမှတ်ပေးဒိုင်များ၊ ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသားမိဘများ တက်ရောက်ကြကြောင်း သိရသည်။ ထို့နောက် ဘိုကလေးပညာရေးဒီဂရီကောလိပ် သင်တန်းသား၊ သင်တန်းသူများနှင့် အခြေခံပညာကျောင်းပေါင်းစုံမှ ကျောင်းသား၊ ကျောင်းသူများက အဆင့်မြင့်ပညာနှင့် အခြေခံအဆင့်ခေတ်ဟောင်းနှင့် ကာလပေါ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ မဟာဂီတသီချင်းဆိုပြိုင်ပွဲများ၊ စန္ဒရားအတီးပြိုင်ပွဲ၊ အကပြိုင်ပွဲများ ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်နှင့် ကော်မတီဝင်များ၊ မြို့နယ်သဘင်ဥက္ကဋ္ဌ ဦးကျော်မြင့်နှင့်အဖွဲ့ဝင်များ၊ အမှတ်ပေးဒိုင်များ၊ ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသားမိဘများ တက်ရောက်ကြကြောင်း သိရသည်။ **မိုးစက်(ဘိုကလေး)**

မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းဆောင်ရွက်



ကျောက်ပန်းတောင်း သြဂုတ် ၂၅

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်း မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ မှ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဖြင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းကို သြဂုတ်လ ၂၄ ရက် နံနက်ပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး စကားဝါမြေခန်းမ၌ ဆောင်ရွက်သည်။

ရွေးဦးစွာ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရန်မျိုးနိုင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးဇင်မောင်က မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)နှင့် ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသည့် ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များက မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်းကို ကိုယ်တိုင်ကိုယ်ကျလက်တွေ့စမ်းသပ်ဆောင်ရွက်ကြသည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲအရာရှိက မဲပေးစက်တွင် မဲဆန္ဒပြုသူ အရေအတွက် စစ်ဆေးခြင်း၊ စာရင်းအရဆန္ဒပြုသူအရေအတွက် တိုက်ဆိုင်စစ်ဆေးခြင်းနှင့် ကိုယ်စားလှယ်လောင်း တစ်ဦးချင်းစီ၏ ဆန္ဒမဲလက်မှတ်များစိစစ်၍ မဲရလဒ်ထုတ်ပြန်ခြင်းများကို သရုပ်ပြသဆောင်ရွက်ကြောင်းသိရသည်။ **နေအောင်(ပြန်/ဆက်)**

ကျောက်တလုံးကြီးမြို့၌ လီလီပန်းများ တစ်နိုင်တစ်ပိုင်စိုက်ပျိုးလျက်ရှိ

ကျောက်တလုံးကြီး သြဂုတ် ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျောက်တလုံးကြီးမြို့၌ မိသားစုအပိုဝင်ငွေရရှိရန် သြဂုတ်လမှ စတင်၍ လီလီပန်းများကို တစ်နိုင်တစ်ပိုင် စတင်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

လီလီပန်းများစိုက်ပျိုးရာတွင် လီလီပန်းမျိုးဥများ အရည်အသွေးကောင်းမွန်ပြီး လတ်ဆတ်ကာ အမြစ်များရှင်သန်ရန်လိုအပ်သည်။ စိုက်ပျိုးရာတွင်လည်း စိုက်ပေါင်နှင့် စိုက်ကျင်းအနက် တို့သည် မျိုးဥပေါ်မူတည်၍ပြုလုပ်ပေးရပြီး မျိုးဥမချမီ စိုက်ပေါင်ကို နွားချေးနှင့် မြေဩဇာများ ရောစပ်၍ထည့်ကာ ရေဖြင့် ၆ နာရီခန့်ကြိုတင်နှပ်ထားပြီးမှ မျိုးဥချရသည်။ လီလီပန်းများသည် နေရောင်ခြည်ကြိုက်သော်လည်း အေးသောရာသီဥတုကို နှစ်သက်သောကြောင့် အပင်များထွက်လာပြီး အရွယ်ရောက်ချိန်တွင် အပူဒဏ်ခံနိုင်ရန် အမိုးများမိုးထားပေးရန်လိုအပ်သည်။ စိုက်ပျိုးပြီး နှစ်ရက်လျှင် တစ်ကြိမ်ရေလောင်းပေးရပြီး ပေါင်းမြက်ပေါက်ရောက်မှုအပေါ်မူတည်၍ တစ်လလျှင်တစ်ကြိမ်ခန့် ပေါင်းရှင်းပေးရန်လိုအပ်သည်။

လီလီပန်းမျိုးကွဲပေါင်း ၁၀၀ ကျော်ရှိပြီး အရောင်အားဖြင့် အဖြူ၊ အဝါ၊ ပန်း၊ ခရမ်း၊ အနီရောင်များရှိသည်။ လီလီပန်းများသည် စိုက်ပျိုးပြီး ရှစ်လကြာမှ လီလီပန်းများခူးယူနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(၄၀၅)**



(၂၆)ကြိမ်မြောက် မြို့နယ်အဆင့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပ

ဧလွန် သြဂုတ် ၂၅

ဧရာဝတီတိုင်းဒေသကြီး ဧလွန်မြို့အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအမျိုးသားဆောင်ခန်းမ၌ ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် (၂၆)ကြိမ်မြောက် မြို့နယ်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အခမ်းအနားကို သြဂုတ်လ ၂၄ ရက်နံနက်ပိုင်းတွင်ကျင်းပသည်။

ရှေးဦးစွာ ကျောင်းသူ မခြူးခြူးဇင်သူက မင်္ဂလာနေ့ပါရှင် သီချင်းဖြင့်သီဆို၍ ဖွင့်လှစ်သည်။

ထို့နောက် (၂၆)ကြိမ်မြောက် မြို့နယ်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရာ အခြေခံပညာအဆင့် အသက် ၁၀ နှစ်မှ ၁၅ နှစ် အထိနှင့် အသက် ၁၅ နှစ်မှ ၂၀ နှစ်အထိ ကာလပေါ်အဆိုပြိုင်ပွဲ(အမျိုးသား/အမျိုးသမီး)၊ အမျိုးသမီးကဗျာလွတ်အက၊ အတီးပြိုင်ပွဲ (စန္ဒရား၊ တယော၊ အိုးစည်) ယှဉ်ပြိုင်မှုများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌဦးထွန်းထွန်းလင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အကဲဖြတ်အမှတ်ပေးမည့်ဒိုင်များက ကြည့်ရှုအားပေးကြကြောင်းသိရသည်။ **ဝေယံ(ဧလွန်ပြန်/ဆက်)**

ရေလျှောက်သောလမ်း

➲ လေးထောင့်ခွက်၌
ဖြည့်စွက်သည်တွင်၊ အေးဆေးမြင်ရ
ရေသွင်လေးထောင့်၊ နေသည်ကြောင့်...။

➲ ဝိုင်းဝိုင်းစက်စက်၊ ပုံစံခွက်၌
ဖြည့်စွက်သည်တွင်၊ တည်ငြိမ်မြင်ရ
ရေသွင်ဝိုင်းစက်၊ နေသည့်တွက်...။

➲ အေးလွန်ပြင်းထန်၊ လောကဓံနှင့်
ရုံခါကြုံရ၊ သောကာလဝယ်
ဘဝပြောင်းသစ်၊ ရေခဲဖြစ်၍...။

➲ ပူလောင်ပြင်းထန်၊ လောကဓံနှင့်
ကြုံပြန်ကာလ၊ တဒင်္ဂ်၌
ဘဝသစ်ထူ၊ ရေငွေ့ဟူ၍...။

➲ ဆားဓာတ်ကြွယ်သည့်
ပင်လယ်ပြာပြာ၊ စွန့်၍ခွာသော်
ရသာငန်ပျ၊ လှုပ်ခါချလျက်
စပြုမြစ်ညာ၊ ရေသန့်ရွာ၍...။

➲ ပတ်ဝန်းကျင်နှင့်
အဆင်ပြေပြေ၊ နေတတ်လေတော့
ရေစင်သီတာ၊ ဤကမ္ဘာ၌
ထာဝရမြင်၊ အသွင်သွင်နှင့်
ရှင်သန်လမ်းစ၊ ဒဿန။
ကြည့်တတ်သည်တွင်၊ ငါမြင်ရ။ ။

ချစ်စုအောင်

သဇင်(FM)အသံလွှင့်အစီအစဉ်

၂၆-၈-၂၀၂၅(အင်္ဂါနေ့)

၁။	၀၈:၀၀	နှလုံးသား၀ယ် ဘုရားတည်
၂။	၁၁:၅၀	လှပကျန်းမာ
၃။	၁၄:၅၀	Speech On Air
၄။	၁၆:၀၀	တပ်မတော်စာတိုက်ခန်း
၅။	၁၇:၀၀	ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ
၆။	၂၁:၂၀	Memory Box

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၆-၈-၂၀၂၅(အင်္ဂါနေ့)

၁။	၀၆:၀၀	တရားတော်
၂။		မေတ္တာပို့
၃။		ဓမ္မပူဇာတေး
၄။	၀၈:၀၀	၁၂ လရာသီမှတ်တမ်း
၅။	၁၂:၀၀	ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု
၆။		မျှဝေဆွေးနွေး အနာဂတ်အရေး
၇။	၁၃:၀၀	တစ်ပတ်အတွင်းထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက်
၈။		အမှတ်တရနေ့ရက်များ
၉။	၁၅:၀၀	တစ်ချိန်ကသူတို့အကြောင်း
၁၀။		အဟောင်းထဲမှအကောင်းဆုံးသီချင်းများ
၁၁။	၁၆:၀၀	ကျန်းမာခြင်းအတွက် တွေးခေါ်ခြင်း
၁၂။	၁၇:၀၀	မှတ်သားလိုက်နာပုံပမာ
၁၃။	၁၈:၀၀	နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့
၁၄။	၁၈:၃၀	ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ
၁၅။	၁၈:၄၀	မွေးမြူသုတ
၁၆။	၁၉:၀၀	**CGTN Nature အပိုင်း(၂၃)**
၁၇။	၂၀:၀၀	မြဝတီရုပ်မြင်သံကြားသတင်း

MWD Variety Channel

၁။	၁၀:၂၅	ကျန်းမာသောဘဝ
၂။	၁၁:၅၀	တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ MSME လုပ်ငန်းများမြှင့်တင်ဖို့
၃။	၁၄:၄၀	ဖတ်ပါ မှတ်ပါ လေ့လာပါ
၄။	၁၆:၂၀	ဥပဒေမှတ်စု

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ သမိုင်းဝင်ဘုရားကိုးဆူစေတီတော်မြတ်ကြီး၏ တံခွန်တိုင်အသစ်ပြန်လည်တည်ဆောက်ရေး အလှူငွေပေးအပ်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၂၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ရှိ သမိုင်းဝင်ဘုရားကိုးဆူစေတီတော်မြတ်ကြီး၏ တံခွန်တိုင်အသစ်ပြန်လည်တည်ဆောက်ရန်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပျဉ်းမနားမြို့ သမိုင်းဝင်ဘုရားကိုးဆူစေတီတော်မြတ်ကြီးရှိ ဓမ္မာရုံ၌ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ စေတီတော်ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရားစေတီစုစုပေါင်း ၆၅၀၃ ဆူရှိပြီး ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်း စုစုပေါင်းကျောင်း ၄၉၃၀ ရှိကြောင်း၊ အချိန်ယူ၍ ဤဝန်ကြီးဌာနအနေဖြင့် စာရင်းများပြုစုခဲ့ပြီး စေတနာရှင် ကုသိုလ်ရှင်များလှူဒါန်းနိုင်ရေး ကြိုးစားဆောင်ရွက်ခဲ့ကြောင်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့်လည်း ခုနစ်ရက်သားသမီးများ၏လှူဒါန်းငွေဖြင့် နေပြည်တော်၊ စစ်ကိုင်း၊ ကျောက်ဆည်၊ မတ္တရာဒေသများရှိ ဘုရားစေတီပုထိုးများပြုပြင်နိုင်ရေးအတွက် လှူဒါန်းမှုများဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ခုနစ်ရက်သားသမီးများ လှူဒါန်းငွေဖြင့် ငလျင်ဒဏ်ကြောင့် နေပြည်တော် ပျဉ်းမနားမြို့ သမိုင်းဝင်ဘုရားကိုးဆူစေတီတော်မြတ်ကြီး၏တံခွန်တိုင် အက်ကွဲယိုယွင်းပျက်စီးခဲ့သဖြင့် တံခွန်တိုင်အသစ်ကိုလှူဒါန်းခြင်းဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးက တံခွန်တိုင်အလှူငွေကျပ် ၁၈၆၆၀၀၀၀ ကို စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုးတင့်အား ပေးအပ်လှူဒါန်းပြီး စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌက ပြည်ထောင်စုဝန်ကြီးအား ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကာ ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားသည်။

ယင်းနောက် သမိုင်းဝင်ဘုရားကိုးဆူစေတီတော်မြတ်ကြီး၏ဂေါပကအဖွဲ့ရုံးခန်း၌ ငလျင်ဒဏ်ကြောင့် အက်ကွဲယိုယွင်းပျက်စီးခဲ့သည့် သမိုင်းဝင်ဘုရားကိုးဆူစေတီတော်မြတ်ကြီးနှင့် တံခွန်တိုင်အသစ်တည်ဆောက်မှုနှင့်ပတ်သက်၍ စေတီတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ငလျင်ဒဏ်ခံနိုင်ရေး ဘုရားစေတီတည်ဆောက်ပြုပြင်ရေး ဆိုင်ရာ SOP စံနှုန်းများနှင့်အညီ ပြန်လည်ပြုပြင်တည်ဆောက်သွားရန် မှာကြားပြီး ငလျင်ဒဏ်ကြောင့် အက်ကွဲယိုယွင်းပျက်စီးခဲ့သော သမိုင်းဝင်ဘုရားကိုးဆူစေတီတော်မြတ်ကြီး၏တံခွန်တိုင်အသစ် ပြန်လည်တည်ဆောက်ခြင်း လုပ်ငန်းများဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

မြဝတီ

၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့်နှင့်ဆိုင်သည့် ငွေကြေးအကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေး



နေပြည်တော် ဩဂုတ် ၂၅

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အလုပ်တွင်ထိခိုက်သေဆုံးမှုနှင့် ဆိုင်သည့် ငွေကြေးအကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနခွဲ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုနယ်မြေတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြပိုက အဖွင့်အမှာစကားပြောကြားပြီး လူမှုဖူလုံရေးအဖွဲ့မှ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်းနှင့် ယခုကဲ့သို့ အလုပ်ခွင်မတော်တဆထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်းထုတ်ပေးရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးက ဒက္ခိဏာသီရိမြို့နယ် လူမှုဖူလုံရေးရုံးခွဲတွင် အကျိုးဝင်မှတ်ပုံတင်ထားသော **"လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန အမျိုးသားမှတ်ပုံတင်နှင့်နိုင်ငံသားဦးစီးဌာန"**မှဝန်ထမ်းဖြစ်သည့် အာမခံအလုပ်သမား ဦးကျော်သန်းသည် မတ်လ ၂၈ ရက် ကလုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြောင့် လုပ်ငန်းခွင် ထိခိုက်သေဆုံးခဲ့သည့်အတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ဦးကျော်သန်း၏ ကျန်ရစ်သူအကျိုးခံစားခွင့်ငွေကျပ် ၇၂၀၀၀၀၀ ကို သားဖြစ်သူ မောင်အောင်ဇော်လတ်ထံ ဌာနဆိုင်ရာတာဝန်ရှိသူများ ရှေ့မှောက်တွင် ထုတ်ပေးခဲ့ကြောင်း သိရသည်။

အလားတူ ပြည်ထောင်စုနယ်မြေ လူမှုဖူလုံရေးလက်အောက်ရှိ ပျဉ်းမနားမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသည့်မိုးသူဇာမုန့်တိုက်မှ အာမခံအလုပ်သမားသုံးဦးသည် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြောင့် အလုပ်တွင်ထိခိုက်သေဆုံးခဲ့သည့်အတွက် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေ၊ နည်းဥပဒေနှင့်အညီ ကျန်ရစ်သူအကျိုးခံစားခွင့်ငွေများ ခွင့်ပြုထုတ်ပေးခဲ့ကြောင်းသိရသည်။

မြဝတီ

အာဆီယံ ယူ-၁၆ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ၏ အုပ်စုတွင်းပြိုင်ပွဲ၌ မြန်မာအသင်းက ဗီယက်နမ်အသင်းကိုရှုံးနိမ့်၍ အုပ်စုအဆင့်ဖြင့်ပင်ထွက်ခွာခဲ့ရ

ရန်ကုန် ဩဂုတ် ၂၅

အင်ဒိုနီးရှားနိုင်ငံ ဆူရာကာတာမြို့၌ ဩဂုတ်လ ၂၀ ရက်မှ ၂၉ ရက်ထိ ကျင်းပလျက်ရှိသည့် ၂၀၂၅ အာဆီယံ ယူ-၁၆ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု(ခ)၏ဒုတိယပွဲစဉ်ကို ယနေ့ည ၇ နာရီတွင် Manahan ကွင်း၌ မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ယှဉ်ပြိုင်ရာ မြန်မာအသင်းက ၂ ဂိုး ဂိုးမရှိဖြင့်ရှုံးနိမ့်ခဲ့သည့်အတွက် အုပ်စုအဆင့်ဖြင့်ပင်ထွက်ခွာခဲ့ရသည်။

ပြိုင်ပွဲစသည်နှင့် ဗီယက်နမ်အသင်းက မြန်မာအသင်းကို ဖိအားပေးကစားခဲ့ရာ မြန်မာအသင်း ခံစစ်ကစားသမားများက အမှားအယွင်းမရှိ ခြေဖျက်ကစားနိုင်ခဲ့သလို ဂိုးသမားဆောင်းပွင့်ဖြူကလည်း တည်တည်ငြိမ်ငြိမ်ဖြင့် လက်စွမ်းပြကာကွယ်ခဲ့ရသည်။ ဗီယက်နမ်အသင်းက ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် မြန်မာအသင်းဘက်ကို ကြိမ်ဖန်များစွာ ထိုးဖောက်ခဲ့သည်။ မြန်မာကစားသမားများက အကောင်းဆုံးခံစစ်ဖြင့် ရင်ဆိုင်ယှဉ်ပြိုင်ရင်း ဂိုးဧရိယာအတွင်း လက်ထိတောကြောင့် တစ်ကြိမ်၊ ကစားပုံကြမ်းတမ်းမှုကြောင့် နှစ်ကြိမ်၊ ပယ်နယ်တီ သုံးကြိမ်ပေးခဲ့ရသည်။ ပထမအကြိမ် ပယ်နယ်တီကို ဂိုးသမား ဆောင်းပွင့်ဖြူ အကောင်းဆုံးဖမ်းယူကာကွယ်နိုင်ခဲ့သော်လည်း နောက်နှစ်လုံးတွင် ဦးဆောင်ဂိုးအဖြစ်ခွင့်ပြုခဲ့ရသည်။

အဆိုပါ ၂၀၂၅ အာဆီယံ ယူ-၁၆ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ၌ အုပ်စုသုံးခုခွဲထားပြီး အုပ်စု(က) တွင် အင်ဒိုနီးရှား၊ မလေးရှားနှင့် တီမော၊ အုပ်စု(ခ)တွင် မြန်မာ၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်၊ အုပ်စု(ဂ) တွင် ထိုင်း၊ စင်ကာပူနှင့် ဩစတြေးလျတို့ပါဝင်ကြကာ အုပ်စုပထမသုံးသင်းနှင့် အကောင်းဆုံးအုပ်စုဒုတိယတစ်သင်း ဆီမီးဖိုင်နယ်တက်ရောက်ကြမည်ဖြစ်သည်။

ယနေ့ပြိုင်ပွဲများအပြီးတွင် အုပ်စု(က)မှ အင်ဒိုနီးရှားအသင်း၊ အုပ်စု(ခ)မှ ဗီယက်နမ်အသင်း၊ အုပ်စု (ဂ)မှ ဩစတြေးလျအသင်းတို့အုပ်စုတက်ပြီး ထိုင်းအသင်းက အကောင်းဆုံးအုပ်စုဒုတိယဖြင့် ဆီမီးဖိုင်နယ်တက်လှမ်းနိုင်ခဲ့ကြောင်း သိရသည်။

ဝန်းရံခ

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၄·c	/	၃၂·c
ရန်ကုန်	၂၄·c	/	၃၁·c
မန္တလေး	၂၆·c	/	၃၅·c

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

လွိုင်ကော်မြို့၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးပွဲတော်ကျင်းပ

လွိုင်ကော် သြဂုတ် ၂၅

စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှုနိုင်မြှင့်တင်ရေးပွဲတော်ကို ယနေ့မွန်းလွဲပိုင်းတွင် ကယားပြည်နယ် လွိုင်ကော်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ မြန်မာနိုင်ငံစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်ပြည်နယ်စာကြည့်တိုက်များကြီးကြပ်မှုကော်မတီနာယက ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်တို့တက်ရောက်ပြီး ပြခန်းများနှင့် ကာယ၊ ဉာဏ်စွမ်းရည်ပြိုင်ပွဲများကို လှည့်လည်ကြည့်ရှုအားပေးကာ စုပေါင်းခန်းမ၌ လိုအပ်သည်များမှာကြားသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပွဲတော်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးက ပွဲတော်မုခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ဘင်ခရာ၊ ပန်းဖွားနှင့် အကအဖွဲ့တို့ကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့၊ အနုပညာရှင်များက ကျောင်းအတွင်း ဆောင်ရွက်ထားရှိသည့် စာကြည့်တိုက်နှင့် ကာယ၊ ဉာဏ်စွမ်းရည်ပြိုင်ပွဲများကို လှည့်လည်ကြည့်ရှုစစ်ဆေးအားပေးကြသည်။

ယင်းနောက် အစီအစဉ် ဒုတိယပိုင်းကို စုပေါင်းခန်းမ၌ ဆက်လက်ကျင်းပရာ အထက(၁)မှ ကျောင်းသား၊ ကျောင်းသူလေးများက “ပညာဘဏ်တိုက် စာကြည့်တိုက်သို့ သွားကြစို့” တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ကယားပြည်နယ် လွိုင်ကော်မြို့၌ ပိုမိုတည်ငြိမ်အေးချမ်းလာမှုနှင့်အတူ မူလအနေအထားသို့ ပြန်လည်ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်နေမှုများကို တွေ့မြင်ရသဖြင့် ကြည်နူးဝမ်းမြောက်ရကြောင်း၊ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် စာပေဖတ်ရှုလေ့လာမှုတွင်ဝါသနာပါပြီး အများပြည်သူကိုလည်း စာပေဖတ်ရှုအောင် တိုက်တွန်းမှာကြားမှုနှင့်အတူ စာကောင်းပေမွန်များလည်း မတည်ထုတ်ဝေ၍ ဖြန့်ဝေလှူဒါန်းလျက်ရှိကြောင်း၊ လူငယ်များအနေဖြင့် စာပေဖတ်ရှုလေ့လာမှုအပြင် မှတ်သားဆောင်ရွက်ရန်လည်းလိုအပ်ကြောင်း၊ ပိုမိုတည်ငြိမ်အေးချမ်းရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများအတွက် စိတ်ခွန်အားမြှင့်တင်ပေးရန် စီစဉ်ရောက်ရှိလာသော ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် အနုပညာရှင်များအားလုံးကို မှတ်တမ်းတင်ဂုဏ်ပြုကြောင်းနှင့် အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ကယားပြည်နယ်အစိုးရအဖွဲ့အတွက် MRTV DTH စလောင်းစက်အစုံ ၃၀ နှင့် MRTV,T-2 Set Top Box ၈၀ အား ပြည်နယ်ဝန်ကြီးချုပ်ထံသို့လည်းကောင်း၊ တပ်နယ်အတွက် MRTV DTH စလောင်းစက်အစုံ ၂၀ နှင့် MRTV,T-2 Set Top Box ၄၀ အား ဗိုလ်မှူးချုပ်အောင်ကျော်ခိုင်ထံသို့ လည်းကောင်း ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စာအုပ်စာစောင်များ၊ ပြိုင်ပွဲများတွင် ဆုရရှိသူများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် အနုပညာရှင်များက အထက(၁)မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်စုပေါင်း၍ “ရောင်ပေစူး” တေးသီချင်းဖြင့်လည်းကောင်း၊ အထက(၁)မှ ကျောင်းသား၊ ကျောင်းသူများက “ထာဝရသစ္စာ” တေးသီချင်းဖြင့်လည်းကောင်း၊ အထကခွဲ(လောခမ္မ)မှ ကျောင်းသား၊ ကျောင်းသူများက “လှမ်းလာခဲ့ပါကယားမြေ”တေးသီချင်းဖြင့်လည်းကောင်း၊ အထက(၁) နှင့် (၂)တို့မှ ကျောင်းသား၊ ကျောင်းသူများစုပေါင်း၍ “ဇာတိမာန်” တေးသီချင်းဖြင့်လည်းကောင်း သီဆိုဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ လွိုင်ကော်တက္ကသိုလ်သို့ရောက်ရှိပြီး ပင်မဆောင်နှင့် စာကြည့်တိုက်၊ စာသင်ဆောင်များနှင့် ဘွဲ့နှင်းသဘင်ခန်းမဆောင်များ ပြန်လည်ပြုပြင်မွမ်းမံဆောက်လုပ်နေမှုများကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ပင်မဆောင် အစည်းအဝေးခန်းမတွင် တာဝန်ရှိသူများက တက္ကသိုလ်၏ ထိခိုက်ပျက်စီးမှုနှင့် ပြန်လည်ပြုပြင်မွမ်းမံဆောက်လုပ်မှုအခြေအနေ၊ တက္ကသိုလ်၌ ဆရာ၊ ဆရာမများ ပြန်လည်တာဝန်ထမ်းဆောင်နိုင်မှု၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်နိုင်မှုနှင့် အဝေးသင်ကျောင်းသား၊ ကျောင်းသူများ ဆက်သွယ်သင်ယူနိုင်မှုတို့ကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က လိုအပ်သည်များပြန်လည်ဆွေးနွေးမှာကြားပြီး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ညပိုင်းတွင် လွိုင်ကော်မြို့၌ ရောက်ရှိနေသော အနုပညာရှင်များဖြစ်ကြသည့် အကယ်ဒမီရှန်အောင်၊ အကယ်ဒမီမေသန်းနု၊ အကယ်ဒမီစိုးမြတ်သူဇာ၊ ဒိန်းဒေါင်း၊ အုန်းသီး၊ ငြိမ်းချမ်း၊ ယဉ်လတ်၊ သန္ဓာမြင့်မိုရ်၊ နေခြည်ငြိမ်းချမ်းနှင့် အနုပညာရှင်များက ဒေသခံတိုင်းရင်းသားများ၏ အကအလှနှင့် သီဆိုဖျော်ဖြေမှုများနှင့်အတူ အငြိမ့်ကပြမှုအပါအဝင် တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများက တစ်ခဲနက်ပျော်ရွှင်စွာ သီဆိုကခုန်အားပေးကြသည်။

လွိုင်ကော်မြို့၌ ၂၀၂၃ ခုနှစ်ကုန်ပိုင်းခန့်က နယ်မြေလုံခြုံရေးအခြေအနေအရ မြို့ပေါ်ရပ်ကွက်များတွင် လျှပ်စစ်ဓာတ်အား ဖြန့်ဝေမှုရပ်ဆိုင်းခဲ့ရာမှ ၂၀၂၄ ခုနှစ် မေလမှစ၍ အဘက်ဘက်မှ စီစဉ်ဆောင်ရွက်နိုင်မှုကြောင့် ဓာတ်အားလိုင်းများ တိုးမြှင့်ဖြန့်ဝေပေးနိုင်ခဲ့ရာ ယခုအခါ လွိုင်ကော်မြို့ပေါ်ရှိ ရပ်ကွက် ၂၀ နှင့် ဆက်စပ်ကျေးရွာ ၂၃ ရွာတို့တွင် ၂၄ နာရီပတ်လုံး မီးအပြည့်အဝ ရရှိနေပြီဖြစ်ကြောင်း၊ ဆက်လက်၍လည်း လျှပ်စစ်ဓာတ်အား ပိုမိုတိုးမြှင့်ထုတ်လွှင့်ပြီး မဟာဓာတ်အားလိုင်းသို့ ထည့်သွင်းပေးပို့နိုင်ရန် တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြဝတီ

ရန်ကုန်မြို့ရှိ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန လေကြောင်းပညာသိပ္ပံ၏ လုပ်ငန်းဆောင်ရွက်နေမှုအား ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် သြဂုတ် ၂၅

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန လေကြောင်းပညာသိပ္ပံကျောင်းခန်းမဆောင်၌ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။

ဦးစွာ လေကြောင်းပညာသိပ္ပံကျောင်းအုပ်ကြီးက လေကြောင်းပညာသိပ္ပံနှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကိုမှာကြားပြီး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် Airfield Lighting ခန်းမတွင် Aerodrome Layout များ၊ Runway Lighting များကို Model Display ဖြင့် ရှင်းလင်းပြသခြင်း၊ Communication & Navigations Aids ခန်းမတွင် DOVR Equipment နှင့် HF, VHF စက်များကို ရှင်းလင်းပြသခြင်း၊ 270 ဒီဂရီ 3D ATC TOWER SIMULATOR ခန်းမတွင် အသစ်တပ်ဆင်ထားသည့် SIMULATOR ဖြင့် သရုပ်ပြရှင်းလင်းပြသခြင်း၊ No.44 & No.45 Aerodrome Control Rating Training Course သင်ကြားနေမှုအခြေအနေ၊ Aircraft Rescue & Firefighting Leadership Course 2/2025 ပို့ချနေမှုအခြေအနေ၊ Computer Lab Room နှင့် Aircraft Firefighting Equipment ခင်းကျင်းထားမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

ရေစီးရေလာကောင်းမွန်စေရေး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကွင်းဆင်းစစ်ဆေး

နေပြည်တော် သြဂုတ် ၂၅

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီရိုးမြို့နယ် ရန်ကုန်-မန္တလေးပြည်ထောင်စုလမ်းမကြီး၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပင်လောင်းလမ်းဆုံကားလမ်းမရေကျော်နေမှု၊ ပင်လောင်းလမ်းဆုံနှင့် ကျောက်ချက်ကျေးရွာအကြား လမ်းဘေးဝဲ/ယာ ရေစီးဆင်းမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရေစီးရေလာကောင်းမွန်စေရေး၊ ရေထွက်ပေါက်များရှင်းလင်းရေးနှင့် ရေတံခါးများတွင် အမှိုက်ပိတ်ဆို့မှုမရှိစေရေးတို့ကို မှာကြားသည်။



ညနေပိုင်းတွင် ဧရာဝတီရိုးမြို့နယ် ပင်လောင်းလမ်းဘေး နေပန်လပန်ကွင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်နေမှု၊ လမ်းရေကျော်နေမှုကို ရေအမြန်ကျစေရေး မပိုက်ကယ်ရိုးမှ နရဒာန်ချောင်းအတွင်းသို့ ရေဖောက်ထုတ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပေါင်းလောင်းမြစ်အတွင်း ရေစီးဆင်းနိုင်ရေး ဒိုက်များ၊ အမှိုက်များ ရှင်းလင်းဆောင်ရွက်ရေး မှာကြားသည်။

ထို့နောက်ရန်ကုန်-မန္တလေးပြည်ထောင်စုလမ်းမကြီးဘေးဝဲ/ယာ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထွန်းလင်း(ဧရာမြေ)

ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းများကြုံတင်ဆောင်ရွက်ခဲ့သဖြင့် ဧယျာသီရိမြို့နယ်အတွင်း ရေကြီးရေလျှံမှုသက်သာ

နေပြည်တော် ဩဂုတ် ၂၅

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမင်းနောင်သည် ဒုတိယဝန်ကြီးဦးဗိုလ်ဗိုလ်ကျော်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နရာဒန်ချောင်းရေလျှံတက်၍ ရေကြီးမှုနှင့် လမ်းရေကျော်ကျမှုများ၊ ရေစီးရေလာကောင်းမွန်ရေးပင်လောင်းလမ်းဖြတ်သည့် နရာဒန်ချောင်း Box Culvert ရှင်းလင်းခြင်း၊ သစ်တပ်ရွာအနီး ရန်ကုန်-မန္တလေးလမ်းအရှေ့ဘက်မှ ပြောင်းရွှေ့တူးဖော်နေသည့် မဝိုက်ကယ်ရိုးမှ ရေကူစီးဆင်းစေခြင်း၊ ကျဉ်းမြောင်းနေသည့် ယာယီ Culvert များနှင့် ရေသွားလမ်းအား စက်ယန္တရားများဖြင့် ဖယ်ရှားခြင်းနှင့် ရေသွားလမ်းချဲ့ခြင်းများကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ ကျွန်းရောင်း - အိုင်စောက် - ပေါင်းလောင်းရေနုတ်မြောင်းတစ်လျှောက်ရှိ ရေထိန်းတံခါးများဖွင့်ထားပြီး ရေစီးရေလာကောင်းမွန်စေရန် အမှိုက်ဒိုက်များ ရှင်းလင်းဖယ်ရှားခြင်း၊ အဓိကရေထုတ်ပေါက်ဖြစ်သည့် ကျွန်းရောင်း-အိုင်စောက်ရေနုတ်မြောင်းအထွက်ချောင်းကမ်းကြီးကျေးရွာအနီးမှ စစ်တောင်းမြစ်အထိ ရေစီးရေလာကောင်းမွန်စေရန် စက်ယန္တရားများဖြင့် တူးဖော်ခြင်း၊ နစ်မြုပ်နေသည့် လယ်ကွင်းများအတွင်းမှရေအား ရေထုတ်ပေါက်များဖြင့် နရာဒန်ချောင်းအတွင်းသို့ ဖောက်ထုတ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ယခုနှစ် မိုးရာသီကာလတွင် ရေကြီးရေလျှံမှု လျော့နည်းသက်သာစေရေး ပြည်ထောင်စုနယ်မြေ နေပြည်တော် ဧယျာသီရိမြို့နယ်အတွင်း ရန်ကုန်-မန္တလေး ကားလမ်းနှင့် ပင်လောင်းလမ်းဆုံမှစ၍ ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ခဲ့သဖြင့် ယခင်ကာလများထက် ရေကြီးရေလျှံမှု သိသာစွာ လျော့နည်းသက်သာခဲ့ပြီး မိုးရွာသွန်းမှု ထပ်မံများပြားလာပါက ထိခိုက်ပျက်စီးမှု မရှိစေရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မြဝတီ

အာဆီယံ-တရုတ် ခရီးသွားလုပ်ငန်းဘေးကင်းလုံခြုံရေးဖိုရမ်ဖွင့်ပွဲနှင့် ခရီးသွားလာမှုလွယ်ကူချောမွေ့စေရေးနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာစာရင်းအင်းများတစ်ပြေးညီဖြစ်စေရေး အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲကျင်းပ



နေပြည်တော် ဩဂုတ် ၂၅

အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ပြည်သူချင်းထိတွေ့ဆက်ဆံမှုများကို မြှင့်တင်ပေးရေးနှင့် ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးများကို အထောက်အကူပြုသည့် လုပ်ငန်းစဉ်များတွင် ပံ့ပိုးကူညီဆောင်ရွက်ရန်ရည်ရွယ်၍ အာဆီယံ-တရုတ် ခရီးသွားလုပ်ငန်းဘေးကင်းလုံခြုံရေးဖိုရမ်နှင့် ခရီးသွားလာမှုလွယ်ကူချောမွေ့စေရေးနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ စာရင်းအင်းများ တစ်ပြေးညီဖြစ်စေရေးအလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အာဆီယံ-တရုတ်ဗဟိုဌာနနှင့် လန်ချန်း-မဲခေါင် ဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဗဟိုဌာနတို့ပူးပေါင်း၍ ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ကျင်းပသည်။

ဦးစွာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့်ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဖြိုးဇော်စိုးနှင့်အတူ ဖိုရမ်နှင့်အလုပ်ရုံဆွေးနွေးပွဲသို့တက်ရောက်ရန် ရောက်ရှိနေသည့် အာဆီယံ-တရုတ်ဗဟိုဌာနမှ အတွင်းရေးမှူးချုပ် Mr. Shi Zhongjun ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် ဒဂုံခန်းမ၌ လက်ခံတွေ့ဆုံ၍ နှစ်နိုင်ငံခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ တိုးမြှင့်လုပ်ဆောင်နေမှုအခြေအနေများ၊ နှစ်နိုင်ငံရှိ ခရီးစဉ်ဒေသများသို့ ခရီးသွားများ အပြန်အလှန်သွားလာလည်ပတ်နေမှုအခြေအနေများ၊ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာသဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာပါလုပ်ငန်းများအား ဆက်လက်အကောင်အထည်ဖော်ရေး၊ လူစွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

ယင်းနောက်အာဆီယံ-တရုတ်ခရီးသွားလုပ်ငန်း ဘေးကင်းလုံခြုံရေးဖိုရမ်ဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုး၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အာဆီယံ-တရုတ် ဗဟိုဌာနမှ အတွင်းရေးမှူးချုပ်နှင့် ကိုယ်စားလှယ်များ၊ လန်ချန်း-မဲခေါင် ဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဗဟိုဌာနမှ တာဝန်ခံအတွင်းရေးမှူးချုပ်၊ ဒုတိယအတွင်းရေးမှူးချုပ်များနှင့် ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာအာဆီယံနိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ၊ မဲခေါင်ခရီးသွားလုပ်ငန်းညှိနှိုင်းရေးရုံးမှ အမှုဆောင်ဒါရိုက်တာ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများ၊ ပြည်တွင်းပြည်ပ သတင်းမီဒီယာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယခုဖိုရမ်မှတစ်ဆင့် အတွေးအမြင်များ၊ ဗဟုသုတများနှင့် ဆန်းသစ်သောဖြေရှင်းနည်းများကို ဖလှယ်ခြင်းဖြင့် လက်တွေ့ကျသော မဟာဗျူဟာများကို ချမှတ်နိုင်မည်ဟုယုံကြည်ကြောင်း၊ ခရီးသွားများနှင့် ခရီးသွားလုပ်ငန်းကို အကာအကွယ်ပေးမည့် ထိရောက်သောဖြေရှင်းနည်းများကို ဖော်ဆောင်နိုင်ရန်အတွက် ကဏ္ဍပေါင်းစုံမှပူးပေါင်းဆောင်ရွက်မှုမှာ အရေးကြီးကြောင်း၊ အာဆီယံ-တရုတ်နိုင်ငံများအကြား အပြန်အလှန်ပံ့ပိုးကူညီခြင်းဖြင့် ကမ္ဘာအနှံ့မှ ခရီးသွားများအတွက် ကောင်းမွန်သော အသိုက်အဝန်းတစ်ခုကို ဖော်ဆောင်မြှင့်တင်ပေးနိုင်မည်ဟုယုံကြည်ကြောင်း ပြောကြားသည်။

ထို့နောက် အာဆီယံ-တရုတ်ဗဟိုဌာနအတွင်းရေးမှူးချုပ် Mr. Shi Zhongjun၊ လန်ချန်း-မဲခေါင်ဥပဒေစိုးမိုးရေးနှင့်လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဗဟိုဌာနမှ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ Mr. Davuth LY တို့က အမှာစကားများပြောကြားကြပြီး အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် ဒေါက်တာကာအိုကင်ဟွန်၏ ဗီဒီယို မက်ဆေ့ကိုပြသသည်။

ယင်းနောက် ဖိုရမ်အား ဆက်လက်ကျင်းပရာ ဒေသတွင်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ခရီးသွားလုံခြုံရေးနှင့်ဘေးကင်းရေး၊ ခရီးသွားလုပ်ငန်းအတွက် စိန်ခေါ်မှုများ၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ခရီးသွားများ လုံခြုံစိတ်ချစွာလည်ပတ်နိုင်စေရေး၊ ဒစ်ဂျစ်တယ်ခေတ်တွင် ခရီးသွားလုပ်ငန်းလုံခြုံရေး၊ လုံခြုံပြီး ခံနိုင်ရည်ရှိသော ခရီးသွားပတ်ဝန်းကျင်မှတစ်ဆင့် ဒေသဆိုင်ရာ တိုးတက်မှု၊ လုံခြုံရေးနှင့် ဘေးကင်းသော ခရီးသွားလုပ်ငန်းခေါင်းစဉ်တို့ဖြင့် သက်ဆိုင်ရာနိုင်ငံများမှ အဖွဲ့ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ခရီးသွားလာမှုလွယ်ကူချောမွေ့စေရေးနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ စာရင်းအင်းများ တစ်ပြေးညီဖြစ်စေရေး အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲသို့တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး အာဆီယံ-တရုတ်ဗဟိုဌာန အတွင်းရေးမှူးချုပ် မစ္စတာ Mr. Shi Zhongjun က အမှာစကားပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲအား ခရီးသွားလာမှုလွယ်ကူချောမွေ့ရေးကဏ္ဍ၏အရေးပါမှု၊ သတင်းအချက်အလက်ဖလှယ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလုပ်ငန်း စာရင်းအင်းများအသုံးချခြင်း၊ ခရီးသွားလုပ်ငန်းဆိုင်ရာ စာရင်းအင်းအချက်အလက်များ ဖွံ့ဖြိုးတိုးတက်ရေး၏ အလေ့အထကောင်းများနှင့်အတွေ့အကြုံများဖလှယ်ခြင်းခေါင်းစဉ်တို့ဖြင့်ကျင်းပရာ သက်ဆိုင်ရာနိုင်ငံများမှ ကိုယ်စားလှယ်များက ဆွေးနွေးကြပြီး ဟိုတယ်နှင့်ခရီးသွားဥပဒေးဝန်ကြီးဌာန ဥပဒေးကြေးရေးမှူးချုပ်က နိဂုံးချုပ်ပြောကြားခဲ့ကြောင်း သိရသည်။ မြဝတီ

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၅-၈-၂၀၂၅

နေပြည်တော် (ဧယျာသီရိမြို့နယ်) ရေး	၈	ဒသမ	၇၄	လက်မ	ပျဉ်းမနား (ဝဲကြီး)	၃	ဒသမ	၃၀	လက်မ	ပုိင်ကျို့	၂	ဒသမ	၂၅	လက်မ
										မော်လိုက်	၁	ဒသမ	၉၃	လက်မ
					ဝက်ထီးကန် (လေးထပ်ပြင်)	၂	ဒသမ	၄၈	လက်မ	ပဲခူး	၁	ဒသမ	၈၉	လက်မ
	၄	ဒသမ	၉၆	လက်မ						ချောင်းဆုံ	၁	ဒသမ	၇၃	လက်မ

လျှပ်စစ်အသိ လျှပ်စစ်သတိ

မောင်မောင်စွယ်စုံထွန်း

ယနေ့ခေတ်သည် လျှပ်စစ်ကိုတွင်ကျယ်စွာအသုံးပြုလာနေကြသည်။ သို့သော် လျှပ်စစ်၏အသက်အန္တရာယ်ရှိမှုကို မသိရှိကြချေ။ လျှပ်စစ်ကို သုံးသာသုံးနေသည် ဘယ်လောက်လျှပ်စီးပမာဏ(Ampere)ဆိုလျှင် လူကိုသေစေနိုင်သလဲဆိုတာမသိကြပါ။ မသိကြသည့်အလျောက် သတိမမူဘဲ ပေါ့ဆစွာ ကိုင်တွယ်အသုံးပြုမိကြသဖြင့် အသက်ဆုံးရှုံးခဲ့ရမှုများ များစွာရှိခဲ့ပြီးဖြစ်သည်။ သို့ဖြစ်၍ ဤဆောင်းပါးတွင် လျှပ်စီး(Current)၏ ဓာတ်လိုက်နိုင်သည့်ပမာဏနှင့် ကာကွယ်သင့်၊ ဆောင်ရွက်သင့်သည်များကို ရှင်းပြပေးပါမည်။ ယနေ့ခေတ်တွင် လျှပ်စစ်ပစ္စည်းများကို လူတိုင်းအသုံးပြုနေကြသည်ဖြစ်၍ လျှပ်စစ်နှင့်ပတ်သက်ပြီး အသိပညာဆောင်ရန်၊ သတိထား၍ရှောင်ရန်များကို လူတိုင်းမသိမဖြစ်သိထားကြရမည်။ မကြာခဏဆိုသလို လျှပ်စစ်ဓာတ်လိုက်တာတွေ၊ လျှပ်စစ်ဝိုင်ယာ Shock ဖြစ်တာတွေ အမြဲတမ်းကြားနေရသည့်အခါ ကိုယ်တိုင်လည်း ဒီလိုအန္တရာယ်တွေကို ဘယ်လိုသတိထားသင့်သလဲ။ ဘယ်လိုကာကွယ်သင့်သလဲဆိုသည်ကို သိထားမှ မိမိကိုယ်တိုင်ရော ပတ်ဝန်းကျင်ကိုပါ ထိခိုက်မှုတွေက ကာကွယ်နိုင်မည်ဖြစ်သည်။

လျှပ်စစ်ကို အသုံးပြုဖူးသောလူအများစုသည် ဓာတ်လိုက်သည်ကို အနည်းနှင့်အများကြုံဖူးကြပါလိမ့်မည်။ နည်းနည်းလိုက်တာ များများလိုက်တာရှိကြသလို တချို့ဆိုအသက်သေဆုံးသည်အထိ ဓာတ်လိုက်သည့် လျှပ်စစ်အန္တရာယ်က ကြီးမားလှသည်လည်းရှိမည်။ လူတစ်ယောက်နှင့်တစ်ယောက်တွင်လည်း တစ်သျှူးနည်းသည့်သူနှင့် တစ်သျှူးများသည့်သူမှာ လျှပ်စစ်စီးသောပမာဏအနည်းငယ်ကွာခြားသည်။ Voltage နည်းနည်းများများ သတ်မှတ်ထားသော Ampere ပမာဏတစ်ခုကို ထိမိပါက Current စီးဆင်းနိုင်မှုပမာဏအရ အသက်အန္တရာယ်ကို ထိခိုက်နိုင်သည်။ V=IR(Ohm's Law)အရ ကြည့်မည်ဆိုလျှင် Voltage ကြီးလာလေ Current က များလာလေဖြစ်သည့်အတွက် အန္တရာယ်လည်း ပိုများသည်။

ထို့ကြောင့် ဘယ်လောက် Current (ဘယ်လောက် Ampere)မှာ ဘယ်လောက်အန္တရာယ်ရှိပြီး လူတွေကို ဘယ်လောက်ထိခိုက်နိုင်သလဲ ဆိုသည်ကတော့ Current –1mA ဆိုလျှင် ကြက်သီးမွေးညင်းထပြီး အနည်းငယ်ဓာတ်လိုက်သလိုခံစားရနိုင်သည်။ Current –3mA to 5mA ဆိုလျှင် ဓာတ်လိုက်သည်ကို သိသာစွာခံစားရပြီး Shock ဖြစ်သလို ဆတ်ခနဲစိတ်ခံစားရနိုင်သည်။ Current – 6mA to 10mA,30mA မှာဆိုရင် နာကျင်ခြင်း၊ အတော်အတန် နာကျင်သောဝေဒနာခံစားရခြင်းဖြစ်ပေါ်ပြီး ကြွက်သားများကို ထိန်းချုပ်နိုင်မှုမပြုလုပ်နိုင်သည်အထိဖြစ်နိုင်သည်။ အသက်ရှူရပ်မေ့မြောနိုင်သည်။ Current 50mA to 150mA မှာဆိုရင် အတော်အတန် နာကျင်ခံစားရပြီးသေစေနိုင်သည်။ အသက်ရှူရပ်သေစေနိုင်ပြီး ကြွက်သားများလုံးဝမလှုပ်ရှားနိုင်သည်အထိဖြစ်နိုင်သည်။ လျှပ်စီးနှင့်ထိပြီးဓာတ်လိုက်မှုဖြစ်သည့်အခါ Current အနည်းအများပေါ်မူတည်သလို ဓာတ်လိုက်သည့်ကြာချိန်အပေါ်မူတည်၍လည်း အန္တရာယ်အနည်းအများရှိသည်။ ဥပမာ 100mA Current 3 second စီးသည့်အခါထိခိုက်နိုင်မှုနှင့် 900mA Current 0.03 Second စီးသည့်အချိန် ပမာဏသည်တူညီမှုရှိသည်။ လျှပ်စီး Current က လက်နှင့်ထိမိသည့်အခါ လက်ကနေခြေဖျားအထိစီးဆင်းလျှင် နှလုံးနှင့် အဆုတ်ကို ဖြတ်စီးသည့်အတွက် အသက်အန္တရာယ်ပိုရှိသည်။

ထို့ကြောင့် လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန် ကြိုတင်လုပ်ဆောင်ရမည့်၊ လိုက်နာရမည့်အချက်တချို့ကို သိရှိထားသလောက်ထပ်မံရှင်းပြပေးမည်။ (၁) လျှပ်စစ်ပစ္စည်းများကို ပြုပြင်မှုပြုလုပ်သည့်အခါ လျှပ်စစ်ရှိ၊ မရှိစစ်ဆေး၍ မရှိကြောင်းသေချာမှသာလျှင် စမ်းသပ်လုပ်ဆောင်သင့်သည်။ (၂) သင့်လျော်မှန်ကန်သော Cable အမျိုးအစား၊ Breaker အမျိုးအစားများကိုအသုံးပြုရမည်။ လျှပ်စစ်လုပ်ငန်းလုပ်ကိုင်မည့် အလုပ်သမားများအားလုံး သင့်လျော်သည့် ပစ္စည်းကိရိယာများ၊ အကာအကွယ်များ လုပ်ဆောင်ထားသင့်သည်။ (၃) လျှပ်စစ်လုပ်ငန်းလုပ်ကိုင်မည့် အလုပ်သမားများအားလုံး လိုအပ်သည့် သင်တန်းများ၊ လျှပ်စစ်နှင့်ပတ်သက်သည့်သင်တန်းများ တက်ထားသင့်သည်။ (၄) လျှပ်စစ်အသုံးပြုသည့် နေရာတိုင်း၊ ဝိုင်ယာသွယ်တန်းမှုများကို သတ်မှတ်ထားသည့်စံချိန်စံညွှန်းများအရသာ သွယ်တန်းတပ်ဆင်သင့်သည်။ (၅) လျှပ်စစ်ပစ္စည်းနှင့်ပတ်သက်ပြီး ပြုပြင်ခြင်းများပြုလုပ်သည့်အခါတိုင်း လိုအပ်သည့်စမ်းသပ်မှုများ ဥပမာ– Tester ဖြင့်ထောက်တိုင်းပြီး Voltage ရှိ၊ မရှိ တိုင်းတာပြီးမှလုပ်ဆောင်ပါက အန္တရာယ်အထိုက်အလျောက်ကာကွယ်နိုင်သည်။ (၆) လျှပ်စစ်နှင့်ဆိုင်သော ကုမ္ပဏီများ၊ လုပ်ငန်းများအနေဖြင့်လည်း လုပ်သားတိုင်းကို သတ်မှတ်ဝတ်စုံများပြည့်စုံခြင်းရှိ၊ မရှိ စစ်ဆေး၍ပံ့ပိုးပေးကြရမည်။ (၇) မီးလောင်နိုင်သော လျှပ်စစ်ဓာတ်အားသုံးစွဲသည့်နေရာတိုင်း၌ မီးလောင်စေသော ပစ္စည်း Class A,B,C အမျိုးအစားအားလုံးကို ငြိမ်းသတ်နိုင်သော မီးငြိမ်းပစ္စည်းများကို ကြိုတင်ဆောင်ထားသင့်သည်။ (၈) အကယ်၍ လျှပ်စစ်အန္တရာယ် မိမိ၏အနီးအနားတွင်ဖြစ်ပေါ်လာပါက လျှပ်စစ် Source ကို ချက်ချင်းဖြုတ်ပါ။ ထိခိုက်သည့်လူရှိပါက အရေးပေါ်ကယ်တင်ရန်၊ အသက်ရှူနိုင်ရန် ပြုလုပ်ပေးပါ။ (၉) စိုစွတ်သောနေရာများတွင် အကာအကွယ်အပြည့်အဝမပါဘဲ လျှပ်စစ်ကိုမသုံးရပါ။ သုံးရမည်ဆိုပါကလည်း ရေနှင့်ဝေးကွာသည့်နေရာ၊ Water Proof ဖြစ်သည့် နေရာများတွင်သာ အသုံးပြုရမည်။ ရေသည်လျှပ်ကူးကောင်းသော ပစ္စည်းဖြစ်၍ အထူးသတိထားကြရမည်။ Site,Project, နေအိမ်အဆောက်အအုံများတွင် လျှပ်စစ်ပစ္စည်းများကိုအသုံးပြုသည့်အခါ

စိုစွတ်သောနေရာများတွင် အကာအကွယ်အပြည့်အဝမပါဘဲ လျှပ်စစ်ကိုမသုံးရပါ။ သုံးရမည် ဆိုပါကလည်း ရေနှင့်ဝေးကွာသည့်နေရာ၊ Water Proof ဖြစ်သည့် နေရာများတွင်သာ အသုံးပြုရမည်။ ရေသည်လျှပ်ကူးကောင်းသော ပစ္စည်းဖြစ်၍ အထူးသတိထားကြရမည်။

ပါဝါ load အတိုင်း Cable နှင့် Breaker များကို သင့်လျော်သည့် Size နှင့် အရွယ်အစားကိုသာ အသုံးပြုသင့်သည်။ (၁၀) Earthing ချရာတွင် Earth ကောင်းစွာမချခြင်း သေချာစွာမပြုလုပ်သဖြင့် Earth မမိခြင်းတို့ကြောင့်လည်း လျှပ်စစ်အန္တရာယ်များဖြစ်ပေါ်လာနိုင်သဖြင့် Earthing ကိုစနစ်တကျလုပ်ဆောင်သင့်သည်။ (၁၁) ယနေ့ခေတ်အခါတွင် လျှပ်စစ်ကိုလူတိုင်းအသုံးပြုနေကြသည်ဖြစ်၍ လျှပ်စစ်အန္တရာယ်သည် လူတိုင်းနှင့်သက်ဆိုင်သည့်ကိစ္စတစ်ခုဖြစ်သည်။ ထို့ကြောင့် လျှပ်စစ်နှင့်ပတ်သက်သည့် ကာကွယ်လုပ်ဆောင်ရမည့်တာဝန်တိုင်းသည် Safety Officer,Electrical Engineer, Electrical Technician များတွင်သာ တာဝန်ရှိသည်မဟုတ်ဘဲ လူတိုင်းတွင်တာဝန်ရှိသည်။ လျှပ်စစ်အန္တရာယ်မဖြစ်ပေါ်အောင် ကြိုတင်ကာကွယ်ရန် လူတိုင်းတွင်တာဝန်ရှိသည်။

အချုပ်အားဖြင့်ဆိုရသော် ကာကွယ်ခြင်းသည် ကုသခြင်းထက်များစွာထိရောက်ပြီး အကျိုးပိုမို ရရှိစေသည်။ ဖြစ်လာမှကုသသည်ထက် အန္တရာယ်ကိုကြိုတင်ကာကွယ်ခြင်းဖြင့်သာ လျှပ်စစ်အန္တရာယ်ကို ကင်းဝေးစေနိုင်သည်။ သို့ဖြစ်၍ လျှပ်စစ်နှင့်စပ်လျဉ်းပြီး အသက်အန္တရာယ် မရှိစေနိုင်အောင် လျှပ်စစ်အသိ လျှပ်စစ်သတိရှိနိုင်ကြပါစေကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ကျေးလက်ကုန်ထုတ်လမ်း မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုစစ်ဆေး

မကွေး ဩဂုတ် ၂၅

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ရွာငှောင်းကန်ကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေဖြင့် ကျေးလက်ကုန်ထုတ်လမ်းမြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ်လ ၂၅ ရက်နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြကြောင်းသိရသည်။



ထိုသို့စစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေး၊ မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်နှင့်ဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ရွာငှောင်းကန်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များ၊ တင်ဒါရကုမ္ပဏီမှတာဝန်ရှိသူများနှင့်တွေ့ဆုံကာ စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

မကွေးမြို့နယ် ရွာငှောင်းကန်ကျေးရွာ၌ အရှည် ၁ မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ၂ ပေ ၉ လက်မရှိသော ကျေးလက်ကုန်ထုတ်လမ်းမြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုရန်ပုံငွေကျပ် ၁၇၅ ဒသမ ၆၀ သန်းအသုံးပြုပြီး ဇွန်လ ၂၅ ရက်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ရာ ယခုအခါ ၃၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ကိုညီ(ကျေးလက်)

ကျောက်ဆည်မြို့နယ်၌ စိုက်ပျိုးစရိတ် သိန်း ၈၇၀၀ ကျော်ထုတ်ချေးပေးပြီးဖြစ်

ကျောက်ဆည် ဩဂုတ် ၂၅

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ကျောက်ဆည်မြို့နယ်အတွင်းရှိ တောင်သူများ ကြွေးမြီကင်းရှင်းပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး ၂၀၂၅ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်များ ထုတ်ချေးပေးလျက်ရှိရာ ဩဂုတ်လ ၂၅ ရက်အထိ စိုက်ပျိုးစရိတ်ငွေကျပ်သိန်း ၈၇၀၀ ကျော်ထုတ်ချေးပေးပြီးဖြစ်ကြောင်း သိရသည်။

မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးရာ၌ လယ်သီးနှံဖြစ်သည့် စပါးတစ်ဧကတွင် ငွေတစ်သိန်းခွဲကျပ်၊ ယာသီးနှံများဖြစ်သည့် ကုလားပဲ၊ ပဲတီစိမ်း၊ ချည်မျှင်ရှည်ဝါသီးနှံများအတွက် တစ်ဧကငွေကျပ်တစ်သိန်းနှုန်းဖြင့် ကျေးရွာအုပ်စု ၄၃ အုပ်စုမှ တောင်သူ ၁၃၇၅ ဦး၏ စပါးသီးနှံ ၅၃၄၃ ဧက၊ ပဲတီစိမ်းသီးနှံ ၇၀၄ ဧက၊ ချည်မျှင်ရှည်ဝါသီးနှံ ၅၉ ဧက၊ ကုလားပဲသီးနှံ ၁၀ ဧက စုစုပေါင်းသီးနှံမျိုးစုံ ၆၁၁၆ ဧကအတွက် စိုက်ပျိုးစရိတ်ငွေကျပ်သိန်း ၈၇၀၀ ကျော် ထုတ်ချေးပေးပြီးဖြစ်သည်။

တောင်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး စိုက်ပျိုးစရိတ်ချေးငွေကျပ်သိန်းပေါင်းနှစ်သောင်းထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ကျောက်ဆည်ခရိုင်ဘဏ်ခွဲမှသိရသည်။

သက်မောင်(ကျောက်ဆည်)

ကင်းသာရေထိန်းတမံ ရေဝင်ရောက်မှု၊ တမံကြံ့ခိုင်မှုနှင့် နုန်းတားတမံများ တည်ဆောက်ပြီးစီးမှုအခြေအနေ ကွင်းဆင်းစစ်ဆေး



နေပြည်တော် ဩဂုတ် ၂၅

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့ နံနက်ပိုင်းက နေပြည်တော် တပ်ကုန်းမြို့နယ် ကင်းသာကျေးရွာအနီးရှိ ကင်းသာရေထိန်းတမံသို့သွားရောက်၍ ရေသိုလှောင်ထားရှိမှု၊ တမံကြံ့ခိုင်မှု၊ နုန်းတားတမံများ တည်ဆောက်ပြီးစီးမှုနှင့် ယာယီနုန်းဖမ်းကဒစ်တန်း တည်ဆောက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ရေထိန်းတမံအတွင်း သဲနုန်းဝင်ရောက်မှု လျော့နည်းစေရေးနှင့် ဝင်ရောက်ပြီး သဲနုန်းများ ပြန်လည်ဖယ်ထုတ်နိုင်ရေး ဆွေးနွေးမှာကြားသည်။

၂၀၂၄ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ရာဂိမုန်တိုင်း၏ ထူးကဲမိုးရေချိန်များကြောင့် ကင်းသာရေထိန်းတမံထိခိုက်ပျက်စီးမှုများကို ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးဖြစ်ရာ ရေလှောင်ဧရိယာအတွင်း သဲနုန်းပို့ချမှုလျော့ကျစေရေးအတွက် ရေစီးဝင်ချောင်းများဖြစ်သည့် ကျောက်ဆည်ချောင်းနှင့် ရေဝေချောင်းများအပေါ်တွင် နုန်းတားတမံများ တည်ဆောက်ထားရှိသကဲ့သို့ သဲနုန်းများထပ်မံ၍ မဝင်ရောက်စေရေးအတွက် ယာယီနုန်းဖမ်းကဒစ်တန်း တည်ဆောက်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကင်းသာရေထိန်းတမံ ရေပို့လွှဲနှင့် ဆက်စပ်ရေအားအဆောက်အအုံများ၏ ကြံ့ခိုင်မှု၊ တမံရေဝေရေလဲဧရိယာနှင့် တမံအောက်ဘက်ပိုင်းဧရိယာများတွင် မိုးရာသီကာလသစ်ပင်များစိုက်ပျိုးထားရှိမှု၊ ဆည်ရေသောက်ဧရိယာအတွင်း မိုးစပါးနှင့် မိုးသီးနှံစိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ကင်းသာရေထိန်းတမံအနေဖြင့် ယခုနှစ် မိုးရာသီကာလအတွင်း မိုးစပါးနှင့် မိုးသီးနှံ ဧက ၅၀၀ ကျော်လျာထားစိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း၊ ယနေ့အထိ မိုးစပါးနှင့် မိုးသီးနှံဧက ၃၅၀ ကျော် စိုက်ပျိုးပြီးစီးပြီးဖြစ်ရာ ကျန်စိုက်ဧကများကို စိုက်ပျိုးရေဆက်လက်ပေးဝေလျက်ရှိကြောင်း သိရသည်။

မြဝတီ

ပန်းတောင်း၊ ချမ်းမြသာစည်နှင့် လားရှိုးမြို့နယ်တို့တွင် စိတ်ကြွရှူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ




တရားခံ ကျော်ဇင်ထွေးနှင့် ကျော်ဇင်အေးတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူတွေ့ရစဉ်။

နေပြည်တော် ဩဂုတ် ၂၅

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ်လ ၂၄ ရက် မွန်းလွဲ ၂ နာရီတွင် သတင်းအရ ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ ရတနာပုံရပ်ကွက် ပုသိမ်-မုံရွာ ကားလမ်းမဘေးရှိ အိမ်ငှားနေထိုင်သူ သိန်းထွန်း(၆၁)နှစ်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ငင်းဒေသတန်ဖိုးငွေကျပ်သိန်း ၆၀၀) ကို ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် ဩဂုတ်လ ၂၂ ရက် ည ၆ နာရီတွင် ချမ်းမြသာစည်မြို့နယ် မြို့သစ်(၂) ရပ်ကွက် ၆၉ လမ်း ၁၀၇ x ၁၀၈ လမ်းကြားတွင် ပြည်ကြီးတံခွန်မြို့နယ် စက်မှု(၁) ရပ်ကွက်နေ သူရအေး(ခ)ဟူစိန် (၃၃)နှစ်မောင်းနှင်လာသောဆိုင်ကယ်နှင့် မုံရွာမြို့နယ် ဆူးလေကုန်းကျေးရွာနေ ကျော်သက်ခိုင်(ခ) တဲလုံး(၃၀)နှစ် မောင်းနှင်ပြီး ချမ်းမြသာစည်မြို့ အောင်ပင်လယ်ရပ်ကွက်နေ လှိုင်မိုး(ခ)ထွန်းလှိုင်မိုး (၃၀)နှစ် လိုက်ပါလာသော MITSUBISHI PAJERO မော်တော်ယာဉ်တို့အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ငင်းဒေသတန်ဖိုး ငွေကျပ်သိန်း ၇၂၀၀) ကိုဖမ်းဆီးရမိခဲ့သည်။

အလားတူ ပူးပေါင်းအဖွဲ့သည် နံနက် ၁၁ နာရီတွင် သတင်းအရ လားရှိုးမြို့နယ် မယ်ဟန်ကျေးရွာအုပ်စု မယ်ဟန်ကျေးရွာအနီးတွင် မူဆယ်မြို့နယ်ဘက်မှ မိုးညှင်းမြို့နယ်ဘက်သို့ မြစ်ကြီးနားမြို့ နန်းကွေ့ရပ်ကွက်နေ ကျော်ငေထွေး(၂၂)နှစ်မောင်းနှင်ပြီး မြစ်ကြီးနားမြို့ နန်းကွေ့ရပ်ကွက်နေ ကျော်ငေအေး(၂၉)နှစ် လိုက်ပါလာသော TOYOTA HILUX VIGO အမျိုးအစား မော်တော်ယာဉ်အား စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ငင်းတို့ ၂ ဦး သယ်ဆောင်လာသည့် ဘိန်းဖြူအလေးချိန် ၂ ဒသမ ၈၆ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၁၅၀ နှုန်းဖြင့် ငင်းဒေသတန်ဖိုးငွေကျပ် ၄၂၉ သိန်း)၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၅၀၀ နှုန်းဖြင့် ငင်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၅၀) ဖမ်းဆီးရမိခဲ့သဖြင့် ငင်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။ **မြဝတီ**



ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၈-၂၀၂၅ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လှိုင်ကော်	ဟားခါး
92 Ron	၂၉၁၅	၃၀၃၀	၂၉၉၅	၂၉၃၀	၃၀၃၅	၃၀၅၀	၃၀၇၀	၂၉၉၀	၄၅၀၅	၃၂၈၀	၃၀၀၅	၃၀၀၅	၃၀၇၅	၃၀၄၀	၃၀၆၅	၃၃၂၀
95 Ron	၂၉၉၅	၃၁၀၅	၃၀၇၅	၃၀၁၀	၃၁၀၅	၃၁၃၀	၃၁၄၅	၃၀၆၅	၄၅၆၀	၃၃၅၅	၃၀၈၀	၃၀၈၅	၃၁၀၅	၃၁၀၅	၃၀၄၀	၃၃၉၅
HSD (500 ppm)	၂၅၄၀	၂၆၅၀	၂၆၂၀	၂၅၅၅	၂၆၆၀	၂၆၇၅	၂၆၉၀	၂၆၁၀	-	၂၉၅၀	၂၇၂၀	၂၆၇၅	၂၆၈၀	၂၆၈၅	၂၆၈၅	၂၉၄၀
HSD (50 ppm)	၃၁၄၅	၃၂၀၅	၃၂၂၅	၃၁၆၀	၃၂၆၅	၃၂၈၀	၃၂၉၅	၃၂၁၅	၄၈၃၀	၃၅၁၀	၃၂၃၀	၃၂၃၅	၃၃၀၅	၃၂၇၀	၃၂၉၀	၃၅၄၅
HSD (10 ppm)	၃၁၄၅	၃၂၀၅	၃၂၂၅	၃၁၆၀	၃၂၆၅	၃၂၈၀	၃၂၉၅	၃၂၁၅	-	၃၅၁၀	၃၂၃၀	၃၂၃၅	၃၃၀၅	၃၂၇၀	၃၂၉၀	၃၅၄၅

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြား

ကျပ်/လီတာ နှိုင်ပါကြောင်း အသိပေးအပ်ပါသည်-

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၇၅၀	၂၈၃၃
95 Ron	၂၈၂၄	၂၉၁၄
HSD (500 ppm)	၂၃၈၃	၂၄၆၀
HSD (50 ppm)	၂၉၇၀	၃၀၅၉
HSD (10 ppm)	၂၉၇၀	၃၀၅၉

၀၆၇-၄၁၁၃၃၇၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂၅

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

သံမဏိမူဝါဒမူကြမ်းပြုစုရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ၂၅ ရက်



သံမဏိမူဝါဒမူကြမ်းပြုစုရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀)အစည်းအဝေးခန်းမ၌ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများ၊ မြန်မာနိုင်ငံ သံနှင့်သံမဏိအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သံမဏိလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာပြည်ထောင်စုဝန်ကြီးက မန္တလေးငလျင်ကြီးဖြစ်စဉ်ကို သင်ခန်းစာယူ၍ အဆောက်အအုံများ ဆောက်လုပ်ရာတွင် သတ်မှတ်ခံနိုင်မှုစံနှုန်းများနှင့်အညီ ဆောင်ရွက်ထားမှု ရှိ/မရှိ စနစ်တကျစစ်ဆေးရန် အတွက်မူဝါဒသတ်မှတ်အတည်ပြုထုတ်ပြန်နိုင်ရန် အရေးအကြီးဆုံးဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့် အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)နှင့် အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)တို့၌ စက်တပ်ဆင်ရေးလုပ်ငန်းများအပြီးသတ်၍ စွမ်းအားပြည့် လည်ပတ်နိုင်ရေး ဘက္ထာရေးနှစ်အလိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံ၏ သံမဏိထုတ်လုပ်မှုတွင် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်ကဏ္ဍများမှ ဆောင်ရွက်လျက်ရှိ၍ သံမဏိထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းများကို မှန်ကန်သောမူဝါဒ အထောက်အပံ့များဖြင့် ချဉ်းကပ်ရန်လိုအပ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများအနက် အဓိကအရေးကြီးသည့် သံ၊ သံမဏိထုတ်ကုန်များအား ထုတ်လုပ်မှု၊ တင်သွင်းမှုများတွင် လိုက်နာကျင့်သုံးရမည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းရန်လိုအပ်လျက်ရှိသဖြင့် စက်မှုဝန်ကြီးဌာန၊ မြန်မာနိုင်ငံ သံနှင့်သံမဏိအသင်းနှင့် မြန်မာနိုင်ငံ သံမဏိလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ သံမဏိဆိုင်ရာမူဝါဒကို ရေးဆွဲခဲ့ကြောင်း ပြောကြားသည်။

ထို့နောက် အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ပြုစုရေးဆွဲထားသည့် သံမဏိဆိုင်ရာမူဝါဒနှင့်ပတ်သက်၍ လည်းကောင်း၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက သံမဏိဆိုင်ရာမူဝါဒရေးဆွဲနိုင်ရေးအတွက် အဆင့်ဆင့် ဆောင်ရွက်ခဲ့မှုကိုလည်းကောင်း၊ မြန်မာနိုင်ငံ သံနှင့် သံမဏိအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သံမဏိလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌတို့က သံမဏိဆိုင်ရာမူဝါဒပါ အချက်များနှင့်စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးတင်ပြကြပြီး အစည်းအဝေးတက်ရောက်လာကြသူများက သံမဏိဆိုင်ရာမူဝါဒ ခိုင်မာအားကောင်းစေရေးအတွက် ပါဝင်သင့်သည့်အချက်များ၊ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဂတိလိုက်စားမှု ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးခြင်းလုပ်ငန်းများကို ကျယ်ပြန့်စွာဆောင်ရွက်ရမည်



နေပြည်တော် ၂၅ ရက်

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးလွင်ဦးသည် ယနေ့တွင် ကော်မရှင်ရုံးခွဲ(ရန်ကုန်)ရှိ အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

တွေ့ဆုံရာတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဂတိလိုက်စားမှု ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးခြင်းလုပ်ငန်းများကို ကျယ်ပြန့်စွာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လက်ရှိတွင် ဝန်ကြီးဌာန/အဖွဲ့အစည်း ၃၈ ခု၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၅ ခုတို့တွင် CPU အဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း၊ အဂတိလိုက်စားမှု အသိပညာပေးခြင်းဆိုင်ရာ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်နှင့် တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင်များကို ပြုစုထားရှိပြီးဖြစ်ကြောင်း၊ ပေးအပ်လာသည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန် မိမိတို့ဝန်ထမ်းများအနေဖြင့် အရည်အချင်း၊ အရည်အသွေးပြည့်ဝနေအောင် အမြဲတမ်းဖြည့်ဆည်းနေရန်လိုကြောင်း၊ မိမိအလုပ်ကို တန်ဖိုးထား၍ ကြိုးစားလုပ်ဆောင်ရန် ဝန်ထမ်းအချင်းချင်း မိသားစုစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာနေထိုင်သွားကြရန် လိုကြောင်း မှာကြားသည်။

ထို့နောက် ရုံးခွဲတာဝန်ခံ ညွှန်ကြားရေးမှူးက လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ တင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြားပြီး ရုံးခွဲအဆောက်အအုံနှင့်ဝန်ထမ်းအိမ်ရာများအားလုည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

မြစ်ကြီးနားမြို့နယ်အတွင်း သားငါးစားသုံးမှုဖူလုံစေရေး မွေးမြူရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

မြစ်ကြီးနား ၂၅ ရက်

ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသတွင်းစားရေရိုက်ခွာဖူလုံရေး၊ သားငါးစားသုံးမှုဖူလုံစေရေးနှင့် ကုန်စျေးနှုန်းတည်ငြိမ်ရေး ပုဂ္ဂလိကပိုင်မွေးမြူရေးလုပ်ငန်းများ တိုးချဲ့မွေးမြူနိုင်ရေးဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နှန်းသည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် နန်းကွေ့ကျေးရွာ နယ်မြေ(၄)ရှိ ဦးအောင်သူလင်း၏ အသားတိုးကြက်မွေးမြူရေးခြံ၌ အသားတိုးကြက်သားပေါက်နှင့် ကြက်ကြီးကောင်ရေ ၃၅၀၀ ကျော်မွေးမြူထားရှိမှုကိုကြည့်ရှုစစ်ဆေးပြီး ဒေသတွင်းပြန်လည်ဖြန့်ဖြူးရောင်းချနိုင်မှုနှင့် ကြက်သားပေါက်နှင့် ကြက်စာဝယ်ယူရရှိနိုင်ရေး ပေါင်းစပ်ဆောင်ရွက်ပေးပြီး တိရစ္ဆာန်အာဟာရဖြည့်စွက်အစာနှင့် မွေးမြူရေး အထောက်အကူပြုဆေးဝါးများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဒေသကျွဲများ လွတ်ကျောင်းစနစ်ဖြင့် မွေးမြူထားမှုကို ကြည့်ရှုစစ်ဆေးပြီး ကျွဲများ ခြံလှောင်စနစ်ဖြင့် စနစ်တကျမွေးမြူနိုင်ရေး ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ဦးဝင်းဆွေ၏ အသားတိုးဝက်မွေးမြူရေးခြံ၌ အသားတိုးဝက်များ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသတွင်းဖြန့်ဖြူးရောင်းချနိုင်မှုနှင့်ဝက်သားပေါက်နှင့်ဝက်စာဝယ်ယူရရှိမှု၊ တိရစ္ဆာန်ကူးစက်ရောဂါမဖြစ်ပွားရေးတို့နှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ မွေးမြူရေးအထောက်အကူပြု ဆေးဝါးပစ္စည်းနှင့်အစာအိတ်များထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ယဉ်ယဉ်ဝင်း

‘‘ပြည်သူ့ကြားက ပြည်သူ့စကား’’ အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **‘‘ပြည်သူ့ကြားက ပြည်သူ့စကား’’**အစီအစဉ်မှ **“ဘူးသီးတောင်မြို့နယ်အတွင်း ၄င်းသေကျေးရွာအုပ်စုထန်းရော်ခံကျေးရွာမှ ဒေသခံဘဂီလီ ရွာသား ၆၀၀ ကျော်ကို AA အကြမ်းဖက်သောင်းကျန်းသူများက လူမျိုးတုံးသတ်ဖြတ်ခဲ့မှု”** ခေါင်းစဉ်ဖြင့် ၂၇-၈-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“နိုင်ငံရဲ့အထင်ကရနဲ့ သမိုင်းဝင်နေရာ ကမ္ဘာကျော်ဂုတ်ထိပ်မီးရထားလမ်းတံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့တဲ့ TNLA အကြမ်းဖက်သောင်းကျန်းသူများ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၀၈၉၅၅၈၃ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့်ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

➲ ကျောပုံးမှအဆက်

ARIYA CRUZ ကကိုယ့်ဂိုးကိုယ်သွင်းသလိုဖြစ်ကာ I.S.P.E အသင်း တစ်ဂိုးရရှိသွားသည်။ ပွဲကစားချိန် ၈ မိနစ်တွင် ဟေမာန်စိုး၏ပေးပို့မှုကို ယဉ်လွန်းအိမ်က ခေါင်းတိုက်သွင်းကာ ဒုတိယဂိုး၊ ပွဲကစားချိန် ၁၂ မိနစ်တွင် ဖြူဖြူဝင်း၏ပေးပို့မှုမှ မေထက်လူက တတိယဂိုး၊ ပွဲကစားချိန် ၁၆ မိနစ်တွင် လင်းမြင့်မိုရ်က ဂိုးဇရိယာထိပ်ကကန်သွင်းပြီး စတုတ္ထဂိုး၊ ပွဲကစားချိန် ၁၈ မိနစ်တွင် ဖြူဖြူဝင်းကခေါင်းတိုက်သွင်းကာ ပဉ္စမဂိုး၊ ပွဲကစားချိန်မိနစ် ၃၀ တွင် ဖြူဖြူဝင်းက ဆဋ္ဌမဂိုး၊ ပွဲကစားချိန် ၄၄ မိနစ်တွင် ခင်မာလာထွန်း၏ပေးပို့မှုမှ ရွှေရည်ထွန်းက သတ္တမဂိုးအဖြစ် ပထမပိုင်းတွင် အသီးသီးသွင်းယူခဲ့ကြသည်။

ဒုတိယပိုင်းပွဲကစားချိန် ၈၇ မိနစ်တွင် ယွန်းဝတီလှိုင်၏ပေးပို့မှုမှ စန်းစန်းသော်က အဋ္ဌမဂိုးကိုသွင်းယူခဲ့သည်။ I.S.P.E အသင်းသည် ခြေစစ်ပွဲတိုက်ရိုက်အောင်နိုင်ရေး၊ ရဂိုးများများသွင်းနိုင်ရေးအတွက် ပွဲပြီးဆုံးချိန်အထိ တိုက်စစ်အားမလျှော့ဘဲကစားခဲ့ရာ ပွဲကစားချိန် ၈၉ မိနစ်တွင် လင်းလဲ့ဦး၏ပေးပို့မှုမှ မိုးမိုးသန်းက နှစ်ဆင့်ကန်၍ နဝမဂိုးကိုသွင်းယူခဲ့ကြသည်။

အဆိုပါပြိုင်ပွဲသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြည့်ရှုအားပေးသည်။

အာရှချန်ပီယံလိဂ် အမျိုးသမီးကလပ်ခြေစစ်ပွဲတွင် အသင်းခြောက်သင်းသည် တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ပြီး အာရှရှိနိုင်ငံ ၁၉ သင်းအား အုပ်စုငါးစုခွဲ၍ယှဉ်ပြိုင်စေကာ ယင်းအုပ်စုတစ်စုတွင် ထိပ်ဆုံးအသင်းတစ်သင်းသာ တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ ထို့အတူ ၎င်းအုပ်စုငါးစုအနက်မှ အကောင်းဆုံးဒုတိယအသင်းသည်လည်း ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

မြန်မာကလပ် I.S.P.E အသင်းသည် အုပ်စု(က)တွင်ပါဝင်ကာ ဂူအမ်ကလပ် Bank of Guam Strykers အသင်း၊ မွန်ဂိုလီးယားကလပ် Khovd Western အသင်း၊ ဖိလစ်ပိုင်ကလပ် Stallion Laguna အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်လျက်ရှိကြောင်း သိရသည်။

ဝန်းရံခ

မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲဆွေမျိုးပေါက်ဖော်ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများပိုမိုတိုးတက်ခိုင်မာရေးဆွေးနွေး



နေပြည်တော် သြဂုတ် ၂၅

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ယနေ့မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စမာကျားအား နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲဆွေမျိုးပေါက်ဖော်ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများပိုမိုတိုးတက်ခိုင်မာရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများ ဆက်လက်အကောင်အထည်ဖော်ရေး၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ငလျင်ဘေးပြန်လည် ထူထောင်ရေးလုပ်ငန်းများတွင် တရုတ်နိုင်ငံမှ ဆက်လက်ပံ့ပိုးကူညီမည့်အခြေအနေတို့နှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

မြဝတီ

Career Fair & Career Forum 2025 သို့ ပြည်ထောင်စုဝန်ကြီးဒေါက်တာချောချောစိန် တက်ရောက်



နေပြည်တော် သြဂုတ် ၂၅

ပထမအကြိမ် Career Fair & Career Forum 2025 ကို ယနေ့နံနက်၉နာရီတွင် Naypyitaw State Academy ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ တာဝန်ရှိသူများ၊ ခေတ္တပါမောက္ခချုပ်၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ခေတ္တပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးက Career Forum 2025 ကျင်းပရခြင်းသည် ကျောင်းသား၊ ကျောင်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးရန်၊ လုပ်ငန်းခွင်ဝင်ရောက်မည့် နည်းလမ်းများ၊ လုပ်ငန်းခွင်ဝင်သည့်အခါ လိုအပ်သည့် ကျွမ်းကျင်မှုများကို လေ့လာသိရှိနိုင်ရန်၊ လုပ်ငန်းအဖွဲ့အစည်းများနှင့် ကျောင်းသား၊ ကျောင်းသူများအကြား ချိတ်ဆက်မှုကို မြှင့်တင်နိုင်ရန်ဖြစ်ကြောင်း၊ စာတွေ့နှင့် လက်တွေ့ပေါင်းစပ်သင်ယူလေ့လာနိုင်စေရန်၊ ပူးပေါင်းဆောင်ရွက်မှု စွမ်းရည်တိုးတက်စေရန်နှင့် ကျောင်းသားလူငယ်များ လုပ်ငန်းခွင်ဝန်းကျင်နှင့် ကွန်ရက်ချိတ်ဆက်နိုင်ရန် အဓိကကျသည့်အခွင့်အလမ်းတစ်ခုဖြစ်ကြောင်း၊ ယခုဖိုရမ်မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် အကျိုးကျေးဇူးရရှိမည်ဖြစ်သကဲ့သို့ လုပ်ငန်းရှင်များအတွက်လည်း ကျောင်းသား၊ ကျောင်းသူများ၏ အရည်အချင်းများကိုသိရှိပြီး မိမိလုပ်ငန်းခွင်တွင် လိုအပ်သည့်ဝန်ထမ်းများကို ကြိုတင်လေ့လာချိတ်ဆက်ခွင့်၊ ရွေးချယ်ခွင့်ရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ခေတ္တပါမောက္ခချုပ်တို့က Career Fair & Career Forum တွင် ပါဝင်ကူညီခဲ့ကြသော ကုမ္ပဏီနှင့်အဖွဲ့အစည်းများကို ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကာ Career Fair ပြခန်းများကို ကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် Blue Ocean Investment Co., Ltd. မှ Chairman က "Shaping the Future Opportunities"ခေါင်းစဉ်ဖြင့် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ ဟောပြောဆွေးနွေး၍ "From Campus to Career" ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပပြီး ဖိုရမ်တွင် ဟောပြောဆွေးနွေးခဲ့သူများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ပထမအကြိမ် Career Fair & Career Forum 2025 တွင် နိုင်ငံခြားရေးဝန်ကြီးဌာန အပါအဝင် ကုန်သွယ်မှုလုပ်ငန်းများ၊ ဘဏ်လုပ်ငန်းများ၊ လက်တွေ့ခန်းသုံးနှင့်သိပ္ပံပစ္စည်း၊ သင်ထောက်ကူပစ္စည်းဆိုင်ရာများ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ စသည်ဖြင့် ပြခန်းပေါင်း ၂၀ ကျော်ပါဝင်ခဲ့ကြောင်း သိရသည်။

မြဝတီ

အကြိမ်(၄၀)မြောက် နည်းပညာကော်မတီအစည်းအဝေးဖွင့်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး တက်ရောက်

နေပြည်တော် သြဂုတ် ၂၅

အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ကျေးလက်ဒေသဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (CIRDAP)၏ အကြိမ်(၄၀)မြောက် CIRDAP နည်းပညာကော်မတီအစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ THE ERAVATI SULE GRAND ဟိုတယ်၌ကျင်းပသည်။

အခမ်းအနားသို့ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ကျေးလက်ဒေသဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (CIRDAP) အတွင်းရေးမှူးချုပ်ရုံးမှ ညွှန်ကြားရေးမှူးချုပ် Mr. Chandra Shekara Putte Gowda၊ အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ ဖီဂျီ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီရန်၊ လာအို၊ မလေးရှား၊ မြန်မာ၊ နီပေါ၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ သီရိလင်္ကာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ နည်းပညာကော်မတီအဖွဲ့ဝင်များ၊ CIRDAP အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယခုအကြိမ်(၄၀)မြောက် နည်းပညာကော်မတီအစည်းအဝေးသည် မိမိတို့၏တိုးတက်မှုများကို ပြန်လည်သုံးသပ်ရန်၊ အတွေ့အကြုံများ မျှဝေရန်နှင့် မိမိတို့နိုင်ငံများ၏ အခြေအနေနှင့်လိုက်လျောညီထွေရှိသည့် ဖွံ့ဖြိုးတိုးတက်မှုများကို မြှင့်တင်၍ ပြန်လည်အသုံးချနိုင်မည့် အခွင့်အလမ်းများ ရရှိစေမည်ဖြစ်ကြောင်း၊ အာရှနှင့် ပစိဖိတ်ဒေသတွင် ရေရှည်တည်တံ့ပြီး အားလုံးပါဝင်သော ကျေးလက်ဒေသဆိုင်ရာ အသွင်ကူးပြောင်းမှု ဖြစ်ပေါ်လာမည့် အနာဂတ်ဆီသို့ အတူတကွချီတက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကျေးလက်ဒေသဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (CIRDAP)၏ ညွှန်ကြားရေးမှူးချုပ် Mr. Chandra Shekara Putte Gowda က အစည်းအဝေးကျင်းပရခြင်းနှင့် ပတ်သက်၍ ပြောကြားသည်။

အဆိုပါ အကြိမ်(၄၀)မြောက် CIRDAP နည်းပညာကော်မတီအစည်းအဝေးနှင့် CIRDAP Knowledge Sharing Workshop ကို သြဂုတ်လ ၂၅ ရက်မှ ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း၊ သြဂုတ်လ ၂၇ ရက်တွင် လှည်းကူးမြို့နယ် ရဲမွန်ကျေးရွာနှင့် ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာသို့ လေ့လာရေးခရီးသွားရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် လှည်းကူးမြို့နယ် ရဲမွန်ကျေးရွာအုပ်စု Good Brother စင်တာ၌ ကျင်းပသည့် မိုးစပါးစိုက်တောင်သူများသို့ သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာသွင်းအားစုပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ တိုင်းဒေသကြီး သံယဇာတရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက လှည်းကူးမြို့နယ်ရှိ ကျေးရွာများမှမိုးစပါးစိုက်တောင်သူများအား သွင်းအားစု ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်သည်။

မြဝတီ

ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် သြဂုတ် ၂၅

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာ ခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ် ခြောက်ခုတို့တွင် သြဂုတ်လ ၂၅ ရက် အထိ သေဆုံးသူ ၃၇၈၉ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၁၉ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၆၇ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

မြဝတီ

၂၅-၈-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၈၉၀,၀၀၀) ကျပ်ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

လွိုင်ကော်မြို့၌ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်၊ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများ ကြည့်ရှုအားပေး



လွိုင်ကော် ဩဂုတ် ၂၅

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ကယား ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် အတူ ယနေ့တွင် ကယားပြည်နယ် လွိုင်ကော်မြို့၌တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး ဆွေးနွေးပွဲနှင့် ပြည်သူများအပန်းပြေစေရန်၊ စိတ်ခွန်အားရရှိနိုင်ရန် အနုပညာရှင်များ၏ ဖျော်ဖြေပွဲများသို့ တက်ရောက်အားပေးပြီး လွိုင်ကော်မြို့ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ လာရောက်ဖျော်ဖြေကြသည့် အနုပညာရှင်များက လွိုင်ကော်မြို့ရှိ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၌ ပြုလုပ်သော လွိုင်ကော်မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များအတွက် ဆွမ်း၊ ဆီနှင့် လျှုဖွယ်ဝတ္ထုများလှူဒါန်းပွဲသို့ တက်ရောက်၍ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်) ၌ ကျင်းပသည့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးဆွေးနွေးပွဲသို့ တက်ရောက်ကြရာ အဆိုပါဆွေးနွေးပွဲသို့ လွိုင်ကော်မြို့ရှိ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၊ အစိုးရစက်မှုလက်မှုသိပ္ပံတို့မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများလည်း တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပညာရေးဒီဂရီကောလိပ်မှ ကျောင်းသားတစ်ဦးက “လူချွန်လူကောင်း” တေးသီချင်းဖြင့်လည်းကောင်း၊ ပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား၊ ကျောင်းသူများက ကယားတို့၏ သဘာဝအလှနှင့် စုပေါင်းအကတေးသရုပ်ဖော်ဖြင့်လည်းကောင်း သီဆိုကပြဖျော်ဖြေတင်ဆက်ကြပြီး “မြေငလျင်ဒဏ်ကျော်ဖြတ်ကာ ပိုမိုကောင်းမွန်တဲ့ အနာဂတ်” နှင့် “နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့” မှတ်တမ်းရုပ်သံ Video Clip တို့ကို ပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ကယားပြည်နယ်သည် မန္တလေးငလျင်ဘေးဒဏ်ကို ခံစားရမှုမရှိသော်လည်း အကြမ်းဖက်သမားများ၏ အဖျက်လုပ်ရပ်များကြောင့် တိုက်ပွဲဖြစ်စဉ်များ ကြုံတွေ့ခဲ့ရပြီး နယ်မြေတည်ငြိမ်အေးချမ်းမှုကို ပြန်လည်ဖော်ဆောင်ပေးနိုင်မှုနှင့်အတူ နိုင်ငံတော်အစိုးရနှင့် ပြည်နယ်အစိုးရအဖွဲ့တို့၏ ပြန်လည်ပြုပြင်တည်ဆောက်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အလျင်အမြန် အကောင်အထည်ဖော် ဆောင်ရွက်ပေးနေမှုကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဖျော်ဖြေတင်ဆက်ခဲ့ကြသည့်အဖွဲ့များကို ဆုငွေချီးမြှင့်ပြီး ကယားပြည်နယ်မှ အဆင့်မြင့်ကျောင်းများအတွက် သုတရသစာအုပ်စာစောင်များ၊ ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်)အတွက် MRTV DTH စလောင်းစက်ပစ္စည်းအစုံနှင့် MRTV T – 2 Set Top Box တို့ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီများရှင် ရန်အောင်တို့က ဆွေးနွေးပွဲတက်ရောက်လာသူများအတွက် MRTV DTH စလောင်းစက်ပစ္စည်းအစုံနှင့် MRTV T–2 Set Top Box တို့ကို ကံစမ်းမဲဖောက်၍ ပေးအပ်သည်။

ယင်းနောက် ကယားပြည်နယ်ရှိ အဆင့်မြင့်ပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူလေးဦးက အင်္ဂလိပ်စာစွမ်းရည်သရုပ်ပြတင်ဆက်ပြီး ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်ကာ ပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား၊ ကျောင်းသူများက ပြည်ထောင်စု၏ ထာဝရအလှများ တေးသီချင်းဖြင့် တေးသရုပ်ဖော်ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လွိုင်ကော်မြို့ရှိ အဆင့်မြင့်သီရိမင်္ဂလာစျေးသစ်ကိုရောက်ရှိရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက မူလသီရိမင်္ဂလာစျေးကို ၁၉၉၁ ခုနှစ်က အုတ်ညှပ်၊ သွပ်မိုး၊ ပျဉ်ကာ၊ ကွန်ကရစ်ခင်းဖြင့် ဆောက်လုပ်ထားရှိရာမှ ၂၀၂၃ ခုနှစ်တွင် အကြမ်းဖက်သောင်းကျန်းသူများကြောင့် မီးလောင်ပျက်စီးဆုံးရှုံးခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ် ဇူလိုင်လတွင် အဆင့်မြင့်သီရိမင်္ဂလာစျေးသစ် နှစ်ထပ်အဆောက်အအုံကို ပန္နက်တင်၍ စတင်ဆောက်လုပ်ခဲ့ရာမှ ယခုနှစ် ဧပြီလအတွင်း ပထမအဆင့်ကို စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး ယခုအခါ ဒုတိယအဆင့် လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စျေးအတွင်းလှည့်လည်ကြည့်ရှုကြပြီး စျေးရောင်းချသူများနှင့် စျေးဝယ်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သကဲ့သို့ အနုပညာရှင်များကလည်း ပရိသတ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခြင်း၊ ပရိသတ်များနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။ **မြဝတီ**

ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၅

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Mr. Jaime Nadal Roig အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဝန်ကြီးဌာနနှင့် UNFPA အဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မိခင်နှင့်မျိုးဆက်ပွား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ မြှင့်တင်ရေး၊ နိုင်ငံတော်နှင့် ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ချမှတ်ထားသည့် မူဝါဒများနှင့်အညီ ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် ဆက်လက်



ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များအား အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ UNFPA ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ကြောင်း သိရသည်။

မြဝတီ

ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိ

နေပြည်တော် ဩဂုတ် ၂၅

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၁၇-၈-၂၀၂၅ ရက် ည ၈ နာရီမှ ၂၄-၈-၂၀၂၅ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၄၉၃ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသမှုပေးရသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့်သေဆုံးလူနာမရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာ အခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ကျန်းမာရေးဝန်ကြီးဌာန

နေရာကွက်၍ မိုးကြိုးမည်

နေပြည်တော် ဩဂုတ် ၂၅

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြိုးမည်။ **(မိုး/၈လ)**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

Organizations condemn TNLA terrorists for destroying 125-year-old Gokteik Viaduct

NAY PYI TAW August 25

The world-famous Gokteik Viaduct, a 125-year-old rail-cum-bridge, is Myanmar's highest and the second highest in the world. It is also the largest railway trestle bridge globally. The viaduct, located on the Mandalay-Lashio railway line, connects Nawnghkio and Kyaukme in Shan State (North). On the morning of 24 August, TNLA terrorists exploded the Gokteik Viaduct by planting mines, damaging a 60-foot section of the bridge between Pier P-16 and the approach structure AB-2 on the Kyaukme side. Both the bridge deck in that section and the approach structure AB-2 were destroyed.

The Gokteik Viaduct, a 125-year-old world-famous railway bridge that is one of Myanmar's iconic landmarks and has been listed among the world's wonders, was deliberately blown up with mines by TNLA terrorists. Instead of being preserved and protected, the bridge was destroyed in a reckless act unrelated to military measures. The entire people have strongly condemned and rejected this action as completely unacceptable.

Moreover, Young Men's Buddhist Association (Central), Myanmar Interfaith Dialogue Group (Central), Myanmar Evangelical Christian Alliance, Union of Myanmar Methodist Church (Lower Myanmar), Faith Evangelical Church (Bago), Deliverance Church (Yangon), All Myanmar Hindu Central Council, All Myanmar Tamil Hindu Foundation (HQ), Thananta Dhamma Palaka (Hindu) Association, Islamic Religious Affairs Council Myanmar, Pinnaygon Yakhine Jaame Mosque, Buthidaung-Maungtaw Regional Development Association, Myanmar Artists Organization (Central), Myanmar Theatrical Association (Central), Myanmar Comedians' Association, Myanmar-Shia Muslim Religious Organization (Central), Myanmar Press Council, Myanmar Sports Media Federation, Myanmar Motion Pictures Organization, Myanmar Writers' Association, and Myanmar Music Association (Central), issued their statements of strong condemnations over such action of TNLA terrorists. **100**

YMBA (Central) condemns TNLA and PDF attacks on historic Gokteik Viaduct

25 August 2025

The Gokteik Viaduct in Nawnghkio, Shan State (North), which connects Shan State (North) with central Myanmar and has stood for 125 years as a source of national pride and a site listed among the world's wonders, was systematically sabotaged and destroyed with mines by TNLA and PDF terrorist groups. The act resulted in the loss of this historic heritage, which the people of Myanmar have long used. So, the Young Men's Buddhist Association (YMBA) has strongly condemned and denounced this act.

Central Executive Committee
Young Men's Buddhist Association (YMBA) (Central)

Statement of Myanmar Interfaith Dialogue Group (Central)

25 August 2025

TNLA terrorists, unable to withstand Tatmadaw's offensive and fleeing in disarray, senselessly planted mines and destroyed the Gokteik Viaduct, which is a prominent national landmark unrelated to the military target, on 24 August.

The Gokteik Viaduct, which has stood for 125 years, is Myanmar's highest and the world's second-highest railway bridge, as well as the largest railway trestle globally, and is recognized as a prominent landmark. So, the Myanmar Interfaith Dialogue Group (Central) strongly condemns and completely rejects TNLA terrorists' senseless act of mining and destroying this historic Gokteik Viaduct.

Central Executive Committee
Myanmar Interfaith Dialogue Group (Central)

Statement of Union of Myanmar Methodist Church (Lower Myanmar)

25 August 2025

It is with deep regret that we have learned that on 24 August, the Gokteik Viaduct, located on the Mandalay-Lashio railway connecting Nawnghkio and Kyaukme townships in Shan State (North), was exploded by the TNLA armed terrorist group.

The TNLA armed terrorist group's malicious and reckless act of mining and destroying a prominent and historic site in Myanmar, unrelated to military activities, is completely unacceptable to the entire nation and strongly condemned by the public. So, the Union of Myanmar Methodist Church (Lower Myanmar) also absolutely rejects and vehemently condemns this action.

Union of Myanmar Methodist Church (Lower Myanmar)

မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်
Myanmar Evangelical Christian Alliance

MEMBER BODY OF: Asia Evangelical Alliance WEA World Evangelical Alliance

Statement of Myanmar Evangelical Christian Alliance

25 August 2025

TNLA armed terrorists, without regard for the interests of the local population, set fire to and destroyed houses in villages while fleeing during clashes with Tatmadaw in Naungpain Village, Shan State (North). While retreating, on the morning of 24 August 2025, they maliciously and violently mined and destroyed Myanmar's prominent landmark and world-renowned Gokteik Viaduct. In the incident, a 60-foot section of the bridge frame and the bridge's abutment (AB-2) between the Kyaukme side P-16 pier and the abutment were destroyed.

The Myanmar Evangelical Christian Alliance has issued a statement, strongly condemning and completely rejecting the TNLA armed terrorist group's malicious and reckless act of mining and destroying a prominent and historic site in Myanmar that is unrelated to military measures.

Myanmar Evangelical Christian Alliance

Statement of Faith Evangelical Church (Bago)

25 August 2025

The TNLA armed terrorist group on 24 August 2025 maliciously and recklessly mined and destroyed the famous Gokteik Viaduct on Myanmar's railway line, which connects Nawnghkio and Kyaukme. The viaduct is recognized as a prominent national landmark and a world-renowned heritage site. The 2,260-foot-long Gokteik Viaduct, situated at an altitude of 1,100 feet, has a history spanning 125 years. It is Myanmar's highest viaduct and the second-highest in the world, also recognized as the largest railway steel viaduct globally. Renowned for the advanced technology used in its construction and the beauty of its natural surroundings, the viaduct has long been celebrated and visited by numerous domestic and international tourists.

Hence, the Faith Evangelical Church (Bago) strongly condemns and completely rejects the actions of the TNLA armed terrorist group for maliciously and recklessly mining and destroying the historic Gokteik Viaduct.

Faith Evangelical Church (Bago)

See Page - 19►►

►► From Page - 18

Statement of Deliverance Church (Yangon)

25 August 2025

The TNLA armed terrorist group maliciously and recklessly blew up the Gokteik Viaduct, a prominent landmark of Myanmar, resulting in the collapse of a 60-foot-long section of the bridge deck between pier (P-16) and abutment (AB-2) on the Kyaukme side. Therefore, our Deliverance Church (Yangon) strongly condemns and completely rejects these terrorist acts.

Deliverance Church (Yangon)



Statement of All Myanmar Hindu Central Council

25 August 2025

TNLA armed terrorists maliciously and recklessly mined and destroyed the 2,260-foot-long Gokteik Viaduct, connecting Nawnghkio and Kyaukme. The facility is the highest viaduct in Myanmar, the second-highest in the world, and the largest railway truss viaduct globally. As a result of the attack, a 60-foot-long section of the bridge deck between Pier (P-16) on the Kyaukme side and abutment (AB-2) was destroyed. So, the All-Myanmar Hindu Central Council categorically rejects these acts of terrorism and strongly condemns them.

All Myanmar Hindu Central Council




Statement of All Myanmar Tamil Hindu Foundation (HQ)

25 August 2025

1. TNLA armed terrorists, having retreated from Naungpin Village in Nawnghkio Township, Shan State (North), recklessly blew up the historic Gokteik Viaduct, which is one of Myanmar's prominent landmarks unrelated to any military activity, causing its destruction on 24 August 2025. We shared sorrow and grief among the residents as TNLA terrorists destroyed the 60-foot-long viaduct span and the viaduct's abutment (AB-2) between the P-16 viaduct pier on the Kyaukme side and the abutment (AB-2).
2. The All Myanmar Tamil Hindu Foundation (HQ) absolutely rejects TNLA armed terrorists committing such terror acts and strongly condemns them.

All Myanmar Tamil Hindu Foundation (HQ)



Statement of Islamic Religious Affairs Council Myanmar

25 August 2025

When Tatmadaw totally reoccupied Naungpin Village on 23 August 2025, the TNLA armed terrorists retreated from the scene; however, they blew up and destroyed the 125-year-old Gokteik Viaduct, which is the highest in Myanmar, the second highest and the largest rail viaduct in the world, on 24 August. Regrettably, a 60-foot-long section of the bridge deck between Bridge Pier (P-16) on the Kyaukme side and the abutment (AB-2), along with the abutment (AB-2) itself, has been destroyed.

That is why we, the Islamic Religious Affairs Council of Myanmar, strongly condemn and denounce the acts of TNLA armed terrorists over the malicious and brutal mine explosion and destruction of the prominent and historic venue of the nation.

Islamic Religious Affairs Council Myanmar


Statement of Thananta Dhamma Palaka (Hindu) Association

25 August 2025

When Tatmadaw reoccupied Naungpin Village in Nawnghkio Township, Shan State (North), TNLA armed terrorists who had fled blew up the world-famous Gokteik Viaduct, which is a 125-year-old rail-cum-viaduct connecting Nawnghkio and Kyaukme, recklessly with explosives on 24 August. We are sorrowful to hear that the 60-foot-long section of the viaduct deck between viaduct pier (P-16) on the Kyaukme side and the abutment (AB-2), along with the abutment (AB-2) itself, has been destroyed.

(၁) မြန်မာနိုင်ငံ၏ အမြင့်ဆုံးနှင့် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံးတံတားဖြစ်ပြီး နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိကာ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ နောင်ချိုမြို့နှင့် ကျောက်မဲမြို့ကို ဆက်သွယ်ထားသော ကမ္ဘာကျော်ဂုတ်ထိပ်တံတားအား ၂၄-၈-၂၀၂၅ ရက်နေ့ နံနက်ပိုင်းတွင် TNLA အကြမ်းဖက်သောင်းကျန်းသူများက ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရှိရပါသည်။

(၂) ထိုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သည့် ကမ္ဘာ့အံ့ဖွယ်စာရင်းများဝင် ဂုတ်ထိပ်တံတားကြီးအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် TNLA အကြမ်းဖက်သောင်းကျန်းသူများကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ပြင်းပြင်းထန်ထန်ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ချက်ကို ထုတ်ပြန်လိုက်သည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ် ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်



၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားတစ်ခုဖြစ်ပြီး ကမ္ဘာ့အံ့ဖွယ်စာရင်းတွင်လည်းပါဝင်ခဲ့သည့် နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိ ကမ္ဘာကျော်ဂုတ်ထိပ် မီးရထားလမ်းတံတားကြီးအား ဩဂုတ်လ ၂၄ ရက်နေ့ နံနက်ပိုင်းက TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းခံလိုက်ရကြောင်း စိတ်မချမ်းမြေ့ဖွယ် သိရှိရပါသည်။

ယခုကဲ့သို့သမိုင်းဝင်ကမ္ဘာကျော်ဂုတ်ထိပ်တံတားကြီးအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ လုပ်ရပ်အား မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်



မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ကန့်ကွက်ရှုတ်ချခြင်း ကြေညာချက်အမှတ်-၂၇/၂၀၂၅

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

မြန်မာနိုင်ငံ၏အထင်ကရအမှတ်အသားနှင့် ကမ္ဘာ့အံ့ဖွယ်စာရင်းဝင် နှစ်ပေါင်း (၁၂၅) နှစ်သက်တမ်းရှိကမ္ဘာကျော် "ဂုတ်ထိပ်တံတား"ကို TNLA အကြမ်းဖက်သမားများက ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ (၂၄) ရက်နေ့တွင် ဗုံးခွဲဖျက်ဆီးခဲ့ကြောင်းသိရှိရသဖြင့် များစွာနှမြောတသဖြစ်ရပါသည်။

တန်ဖိုးထားရမည့် ရှေးဟောင်းအဆောက်အဦ "ဂုတ်ထိပ်တံတား" ကြီးကိုဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများကို ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး



မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သဘောထားထုတ်ပြန်ချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နှင့် ကျောက်မဲမြို့အကြားရှိ နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိသော ကမ္ဘာကျော်ဂုတ်ထိပ်တံတားကြီးအား ဩဂုတ်လ ၂၄ ရက်နေ့တွင် အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးလိုက်သဖြင့် အဆိုပါတံတားကြီးမှာ ပျက်စီးသွားခဲ့ရပါသည်။

၂။ အဆိုပါကမ္ဘာကျော် ဂုတ်ထိပ်တံတားကြီးအား မိုင်းထောင်ဖောက်ခွဲသည့်လုပ်ရပ်နှင့်ပတ်သက်၍ စစ်ရေးနှင့်မသက်ဆိုင်ဘဲ နိုင်ငံအတွင်း တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ကူးလူးဆက်ဆံသွားလာနိုင်ရန် တည်ဆောက်ခဲ့သည့်တံတားကြီးအား ဖျက်ဆီးခြင်းသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားစေမည့်ကိစ္စရပ်များကို ရည်ရွယ်ချက်ရှိရှိဖြင့် ပြုမူဆောင်ရွက်ခြင်းဖြစ်သဖြင့် အဆိုပါအကြမ်းဖက်သမားများ၏လုပ်ရပ်ကို မြန်မာနိုင်ငံစာရေးဆရာအသင်းက ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း



မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ကြေညာချက်



၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

ယခုလ ၂၄ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် မြန်မာပြည်အလယ်ပိုင်းကိုဆက်သွယ်ထားသည့် နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိ ကမ္ဘာကျော်ဂုတ်ထိပ်တံတားအား မိုင်းခွဲဖျက်ဆီးခဲ့သည့် TNLA အကြမ်းဖက်အဖွဲ့၏လုပ်ရပ်အား မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)က ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)

နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား၊ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



နောင်ချိုမြို့နယ် အခြေခံပညာကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကိုတွေ့ရစဉ်။



နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် သြဂုတ် ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါး ပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများအား ၂၀၂၅ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား၊ ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အခြေခံပညာကျောင်း ၇ ကျောင်း ထပ်မံဖွင့်လှစ်နိုင်ခဲ့၍ နောင်ချိုမြို့နယ်အတွင်း စုစုပေါင်းအခြေခံပညာကျောင်း ၉၄ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူ ၄၁၆၃ဦး ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၁၀၆၄၅ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့ပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ကာ ဩဂုတ်လ ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ဆင်လူနာ ၃၁ ဦးတို့ကို ဌက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ဒေသခံတိုင်းရင်းသား ပြည်သူ ၅၄ ဦးအား သွေးအမျိုးအစား စစ်ဆေးပေးခြင်း၊ ဒေသခံတိုင်းရင်းသား ပြည်သူ ၄ ဦးအား ဌက်ဖျားပိုးစစ်ဆေးခြင်းများဆောင်ရွက်ပေးပြီး အတွင်းလူနာအဖြစ် ဒေသခံတိုင်းရင်းသားပြည်သူ ၂၈ ဦးတက်ရောက်ဆေးကုသမှုခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)



*117# ကို ခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထိ ကံစမ်းလို့ရပါပြီ။

ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ခေတ္တရာရပ်ကွက်၊ (၂/၄)လမ်း၊ အကွက်အမှတ်(၁၆^A)ကွင်းအမည် (ခေတ္တရာအနောက်)ကွင်း၊ ဦးပိုင်အမှတ်(၁၉)၊ မြေဧရိယာ(၀.၀၅၅)ဧက ပိုင်ဆိုင်ခွင့်(အစိုးရ)(မြေအမျိုးအစား)။ အလျား (၄၀)ပေ၊ အနံ(၆၀)ပေရှိမြေနှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသောနှစ်ထပ်တိုက်အိမ်မှာ ကျွန်မ၏မိဘများဖြစ်သော (ဦးဟန်တင်+ဒေါ်မြင့်မြင်ရီ)(ကွယ်လွန်) တို့လင်မယားနှစ်ဦးပိုင်ဆိုင်သောအိမ်ခြံမြေဖြစ်ပါသည်။ မိဘနှစ်ဦးမွေးဖွားသောသားသမီးများမှာ (၁)ဒေါ်တင်တင်ရီ (၂)ဦးဇော်ဝင်းဟန် (၃)ဒေါ်ခင်ခင်ရီ (၄)ဦးထွန်းအေးဟန် (၅)ဦးဉာဏ်လင်းဟန် (၆)ဒေါ်အေးအေးဟန် (၇)ဦးအောင်နိုင်ထွေး (၇)ဦးရှိပါသည်။

အထက်တွင်ဖော်ပြထားသော မိဘပိုင်အိမ်ခြံမြေကို ကျွန်မတို့ ညီအစ်ကိုမောင်နှမ(၇)ဦးမှ သဘောမတူညီဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အခြားနည်းတစ်မျိုးမျိုးဖြင့် အလွဲသုံးစားပြုခြင်းများကို ပြုလုပ်ပါက ကန့်ကွက်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်ခင်ရီ ၂/လကန(နိုင်)၀၀၇၂၅၆

ပျောက်ဆုံးကြောင်း
အောင်ကိုဝင်း(ဘ)ဦးတင်အေး ၇/ကဝန(နိုင်) ၀၉၂၁၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၃၇၁၉၄၅၈

ပျောက်ဆုံးကြောင်း
သန်းသန်းဝေ(ဘ)ဦးစိန်ရွှေမောင် ၁၂/ရကန (နိုင်)၀၂၁၆၃၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၀၃၇၇၁

ပျောက်ဆုံးကြောင်း
ဖူကေဒါ(ဘ)ဦးမောင်လေး ၉/မရမ(နိုင်) ၀၇၇၈၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၆၁၀၉၁၁၀

ပျောက်ဆုံးကြောင်း
ဒေါ်မင်းသိန်း(ဘ)ဦးယက်သဲအောင် ၁၁/ကတန(နိုင်)၀၉၂၁၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇

ပျောက်ဆုံးကြောင်း
ဦးမောင်မျိုးထွန်း(ဘ)ဦးသောင်းစိန် ၇/ဝမန(နိုင်)၁၀၀၇၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၇၈၄၃၃၇၅

ပျောက်ဆုံးကြောင်း
ချိုဝေလွင်(ဘ)ဦးသောင်းထွန်း ၁/လမန(နိုင်) ၁၅၃၃၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၄၉၄၄၇၈၅

ပျောက်ဆုံးကြောင်း
ရှိုးကိုကို(ဘ)ဦးချိုဝင်း ၇/ဇကန(နိုင်) ၀၆၇၀၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၈၃၃၃

ပျောက်ဆုံးကြောင်း
ဇာခြည်လင်း(ဘ)ဦးတင်ထွန်း ၁၂/ဒပန(နိုင်) ၀၅၃၀၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၈၈၈၄၄၉၄

အမည်မှန်
ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ အသုတ်မြို့နေ အဘ ဦးမြင့်အေး-အမိ ဒေါ်စန်းသီတာနိုင်တို့၏သမီး မယမင်းအောင် ၁၄/ရကန(နိုင်)၁၈၇၆၁၆ ကိုင်ဆောင်သူ၏အမည်မှန်မှာ မအိအိနိုင်ဖြစ်ပါကြောင်း။
မအိအိနိုင်

ပျောက်ဆုံးကြောင်း
ကျော်စွာဌေးလွင်(ဘ)ဦးဌေးလွင် ၁၂/ကမတ(နိုင်)၀၇၁၂၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၅၁၀၇၅၀

ပျောက်ဆုံးကြောင်း
ဦးဝိသုတ(ဘ)ဦးစိုးသိန်း ၇/ပမန(သ) ၀၀၂၁၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၈၉၃၁၃

ပျောက်ဆုံးကြောင်း
ဇွန်းလရောင်ချို(ဘ)ဦးရဲရင့်နောင်၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၁၈၅၂၉၃

ပျောက်ဆုံးကြောင်း
နော်ဂရေစီမိုး(ဘ)စောကပေါ်လား ၁၂/လကန(နိုင်)၂၀၄၉၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၆၇၂၈၆၄၉

ပျောက်ဆုံးကြောင်း
မျိုးသက်ဝင်း(ဘ)ဦးဝင်းလှိုင် ၈/မလန(နိုင်) ၀၈၉၉၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၁၆၃၃၈၀၅

ပျောက်ဆုံးကြောင်း
ချောစုလွင်(ဘ)ဦးသစ်လွင် ၁၄/ဖပန(နိုင်) ၀၉၉၀၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၉၅၆၆၈၇

ပျောက်ဆုံးကြောင်း
သန္တာအောင်(ဘ)မူနီယန်ဒီ ၁၂/ပဇတ(နိုင်) ၀၃၄၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၁၂၅၅၄

ပျောက်ဆုံးကြောင်း
မျိုးလှိုင်ဝင်း(ဘ)ဦးတင်နု ၁၁/သတန(နိုင်) ၀၉၆၂၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၆၂၃၃၉

ပျောက်ဆုံးကြောင်း
စီစီဘရန်(ဘ)ဦးစီစီဂမ် ၁/မကတ(နိုင်) ၀၅၉၄၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၈၃၄၇၉၈၁

ပျောက်ဆုံးကြောင်း
သန်းနိုင်(ဘ)ဦးတင်ညွန့် ၁၂/အစန(နိုင်) ၁၀၄၇၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၁၁၈၈၀၅

ပျောက်ဆုံးကြောင်း
နန့်နှင်းယုဇော်(ဘ)ဦးဇော်ဇော်ရွှေ ၁၄/ကပန(နိုင်)၂၁၈၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၅၂၆၀၃၇၃

ပျောက်ဆုံးကြောင်း
ခင်မောင်ဇော်(ဘ)ဦးလှပု ၈/နမန(နိုင်) ၁၃၅၀၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၄၇၆၆၇၇၂

ပျောက်ဆုံးကြောင်း
သင်းသင်းဌေး(ဘ)ဦးအုန်းမြင့် ၉/ဓရတ(နိုင်) ၁၂၀၆၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၆၆၀၄၄၄၆၄၁

ပျောက်ဆုံးကြောင်း
မေသဇင်လွင်(ဘ)ဦးခင်မောင်လွင် ၁၂/မဂတ(နိုင်)၀၉၀၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 955256)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၇၇၄၁၈၃၁

ပျောက်ဆုံးကြောင်း
မင်းခန့်ဇာနည်လွင်(ဘ)ဦးခင်မောင်လွင် ၁၂/မဂတ(နိုင်)၁၁၃၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 365729)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၃၀၂၉၀၀၀

ပျောက်ဆုံးကြောင်း
ကျော်မျိုး(ဘ)ဦးချစ်အောင် ၅/ယမပ(နိုင်)၁၂၆၇၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 448818)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၅၉၄၆၆၄၆၆

ပျောက်ဆုံးကြောင်း
ရန်ချူးလီ(ဘ)ဦးရန်စူဝင်း ၁၃/တယန(ပြု)၀၀၀၂၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၈၀၀၈၈၀၀၁၃

ပျောက်ဆုံးကြောင်း
မောင်ကျော်ရဲအောင်(ဘ)ဦးညွှန့်ဦး ၅/ဒပဃ(နိုင်)၁၁၃၀၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 357249)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၃၇၅၈၄၇၈

စပါးအသင်းနည်းပြသောမတ်စ်ဖရန့် မန်စီးတီးအသင်းကို မတူညီသည့်အသင်းနှစ်သင်းဖြင့် အဝေးကွင်း၌ အနိုင်ရရှိသော တတိယမြောက်နည်းပြဖြစ်လာ

မန်ချက်စတာ သြဂုတ် ၂၅

မန်စီးတီးအသင်းကို အနိုင်ရရှိသော စပါးအသင်းနည်းပြသောမတ်စ်ဖရန့်သည် မတူညီသည့်အသင်းနှစ်သင်းဖြင့် အဝေးကွင်း၌ အနိုင်ရရှိသော တတိယမြောက်နည်းပြဖြစ်လာကြောင်း သိရသည်။

စပါးအသင်းသည် မန်စီးတီးအသင်းအိမ်ကွင်း၌ ပရီမီးယားလိဂ်ပွဲစဉ်(၂)အဖြစ် ယှဉ်ပြိုင်ကစားရာ ၂ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါနိုင်ပွဲကြောင့် စပါးအသင်းနည်းပြ သောမတ်စ်ဖရန့်သည် မတူညီသည့်အသင်းနှစ်သင်းဖြင့် နည်းပြဂါဒီယိုလာကိုင်တွယ်နေသည့် မန်စီးတီးအသင်းကို အဝေးကွင်း၌ အနိုင်ရရှိသော တတိယမြောက်နည်းပြဖြစ်လာခြင်းဖြစ်သည်။

နည်းပြသောမတ်စ်ဖရန့်သည် မန်စီးတီးအသင်းကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်က ဘရန့်ဖို့ဒ်အသင်းနှင့်အတူ အဝေးကွင်း၌ ၂ ဂိုး-၁ ဂိုးဖြင့် အနိုင်ရရှိပြီး ယခုအခါ စပါးအသင်းနည်းပြအဖြစ် ကိုင်တွယ်ခွင့်ရချိန် ပရီမီးယားလိဂ်ပွဲစဉ်(၂) အဝေးကွင်းပွဲစဉ်တွင်လည်း ၂ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ယင်းနိုင်ပွဲကြောင့် စပါးအသင်းအနေဖြင့်လည်း မန်စီးတီးအသင်းကို ပရီမီးယားလိဂ်အဝေးကွင်းပွဲစဉ် ငါးပွဲဆက် ဦးဆောင်ဂိုးသွင်းယူနိုင်သည့် ပထမဆုံးအသင်းဖြစ်လာသကဲ့သို့ ၁၉၉၃-၂၀၀၂ ခုနှစ်အတွင်း ဘလက်ဘန်းအသင်းပြီးနောက် မန်စီးတီးအသင်းကို အဝေးကွင်း၌ ငါးပွဲဆက်ဦးဆောင်ဂိုးသွင်းယူထားနိုင်သော ဒုတိယမြောက်အသင်းဖြစ်လာသည်။

စပါးအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းနှင့်အတူ ယူရိုပါလိဂ်ဖလားရရှိခဲ့သည့်နည်းပြ ပိုစတီကိုအားထုတ်ပယ်ပြီး ဘရန့်ဖို့ဒ်အသင်းနည်းပြသောမတ်စ်ဖရန့်ကို ခန့်အပ်ခဲ့ခြင်းဖြစ်ကာ ၎င်းလက်ထက်တွင် စပါးအသင်းသည် ပရီမီးယားလိဂ်အိမ်ကွင်း၊ အဝေးကွင်း အဖွင့်ပွဲစဉ်နှစ်ပွဲစလုံး အနိုင်ရရှိထားကြောင်း သိရသည်။ ***Ref; Goal.com***

ပီအက်စ်ဂျီအသင်းဂိုးသမား ဒွန်နာရမ်မာ မန်စီးတီးအသင်းသို့ပြောင်းရွှေ့ကစားရန် ပုဂ္ဂိုလ်ရေးဆိုင်ရာသဘောတူညီမှုရရှိထား

ပါရီ သြဂုတ် ၂၅

ပီအက်စ်ဂျီအသင်းဂိုးသမား ဒွန်နာရမ်မာသည် မန်စီးတီးအသင်းသို့ပြောင်းရွှေ့ကစားရန် ပုဂ္ဂိုလ်ရေးဆိုင်ရာသဘောတူညီမှုရရှိထားကြောင်း သိရသည်။

ဂိုးသမားဒွန်နာရမ်မာသည် နည်းပြအင်းနရစ်နှင့် အဆင်မပြေဖြစ်ပြီး ယခုလအစောပိုင်းကတည်းက ပီအက်စ်ဂျီအသင်းနှင့်လမ်းခွဲရန် ထုတ်ဖော်ပြောဆိုခဲ့ပြီးဖြစ်ကာ မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာ၏ လက်အောက်တွင်ကစားရန် ဆန္ဒရှိနေသည်။

အသက် ၂၆ နှစ်အရွယ် ဂိုးသမား ဒွန်နာရမ်မာကို ဥရောပအသင်းကြီးများက ခေါ်ယူလိုသော်လည်း ပီအက်စ်ဂျီအသင်း၏တောင်းဆိုချက်ကို မလိုက်လျောနိုင်ဘဲ ယခုအခါ မန်စီးတီးအသင်းနှင့်ပုဂ္ဂိုလ်ရေးဆိုင်ရာ သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

ဂိုးသမား ဒွန်နာရမ်မာနှင့် မန်စီးတီးအသင်းတို့ကြား သဘောတူညီချက်ရရှိပြီးဖြစ်သော်လည်း လက်ရှိတွင် အပြီးသတ်ပြောင်းရွှေ့ကြေးကို အတည်မပြုရသေးဘဲ ပြောင်းရွှေ့ကြေး ပေါင် ၄၃ ဒသမ ၃ သန်းဖြင့် ကနဦးပေးချေရဖွယ်ရှိနေသည်။

မန်စီးတီးအသင်းသည် စပါးအသင်းကိုရှုံးနိမ့်သည့် ပွဲစဉ်တွင် အမှားအယွင်းများရှိခဲ့သည့် ဂိုးသမား ထရက်ဖို့ဒ်ကြောင့် ဒွန်နာရမ်မာကိုခေါ်ယူရန် ပိုမိုကြိုးပမ်းလာခြင်းဖြစ်ကာ လက်ရှိတွင် ပီအက်စ်ဂျီအသင်းတာဝန်ရှိသူများနှင့် စတင်ဆွေးနွေးနေပြီဖြစ်ကြောင်း သိရသည်။

Ref; Fabrizio Romano



လိဒ်အသင်းကို အနိုင်ရရှိသည့်ပွဲစဉ်တွင် ဆာကာနှင့်အိုဒီဂတ်တို့ ဒဏ်ရာရရှိခဲ့ကြောင်း အာဆင်နယ်အသင်းနည်းပြ အာတီတာ အတည်ပြု



လန်ဒန် သြဂုတ် ၂၅

အာဆင်နယ်အသင်းနည်းပြ အာတီတာက လိဒ်အသင်းနှင့် ယှဉ်ပြိုင်ကစားသည့် ပရီမီးယားလိဂ်ပွဲစဉ်တွင် အသင်း၏ ကစားသမားများဖြစ်ကြသော ဆာကာနှင့် အိုဒီဂတ်တို့ ဒဏ်ရာရရှိခဲ့ကြောင်း အတည်ပြုပြောကြားသည်။

အာဆင်နယ်အသင်းသည် ပရီမီးယားလိဂ်ပွဲစဉ်(၂) အဖြစ် ယှဉ်ပြိုင်ကစားသည့် လိဒ်အသင်းနှင့် အိမ်ကွင်းပွဲစဉ်၌ အသင်း၏အဓိက ကစားသမားများဖြစ်ကြသည့် တိုက်စစ်မှူး ဆာကာနှင့် အသင်းခေါင်းဆောင် အိုဒီဂတ်တို့ ဒဏ်ရာရရှိခဲ့ကြောင်း နည်းပြ အာတီတာက အတည်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် အသင်းခေါင်းဆောင် အိုဒီဂတ်သည် ပခုံးဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကာ ပွဲကစားချိန် ၃၈ မိနစ်တွင် လူငယ်ကစားသမား အီသန်နဝမ်နရီနှင့် လူစားလဲပြီး တိုက်စစ်မှူးဆာကာသည် ဒုတိယပိုင်း ၅၃ မိနစ်တွင် တံကောက်ကြောဒဏ်ရာကြောင့် ထရိဆတ်နှင့် လူစားလဲခဲ့ရသည်။

တိုက်စစ်မှူးဆာကာသည် ယင်းပွဲစဉ် ပထမပိုင်းပြီးဆုံးခါနီး အချိန်ပိုတစ်မိနစ်တွင် ခံစစ်ကစားသမား တင်ဘား၏ဖန်တီးပေးမှုမှတစ်ဆင့် ဒုတိယဦးဆောင် ဂိုးသွင်းယူနိုင်သကဲ့သို့ အာဆင်နယ်အသင်းအနေဖြင့်လည်း ၅ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အာဆင်နယ်အသင်းနည်းပြ အာတီတာက ပြီးခဲ့သည့်ဘောလုံးရာသီက တံကောက်ကြောဒဏ်ရာရရှိခဲ့ပြီး လေးလခန့်အနားယူခဲ့ရသည့် တိုက်စစ်မှူး ဆာကာသည် ယခုအခါ တံကောက်ကြောဒဏ်ရာထပ်မံရရှိခြင်းကြောင့် ၎င်းအတွက် စိုးရိမ်ရကြောင်း ပြောကြားခဲ့သည်။

နည်းပြအာတီတာက "အသင်းခေါင်းဆောင် အိုဒီဂတ်နဲ့ ဆာကာတို့ လိဒ်အသင်းနဲ့ပွဲစဉ်မှာ ဒဏ်ရာရရှိခဲ့ကြပါတယ်။ ဆာကာရဲ့ဒဏ်ရာက စိုးရိမ်ရပါတယ်။ သူက တိုက်စစ်ဆင်ချိန် ပြိုင်ဘက်နောက်ခံကစားသမားနဲ့ရင်ဆိုင်ခဲ့ရပြီး တံကောက်ကြောက နာကျင်မှုဝေဒနာကို ခံစားခဲ့ရတာပါ။ ပြီးခဲ့တဲ့ရာသီက ရခဲ့တဲ့ဒဏ်ရာနဲ့မတူပါဘူး။ ဒါက တခြားတံကောက်ကြောဒဏ်ရာလို့ ယူဆရပါတယ်။ အခြေအနေစိုးရိမ်ရလို့ လူစားလဲခဲ့ရတာပါ။ ရာသီစတာ နှစ်ပတ်ပဲ ရှိသေးတဲ့အချိန်မှာ အဓိကကစားသမားတွေ ဒဏ်ရာရနေတာ အသင်းအတွက် စိုးရိမ်စရာကောင်းပါတယ်။ ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ပရီမီးယားလိဂ်မှာ ကစားသမားအင်အား ဘယ်လောက်အထိတောင့်တင်းဖို့ လိုသလဲဆိုတာ ပြသလိုက်တာပါပဲ"ဟု ပြောသည်။

အာဆင်နယ်အသင်းသည် သြဂုတ်လ ၃၁ ရက်တွင် လီဗာပူးအသင်းနှင့် အဝေးကွင်းပွဲစဉ် သွားရောက်ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဆာကာနှင့် အိုဒီဂတ်တို့ ဒဏ်ရာရရှိခဲ့သည့်အပြင် မကြာသေးမီက တိုက်စစ်မှူးဟာဗက်ပါ ဒူးဒဏ်ရာကြောင့် ကာလကြာရှည်အနားယူခဲ့ရပြီး လက်ရှိတွင် အသင်း၌ ဒဏ်ရာရကစားသမား ခြောက်ဦးရှိလာပြီဖြစ်ကြောင်း သိရသည်။

Ref; Fotmob

ဖူဟမ်အသင်းနှင့်ပွဲစဉ်တွင် မန်ယူအသင်း ပယ်နယ်တီ ကန်သွင်းမှု လွဲချော်ခဲ့ခြင်းမှာ ကွင်းလယ်ဒိုင်လူကြီးကြောင့်ဟု မန်ယူအသင်းပရိသတ်တချို့ ပြောဆို

မန်ချက်စတာ သြဂုတ် ၂၅

ဖူဟမ်အသင်းနှင့်ပရီမီးယားလိဂ်ပွဲစဉ်တွင် မန်ယူအသင်း ပယ်နယ်တီကန်သွင်းမှုလွဲချော်ခဲ့ခြင်းမှာ ကွင်းလယ်ဒိုင်လူကြီးကြောင့်ဟု မန်ယူအသင်းပရိသတ်တချို့က ပြောဆိုခဲ့ကြောင်း သိရသည်။

မန်ယူအသင်းသည် တစ်ဂိုးစီသရေရလဒ်ရရှိသည့် အဆိုပါပွဲစဉ်၌ ပွဲချိန် ၃၈ မိနစ်တွင် ပယ်နယ်တီ ဧရိယာအတွင်း တိုက်စစ်မှူးမေဆင်မောင့်ကို ဖူဟမ်အသင်း ခံစစ်ကစားသမား ကယ်လ်ဗင်ဘက်ဆီက ဆွဲလဲခဲ့ခြင်းကြောင့် ပယ်နယ်တီရရှိခဲ့ပြီး အဆိုပါ ပယ်နယ်တီကို အသင်းခေါင်းဆောင် ဖာနန်ဒက်စ်က ကန်သွင်းခွင့်ရခဲ့သည်။

သို့သော် ပယ်နယ်တီကန်သွင်းရန် ပြင်ဆင်နေသည့် ဖာနန်ဒက်စ်ကို ကွင်းလယ်ဒိုင်လူကြီးက မတော်တဆ ဝင်ရောက်တိုက်မိခဲ့သည့်အတွက် ၎င်းက စောဒက တက်ခဲ့ပြီး ပယ်နယ်တီကန်သွင်းချိန်တွင်လည်း လွဲချော်ခဲ့ရကာ ဦးဆောင်ဂိုးရရှိမည့်အခွင့်အရေးကို ဆုံးရှုံးခဲ့ရသည်။

ထို့ကြောင့် မန်ယူအသင်းပရိသတ်တချို့နှင့် အသင်း ဂန္ထဝင်ကစားသမား ဂယ်ရီနဗီးတို့က ပယ်နယ်တီ လွဲချော်ခဲ့ခြင်းမှာ ကွင်းလယ်ဒိုင်လူကြီးကြောင့် ဖာနန်ဒက်စ်ကို အာရုံထွေပြားစေခဲ့ပြီး လွဲချော်ခဲ့ခြင်းဖြစ်သည်ဟု ပြောဆိုခဲ့ကြောင်း သိရသည်။

Ref; Fotmob


ငါးမွေးမြူရေးကန်များရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန်သတိပေးနှိုးဆော်အပ်ပါသည် -

- ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇလပြာပိုက်များဖြင့်ကာရံထားပါရန်၊
- ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီးဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- သို့လှောင်ထားသောငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ရွှေ့ပြောင်းထားပါရန်၊
- ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
- ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများကြိုတင်ပြင်ဆင်ထားပါရန်၊
- နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသ သတိပေးချက်များနှင့်ပတ်သက်သည့်သတင်းများကို အမြဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ



မွန်ပြည်နယ်၌ ဖမ်းဆီးရမိမှု။



အကောက်ခွန်ဦးစီးဌာန၏ ဖမ်းဆီးရမိမှု။

ကေပြည်တော် ဩဂုတ် ၂၅

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ **ဩဂုတ်လ ၂၂ ရက်**တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ်၊ သာယာကုန်းကျေးရွာ၌ မော်တော်ယာဉ်(၄)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၅၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၂၃၃၆၆၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck (၂)စီး၊ Hino Profia Truck (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀၀)၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ်၄၂၃၃၆၆၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဩဂုတ်လ ၁၅ ရက်**တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပေါင်မြို့နယ်၊ သဲဖြူကုန်းကျေးရွာအနီး၌ မော်တော်ယာဉ် (၃)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁၁)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၉၄၆၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck (၃)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၄၆၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဩဂုတ်လ ၂၄ ရက်**တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပြည်ခရိုင်အတွင်း၌ တရားမဝင်အခြားသစ် (၁ ဒသမ ၀၈၄)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၅၆၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ **ဩဂုတ်လ ၂၂ ရက်နှင့် ၂၃ ရက်နေ့**တို့တွင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့်တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ဒါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် (၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၈)မျိုး၊ စားသောက်ကုန်ပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၉၅၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Condor Truck (၁)စီး၊ Young Man Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀)ကို လည်းကောင်း၊ ရွာငံခရိုင်၊ မြို့ကြီးအနီး၌ မော်တော်ယာဉ် (၁၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၇၁)မျိုး၊ လုပ်ငန်းသုံးပစ္စည်း(၁၂)မျိုး၊ စားသောက်ကုန်ပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၃၁၂၈၂၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck (၅)စီး၊ Mitsubishi Fuso Truck (၄)စီး၊ Hino Profia Truck (၁)စီး၊ Dong Feng Tractor Head (၁)စီး၊ Scania Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၂)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၆၀၀၀၀၀၀)ကို လည်းကောင်း၊ တာချီလိတ်မြို့နယ်၊ စွတ်ဆိုင်ကျေးရွာအနီးရှိ ခြံဝင်းတစ်ခုအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁၀)မျိုး၊ စားသောက်ကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၀၅၅၀၀)ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ (၅)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း (၄)မျိုး၊ လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၉၆၁၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဩဂုတ်လ ၂၄ ရက်**တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ်(၈)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၃၃)စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်၊ ၂၂ ရက်၊ ၂၃ ရက်၊ ၂၄ ရက်၊ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၆၇)မှု**



ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှု။



မြန်မာသီလဝါဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

သည်။ **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၇၃၃၉၇၆၃၃)**ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။ **မြဝတီ**

ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲမေးခွန်းနမူနာပုံစံများအား လေ့လာနိုင်ကြောင်း အသိပေးခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် မေးခွန်းနမူနာပုံစံများအား Myawady Webportal (www.myawady.net.mm/cadets)နှင့် Myanmar National Portal (www.myanmar.gov.mm/documents) တို့တွင် ကြည့်ရှုလေ့လာနိုင်ပါသည်။

စစ်ရာထူးခန့်ချုပ်ရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး)ဗိုလ်လောင်းလျှောက်လွှာများအား ၂၈-၇-၂၀၂၅ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၅-၉-၂၀၂၅** ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများနှီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး(ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

စစ်ရာထူးခန့်ချုပ်ရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သဃ်နိုးကျွန်းမြို့နယ်၊ လေးထောင့်ကန့်လမ်းမကြီး၊ သံသုမာလမ်းမကြီး၊ အထက်ပုဇွန်တောင်လမ်းမကြီး၊ သမိန်ဗရမ်းလမ်းမကြီးများတစ်လျှောက် လမ်းမီးဓာတ်အားလိုင်းတည်ဆောက်ခြင်းနှင့် လမ်းမီးများတပ်ဆင်ခြင်းလုပ်ငန်းအတွက် လိုအပ်သောပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံများနှင့် အချက်အလက်များကို ဌာနမှသတ်မှတ်နှုန်းထားအတိုင်း(၂၈-၈-၂၀၂၅) ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၁၂-၉-၂၀၂၅)ရက်နေ့၊ (၁၄:၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဌာနသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ခရိုင်(၄)ခရိုင်အတွင်းရှိမြို့နယ်များအတွက် ထရန်စဖော်မာဆက်စပ်ပစ္စည်းများ ၀.၄ ကေဗွီကောင်းကင်ဓာတ်အားလိုင်း၊ ကန်ထရိုက်တိုက်သို့ Service Wire ဆွဲသားခြင်းနှင့် Meter အဝင် Connection ပြုလုပ်ရန်အတွက် လိုအပ်သောပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံများနှင့်အချက်အလက်များကို ဌာနမှသတ်မှတ်နှုန်းထားအတိုင်း(၂၆-၈-၂၀၂၅) ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၉-၉-၂၀၂၅)ရက်နေ့၊ (၁၄:၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဌာနသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

ကန့်ကွက်နိုင်ပါသည်

MANI LAWKA COMPANY LIMITED အား U MIN AUNG (12/BAHANA(N)020659)မှ မန်နေးဂျင်းဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ယခုအခါ U MIN AUNG **MANI LAWKA COMPANY LIMITED** မှ ဒါရိုက်တာ MIN THAN HTUT AUNG (12/BAHANA(N)093100)မှ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ MIN THAN HTUT AUNG မှ **MANI LAWKA COMPANY LIMITED** ၏ဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်ခြင်းအပေါ် ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာပါသည့် နေ့မှ(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း သိစေအပ်ပါသည်။

MIN THAN HTUT AUNG
[12/BAHANA(N)093100]
ဖုန်း၊ ၀၉-၅၁၃၆၀၀၇

YI SHEIN COMPANY LIMITED
မြန်မာနိုင်ငံလှုပ်ခဲယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ(၁၄၇) အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ(၂၅)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော ဒါရိုက်တာအဖွဲ့ဝင်များ၏ အထူးအစည်းအဝေးတွင် မန်နေးဂျင်းဒါရိုက်တာဖြစ်သူ ဦးသန်းထွန်းမှ သဘာဝပတိအဖြစ်ဆောင်ရွက်ပြီး အောက်ဖော်ပြပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ပါသည်။

၁။ ကုမ္ပဏီကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ အစုရှယ်ယာရှင်များ၏ဆန္ဒအရ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ(၂၅)ရက်နေ့မှစ၍ စာရင်းရှင်းဖျက်သိမ်းရန် သဘောတူဆုံးဖြတ်ကြပါသည်။

၂။ ကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကိစ္စအားဆောင်ရွက်နိုင်ရန်အတွက် ဦးရှင်ငြိမ်း (LL.B)တရားလွှတ်တော်ရှေ့နေ(စဉ်-၄၆၄၄)အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ Liquidator အဖြစ်ခန့်အပ်ရန် သဘောတူဆုံးဖြတ်ကြပါသည်။

၃။ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ ကုမ္ပဏီမြီရှင်များသည် မိမိတို့၏ကြွေးမြီတောင်းခံလွှာများကို (၁)လအတွင်း နောက်ဆုံးထားကာ သက်သေပြစာရွက်စာတမ်းအထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

U SHIN NYEIN	**U THAN TUN**
ADVOCATE (SR. NO. 4644)	**Managing Director**
LIQUIDATOR	**YI SHEIN COMPANY LIMITED**
MAIP MEMBERSHIP No.00173	

တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ငူမြို့နယ်၊ အ.ထ.က(လေးဖိုင်)မှ အလယ်တန်းပြဆရာမ(ဘ)ဦးမြသန်း၏သမီး ဒေါ်နန်းခင်သီတာချို ၇/တင နှ(နိုင်)၀၀၃၆၆၅၅ နှင့် မခင်သီတာချို မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

နန်းခင်သီတာချို(ခ)မခင်သီတာချို

ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်နေမောင်ပြည့်စုံအောင်(ဘ)ဦးအောင်သူ ၉/ပဥလ(နိုင်)၀၇၄၈၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MK 016126)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၀၁၈၄၇၈၄

တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ငူမြို့နယ်၊ အ.ထ.က(လေးဖိုင်)မှ အလယ်တန်းပြဆရာမ ဒေါ်ခင်ထွေးမြင့် ၇/တင နှ(နိုင်)၀၉၈၆၄၈ ၏ဖခင် ဦးထွေးနှင့် ဦးချစ်ထွေး ၇/တင နှ(နိုင်)၁၀၈၂၆မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးထွေး(ခ)ဦးချစ်ထွေး

တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ငူမြို့နယ်၊ အ.ထ.က(လေးဖိုင်)မှ အလယ်တန်းပြဆရာမ ဒေါ်ဖြူဖြူအောင် ၇/တင နှ(နိုင်)၁၃၆၆၄၄၄မှာ ၎င်း၏ဖခင် ဦးကြီးမြင့်နှင့် ဦးကြည်မြင့် ၇/တင နှ(နိုင်)၁၄၆၈၄၄မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးကြီးမြင့်(ခ)ဦးကြည်မြင့်

တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ငူမြို့နယ်၊ အ.ထ.က(လေးဖိုင်)မှ အထက်တန်းပြဆရာမ ဒေါ်ခင်သူဇာအောင် ၇/တင နှ(နိုင်)၁၁၀၄၂၂ ၏ဖခင် ဦးရဲအောင်နှင့်ဦးလှမြင့် ၇/တင နှ(နိုင်)၀၅၃၆၆၄မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးရဲအောင်(ခ)ဦးလှမြင့်

တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ငူမြို့နယ်၊ အ.ထ.က(လေးဖိုင်)မှ အလယ်တန်းပြဆရာမ ဒေါ်သောဘီဇူး ၇/တင နှ(နိုင်)၁၀၁၃၀၅ ၏ဖခင် ဦးထွေးနှင့် ဒေဗီလားမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးဘာဇူး(ခ)ဒေဗီလား

အမည်မှန်

တောင်ငူမြို့၊ အ.ထ.က(နတ်စင်ကုန်း)မှ G-12 အောင်မြင်သော အဘ ဦးဇော်လင်း ၇/ကကန(နိုင်)၀၈၆၇၁၁ ၏သားဖြစ်သူ စောကတော်ဂေါ်၏အမည်မှန်မှာ စောကတော်ကော်ဖြစ်ကြောင်း၊ အိမ်ထောင်စုစာရင်းရှိ စောကတော်ဂေါ်အား စောကတော်ကော်ဟု ပြောင်းလဲပြင်ဆင်ရန်။ **စောကတော်ကော်**

ပျောက်ဆုံးကြောင်း

စိမ်းမိုမို့(ဘ)ဦးတိုးဝင်း ၁၄/ညတန(နိုင်)၁၀၉၂၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(ME 886368)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

ပျောက်ဆုံးကြောင်း

ကြည်ကြည်တင့်(ဘ)ဦးဘိုတင့် ၈/ဂဂန(နိုင်)၀၀၅၂၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

ပျောက်ဆုံးကြောင်း

သင်းသင်းခိုင်(ဘ)ဦးတင်ဌေး ၉/မလန(နိုင်)၀၀၂၆၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၆၃၅၃၃၀၀၇၉

ပျောက်ဆုံးကြောင်း

ဆွေးရဲမဲကျဲရဲ(ဘ)ဦးဘွိုင်ကျူး ၅/ကလထ(နိုင်)၃၂၅၈၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

ပျောက်ဆုံးကြောင်း

လီလီ(ဘ)ဦးစေထန်း ၅/ကလထ(နိုင်)၂၁၂၀၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

ဖခင်အမည်မှန်

ပဲခူးမြို့၊ အ.ထ.က(ဖ)ကျောင်း၊ Grade-9 တွင် ပညာသင်ကြားနေသော မောင်ကောင်းထက်မြတ်၏ဖခင်အမည်မှန်မှာ ဦးဝတုတ်ဖြစ်ပါကြောင်း။

ဦးဝတုတ်

ပျောက်ဆုံးကြောင်း

ကျောက်ပန်းတောင်းမြို့နယ်၊ ပေါက်ပင်စွန်းရွာနေ မို့မို့ဇင်(ဘ)ဦးမင်းလတ်၉/ကပတ(နိုင်)၃၂၀၂၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၃၂၇

ပျောက်ဆုံးကြောင်း

လှိုင်သာယာ(အရှေ့)မြို့၊ အမှတ်(၄) ရပ်ကွက်၊ FMI CITY၊ D-69 နေ တင်အောင်ကျော်(ဘ)ဦးကြည်၉/နထက(နိုင်)၀၉၆၄၃၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 203996)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀၁၃၄၃၀၇

ပျောက်ဆုံးကြောင်း

ပဲခူးမြို့နေ နိုင်လင်းမြင့်(ဘ)ဦးမောင်၀င်း ၇/ပခန(နိုင်)၄၅၄၆၄၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 395889)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

ပျောက်ဆုံးကြောင်း

ရန်ပိုင်စိုး(ဘ)ဦးသန်းလှိုင် ၁၄/ကခန(နိုင်)၁၆၃၂၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MI 687829)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၈၉၃၃၃၅၄၄

ပျောက်ဆုံးကြောင်း

မဆူးလန်(ဘ)ဖီးကျားလုံ ၁၃/ကလတ(နိုင်)၀၀၀၃၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၃၂၇

မိခင်အမည်မှန်

ပဲခူးမြို့၊ အ.ထ.က(ဖ)ကျောင်း၊ Grade-9 တွင် ပညာသင်ကြားနေသော မဝတ်ရည်အောင်၏မိခင်အမည်မှန်မှာ ဒေါ်ကျင်ကျင်ဝင်းဖြစ်ပါကြောင်း။

ဒေါ်ကျင်ကျင်ဝင်း

ပျောက်ဆုံးကြောင်း

သန့်စင်ကို(ဘ)ဦးအောင်ကိုကို ၁၂/အလန(နိုင်)၀၅၀၄၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 785266)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၅၈၄၉၃၆

အလိမ္မာ စာမှာရှိ


AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services
LANN PYI MARINE
COMPANY LIMITED
No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar.
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com


ပဒုမ္မာဆပ်ပြာ
ရေမွှေဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်မြို့နယ်)မှ ဒေတိုစက်ကြီးများဖြင့်
အညှော်အသွေးပြည့်ဝီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊
ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊
လက်ကား၊ ဝယ်ယူအားပေးနိုင်ပါပြီ...
ဝဠ ၀၈၁ ၈၄၈ ၆၉၉၊ ဝဠ ၀၉၃ ၀၃၂ ၆၁၆၊
PADONMAR


မြင်ဦးလွင်
နှံ့ဝံမြိုင်ကော်ဖီ
PURE ARABICA COFFEE
PYIN OO LWIN
NAN MYAING
PURE ARABICA Coffee
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄


Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
အငြိမ်းစား လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။
ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ချုပ်ညွှန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
Myanmar MOBILE MONEY

❖ တိုင်းပြည်တစ်ခုရဲ့အချုပ်အခြာအာဏာဆိုတာ သူတို့ကို မထိခိုက်ဘူးဆိုရင် တော်တော်များများက မလုပ်ကြဘူး။ သူတို့ရဲ့အချုပ်အခြာအာဏာထိခိုက်လာပြီဆိုရင်တော့ ပြန်လည်တုံ့ပြန်ကြရမှာတော့ သဘာဝပဲ . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေလ ၈ ရက်နေ့တွင် ရုရှားနိုင်ငံ RT သတင်းဌာန၏ မေးမြန်းမှုများကိုဖြေကြားချက်မှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။


နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိ ကမ္ဘာကျော် ဂုတ်ထိပ်မီးရထားလမ်းတံတားအား TNLA အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုအပေါ် အဖွဲ့အစည်းအသီးသီးမှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားများ ထုတ်ပြန်

နေပြည်တော် ဩဂုတ် ၂၅

နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိ ကမ္ဘာကျော်ဂုတ်ထိပ်မီးရထားလမ်းတံတားသည် မြန်မာနိုင်ငံ၏ အမြင့်ဆုံးနှင့် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံးတံတား၊ ကမ္ဘာ့အကြီးဆုံး မီးရထားသံလမ်းတံတားဖြစ်ပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ နောင်ချိုမြို့နှင့် ကျောက်မဲမြို့ကို ဆက်သွယ်ထားသည့် မန္တလေး-လားရှိုး ရထားလမ်းပေါ်တွင် တည်ရှိသည်။ အဆိုပါ ဂုတ်ထိပ်တံတားအား TNLA အကြမ်းဖက်သောင်းကျန်းသူများက ဩဂုတ်လ ၂၄ ရက် နံနက်ပိုင်းတွင် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် ကျောက်မဲမြို့ဘက်ခြမ်း၊ တံတားတိုင်အမှတ်(P-16)နှင့် ကမ်းကပ်ခုံ(AB-2)နေရာတို့အကြား ပေ ၆၀ အရှည်ရှိ တံတားသံပေါင်နေရာနှင့် တံတား၏ကမ်းကပ်ခုံ(AB-2)တို့ ပျက်စီးသွားခဲ့ရသည်။

မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားတစ်ခုဖြစ်ပြီး ကမ္ဘာ့အံ့ဖွယ်စာရင်းတွင်လည်း ပါဝင်ခဲ့သည့် နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိ ကမ္ဘာကျော်ဂုတ်ထိပ်မီးရထား စာမျက်နှာ ၂၄ ကော်လံ ၁ ❐

တိုင်ဖွန်းမုန်တိုင်း “ကဂျိကိ”၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းများဖြစ်ပေါ်နိုင်



နေပြည်တော် ဩဂုတ် ၂၅

တိုင်ဖွန်းမုန်တိုင်း “ကဂျိကိ”အခြေအနေ

ယနေ့ည‌နေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ တုံကင်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း “ကဂျိကိ”(KAJIKI)သည် အနောက်ဘက်သို့ရွေ့လျားခဲ့ပြီး ဗီယက်နမ်နိုင်ငံကမ်းခြေကို ဗဒ္ဓဖြို့ အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ကာ ဗီယက်နမ်နိုင်ငံ ကုန်းတွင်းပိုင်းဒေသများကို ဆက်လက်ဖြတ်ကျော်လျက်ရှိသည်။

နောက် ၂၄ နာရီအတွင်းခန့်မှန်းချက်

အဆိုပါတိုင်ဖွန်းမုန်တိုင်း “ကဂျိကိ” သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၉ နာရီအတွင်းဗီယက်နမ်နိုင်ငံ ကုန်းတွင်းပိုင်းတွင် အားကောင်းသောအပူပိုင်းမုန်တိုင်းအဖြစ်သို့ လည်းကောင်း၊ နောက် ၁၈ နာရီအတွင်း စာမျက်နှာ ၆ ကော်လံ ၁ ●

နောက် ၄၈ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၂၅

ယနေ့ည‌နေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း(အိန္ဒိယနိုင်ငံ ဩရိသပြည်နယ်ကမ်းလွန်-အနောက်ဘင်္ဂလားပြည်နယ် ကမ်းခြေ)တို့တွင် နောက် ၄၈ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း (Low Pressure Area) တစ်ခုဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/၈လ)

အာရှချန်ပီယံလိဂ် အမျိုးသမီးကလပ်ခြေစစ်ပွဲတွင် မြန်မာကလပ် I.S.P.E FC အသင်းက ဂူအမ်ကလပ် Strykers FC အသင်းကို ဂိုးပြတ်အနိုင်ရရှိ



ရန်ကုန် ဩဂုတ် ၂၅

AFC Women’s Championship League (AWCL) 2025/2026 ပြိုင်ပွဲ၏ Preliminary Stage ပြိုင်ပွဲကို ယနေ့ည‌နေပိုင်းတွင် ရန်ကုန်မြို့ ဝေဇယန္တာလမ်းရှိ လူငယ်အားကစား လေ့ကျင့်ရေးစခန်း သုဝဏ္ဏဘောလုံးကွင်းတွင်ကျင်းပရာ မြန်မာကလပ် I.S.P.E FC အသင်းက ဂူအမ်ကလပ် Strykers FC အသင်းကို ၉ ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိကြောင်းသိရသည်။

ပွဲကစားချိန် ၅ မိနစ်တွင် မေထက်လူရဲ့ခေါင်းတိုက်သွင်းမှုအား Strykers ကစားသမားများ ဖျက်ထုတ်ရင်း စာမျက်နှာ ၁၅ ကော်လံ ၁ ⊃

